
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ထုတ်ဝေခြင်း | - ၂၀၁၄ခုနှစ်အောက်တိုဘာလပထမအကြိမ် |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - (၁၀၀) ကျပ် |
| ထုတ်ဝေသူ | - ဦးသက်လွင်(သစ္စာမွန်စာပေ)(ယ-၂၂၄၀)၊ အမှတ်(၃၈)၊ မလွှကုန်းလမ်း ကျောက်မြောင်း တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - ဒေါ်အိမွန်သက်လွင် (မြ-၀၈၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊ တာမွေလမ်း တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - Lလင်း |
| ကွန်ပျူတာ | - ပန်းအိစံ |
| မြန်မာရေး | - တူးတူး (သစ္စာမွန်) |
| အတွင်းဖလင် | - ကိုအောင်ကျော် |
| စာအုပ်ချုပ် | - သစ္စာမွန် |

သစ္စာမွန် (T.S.M) Publishing Centre မှ တာဝန်ယူစီစဉ်ပါသည်။

ရ၉၅.၈၃

ရွှေဘဝင်

မော်ဝင်ကြီး/ရွှေဘဝင်၊ -ရန်ကုန်

သစ္စာမွန်စာပေ၊ ၂၀၁၄၊

၂၃၄ - စာ၊ ၁၂ × ၁၈ စင်တီ၊

(၁) မော်ဝင်ကြီး


## အမှာ

ဟင်း...

ပထမရိုက်ရန်ချိန်ရွယ်ထားသော ရိုက်ကွင်းထဲသို့ ရောက်ရှိလာသော သဏ္ဌာန်တစ်ခု ကောင်းကင်က ပြုတ်ကျလာ သလားထင်မှတ်ရသော နတ်သမီးလေးတစ်ပါး နှဒီရိုင်း ကင်မရာ ထဲသို့ရောက်ရှိလာသည်။

ကင်မရာလေပုတ်ဆီသို့ စတ္တန်ကြာမှ လက်ကလေး မရောက်ဘဲ သူမ၏အလှတရားလေးကို ငေးကြည့်ရင်း ကင်မရာ ဇူး(မ်) ကိုအနီးဆုံးထိ ဆွဲတင်လိုက်ပြီး အသက်ရှူသံလေးတွေ ရပ်တန့်သွားသည်အထိ ကြည့်ပြီးမှ စိတ်တိုင်းကျ ရိုက်ယူလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



နဒီရိုင်း၏ ကင်မရာရိုက်ချက်ကို သူမ ဂရုမပြုမိသည် မှာ ထိုသို့ရိုက်ကူးနေသည်ကိုမသိနိုင်ခြင်းကြောင့်ဖြစ်သည်။ နဒီရိုင်း ရိုက်ကွင်းကို နေရာယူထားသည့် နေရာမှာ ပေါ်ပေါ် ထင်ထင်ည မဟုတ်တော့ ဘယ်သူမှ မမြင်နိုင်...။

"အဲ ..."

သူမက နဒီရိုင်း သီးသန့်ရွေးချယ်ထားသော ရိုက်ကွင်း ထဲမှ ပန်းလေးကို ရှူပြီးယူလိုက်လေပြီ၊ ပန်းလေးအတွက် သူ့ဓါတ်ပုံ ရိုက်ယူ၍မရတော့မည့် အတူတူ သူမနှင့်အတူ ပန်း ကလေးကို တွဲပြီးရိုက်ယူသည်မှာ သူ့အတွက် အကောင်းဆုံး အမြတ်တစ်ခုပင်။

"ချပ် ... ချပ် ... ချပ် ..."

ကင်မရာခလုတ်ကို အော်တိုမစ်တစ် သေနတ်တစ် လက်ကိုပစ်နေသလို ရိုက်ချက်ပေါင်းများစွာကို ရိုက်ယူလိုက် သည်။ ဒီလိုရိုက်ချက်မျိုးကို ဓာတ်ပုံလောကတွင် နဒီရိုင်းက ပြိုင်ဘက်ကင်း တော်ခဲ့သူတစ်ဦး ...

သူမ ကင်မရာမြင်ကွင်းထဲက ထွက်သွားပြီဆိုမှ သူ့ အတွက် နေမဝင်ခင် နောက်ထပ်ပန်းနှင့် ပတ်သက်ပြီး ရှာဖွေ ရဦးမှာဖြစ်သည်။ ပန်းဓာတ်ပုံပြိုင်ပွဲကန်းကပ် နေပြီဖြစ်သည့် အတွက် နဒီရိုင်းယခုအထိ စိတ်တိုင်းကျဓာတ်ပုံကို မရသေးပေ။ ထို့ကြောင့် စိတ်ပျက်လက်ပျက်ဖြစ်ပြီး ကင်မရာဒေါက်နှင့်





ကင်မရာကို သိုင်းလွယ်ပြီး ထွက်လာသည်။

"ပေါ့ကောင် ... ရပ်စမ်း"

နဒီရိုင်းနားထဲသို့ ရောက်ရှိလာသော အသံကခပ်မာမာ ကြောင့် လှည့်ကြည့်လိုက်တော့ လူသုံးယောက်မှာ အနောက် တိုင်း ရုပ်ရှင်ကားထဲမှ လူဆိုးစတိုင်အတိုင်း ဝတ်ဆင်ထား ကြသည့် ပုံစံ တွေက ဟန်ပါ၏။ ဝတ်စုံက တူညီဝတ်စုံနှင့် မျက်မှန်၊ ဦးထုပ်တွေက အစလွဲချော်ခြင်းမရှိ၊ နဒီရိုင်း တစ်ချက်ကြည့်ပြီး ကိုယ်ဆက်ပြီးသွား ရမည့် ခရီးကို ဆက်သွားရန်ပြင် လိုက်စဉ်

"မင်းမှာ...နားမပါဘူးလား"

"မင်းတို့လိုယဉ်ကျေးမှုမရှိတဲ့ စကားတွေကိုနားခံ တတ်တဲ့ နားတော့မပါဘူးကွ..."

"တောက်"

"ဒီကောင်တော့ နာချင်ပြီ"

နဒီရိုင်းနားသို့ ထိုလူ သုံးယောက်ကပ်လာပြီး ဝိုင်းထား လိုက်သည်။

"မင်းတို့ကြည့်ရတာ ဗီဒီယိုဇာတ်ဝင်ခန်း ရိုက်ဖို့လေ့ ကျင့် နေတာတော့ မဟုတ်ဘူးထင်တယ်"

"ဗီဒီယိုရိုက်မှာ မဟုတ်ဘူး၊ မင်းကိုငရဲပြည်ပို့မလို့"

"ကောင်းတာပေါ့ဗျာ...ရောက်ဖူးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီသစကားအပိုမပြောနဲ့...ပြောစရာရှိတာကိုပြော"

"ဟော့ကောင်...မင်းကင်မရာပေးစမ်း"

"အာပါးပါး... မင်းတို့စကားက တယ်ပြီးတော့ ဟုတ်နေပါလား၊ ငါ့ဆီက ကင်မရာကိုတောင်းချင်တိုင်း တောင်း ရအောင် မင်းတို့က ခါးပြတွေလား၊ အနကြမ်းစီးတဲ့ကောင်တွေလား၊ ဆိုးတော့မဆိုးဘူး၊ ခါးပြတိုက်တဲ့ကောင်တွေက ခေတ်မီသားပဲ၊ သားသားနားနားနဲ့...ဟား...ဟား...ဟား"

"ဒီသ...ကြာတယ်ကွာ...ရှင်းစရာရှိတာရှင်း"

"မင်းပေးမှာလား... မပေးဘူးလား"

"ပေးစရာအကြောင်းမရှိဘူး"

"ကဲကွာ"

"ကျား"

နဒီရိုင်းဆီသို့နစ်ယောက်သားတစ်ပြိုင်တည်းပြေးဝင်လာပြီးတိုက်ခိုက်လေတော့သည်၊ နဒီရိုင်းအသာအယာ ရှောင်တိမ်းပြီး လက်ထဲမှကင်မရာဒေါက်နှင့်ရိုက်ချလိုက်တော့သည်။

"ခွပ်...ဖြောင်း...အင့်...အီး"

ဝင်လာသည့် နစ်ယောက်လုံးချက်ကောင်းကို ထိသွားပြီးရှေ့သို့စိုက်ကျသွားတော့သည်။

"အရသာကောင်းကောင်းတွေ့သွားတဲ့ပုံပါလား"





"ဒီတစ်ခါ...မင်းအလှည့်"

"ဟုတ်မဟုတ် စမ်းသပ်ကြည့်ပါလား"

"ယီး...ဝိုး"

နောက်ဆုံးကျန်သောသူလက်ထဲတွင် ဓါးမြှောင်ပါသောကြောင့် ပထမနစ်ယောက်လို ခပ်ပေါ့ပေါ့ သဘောထား၍မရဘဲ သတိထားရှောင်ပြီးမှ အင်္ကျီကိုဖမ်းကာ မျက်နှာဆီ သို့ ခြေများနှင့်ခတ်လိုက်သည်။

"ဖြောင်း..."

သုံးယောက်စလုံး အမြေအနေမဲကောင်းတော့ပေမယ့် နောက်တစ်ကြိမ် တိုက်ခိုက်ရန်ပြင်ချိန်မှာ သေနတ်ကို တစ်ယောက်ကကိုင်ထားလျက်...

"ဟော့ကောင်...မင်းလွယ်ထားတဲ့ကင်မရာကိုခု ပေးစမ်း"

"ငါ့ဆီက ကင်မရာကိုလိုချင်ရင် ငါ့ကိုသတ်ပြီးမှ ယူလို့ရမယ်"

"ဒါလောက်တောင်ဖြစ်တဲ့ကောင်"

"ဒီသ...ရပ်စမ်း"

"ဟာ...ဆရာ...ဦးမင်းသော်"

"မင်းတို့ကနေရာတကာသေနတ်သုံးရအောင်အခုရောက်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ နေရာက မင်းပဇေထွးပိုင်တဲ့ နယ်မြေမဟုတ်ဘူး၊ သေနတ်ပြန်ပြီးသိမ်းလိုက်စမ်း"

"ဟုတ်ကဲ့......"

"အန်ကယ်တောင်းပန်ပါတယ် မောင်ရင်.."

"ရပါတယ်"

"အန်ကယ့်ကောင်တွေက စကားပြော မယဉ်ကျေး လို့ပါ၊ မောင်ရင့်ဆီက ကင်မရာကိုလိုချင်တာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာကိုယူချင်တာလဲ"

"မောင်ရင် ခုနက ရိုက်ယူသွားတဲ့ ဓာတ်ပုံတွေပြန်ပြီးဖျက်ပေးပါ၊ ဒီအတွက် မောင်ရင် မနစ်နာစေရပါဘူး၊ တစ်ဖက်က ခွင့်ပြုမှုမရပဲ ရိုက်ယူတယ်ဆိုတာ မောင်ရင်တို့ ကင်မရာသမားတွေ ဥပဒေကို နားလည်မှာပါ"

"ကျွန်တော် ခိုးရိုက်တာ မဟုတ်ပါဘူး၊ ကျွန်တော် ရိုက်မယ့် မြင်ကွင်းထဲကို ဝင်လာတာနဲ့ ရိုက်မိသွားတာ၊ ဖျက် ဆိုဖျက်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် မောင်ရင်"

နဒီရှိုင်းက သူ့ကင်မရာထဲမှ သူမနှင့်ပတ်သက်ပြီးရိုက် ခဲ့သမျှ ဓာတ်ပုံများကို ဖျက်ပေးလိုက်ပေမယ့် သူ့အတွက်တော့ တစ်ကွက်သောရိုက်ချက်လေးကတော့ပါမသွားအောင်ချန်ထားလိုက်





လိုက်သည်။

"အန်ကယ်ရပြီလား"

"ရပါပြီကွယ်... ဘယ်လောက်များ နစ်နာကြေးပေး ရမလဲကွယ်"

"ပေးစရာမလိုပါဘူးအန်ကယ်... ကျွန်တော်ကိုယ် တိုင်က ရိုက်မိသွားလို့ဖြစ်ခဲ့ရတဲ့ကိစ္စပါ"

"ဒါဆိုရင် ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

"ဒီသ.... သွားကြမယ်"

ဟန်ရေးကောင်းသည့်ထိုသုံးယောက်သည် ဦးမင်းဒေသ် ဆိုသောလူကြီး နောက်မှခပ်ကုပ်ကုပ်လေးပါသွားကြသည်။

"ဟူး..."

နဒီရှိုင်း ဒီနေ့ဆက်ပြီး ဓါတ်ပုံရိုက်ချင်စိတ်မရှိတော့ ခြင်း ခြောင့်ရပ်ထားသည့်ကားဆီသို့သာပြန်လာတော့သည်။

နဒီရှိုင်းမျက်လုံးထဲမှာ စွဲမက်ဖွယ်ကောင်းသော ပုံရိပ် ကလေးမှာ ရင်ထဲတွင်ထင်ကျန်နေဆဲ။

သူမနှင့် ထိုလူတွေဘယ်လိုပတ်သက်သလဲ၊ သူမက ရော ဘယ်လိုမိန်းကလေးလဲ...၊ သေနတ်ကိုင်ပြီးစောင့်ရှောက် ရလောက် သည့်သူမအနေအထားမှာ မသေးလှ..



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်သို့ တတ်ပုံပစ္စည်းများ တင်ပြီး ကားမောင်း ထွက်လာတော့ မာစီဒီးအမျိုးအစား ကားနက်ကြီးတစ်စီး နဒီရှိုင်း ရှေ့မှ မောင်းထွက်လာသဖြင့် အရှိန်လျှော့ပြီး ရပ်ပေးလိုက်သည်။ ထိုကားကြီးနောက်မှနောက်ထပ်ကားနက်တစ်စီးပါ ထပ်ပြီး မောင်းသွားသည်။

ရှေ့ကားပေါ်မှာက ဦးမင်းသော်ကို ကားရှေ့ခန်းတွင် မြင်တွေ့ရပေမယ့် နောက်ခန်းတွင် ကားမှန်များတင်ထား၍ သူမကိုတော့မတွေ့လိုက်ရ...

နဒီရှိုင်း ကားနှစ်စီးအနောက်မှ ခပ်မှန်မှန်လေးမောင်း လိုက်လာခဲ့သည်။

နဒီရှိုင်းရောက်နေသည့်နေရာမှာ ကယားပြည်နယ် လွိုင်ကော်မြို့ကလေးပင်ဖြစ်သည်။

မြန်မာပြည်အနှံ့ ကင်မရာတစ်လုံးနှင့် ကျင်လည်ကျက်စားတတ်သော နဒီရှိုင်းကို သူငယ်ချင်းဖြစ်သူ ကျော်ဗိုလ်မောင်၏ ဖိတ်ခေါ်မှုကြောင့် ကယားပြည်နယ်လေးသို့ ရောက်ရှိလာ ခြင်းဖြစ်သည်။

ဂဝံကျောက်လမ်းကလေးဖြစ်ပြီးတစ်လမ်းမောင်း သာသာဖြစ်ခြင်းကြောင့် ကျော်တက်ပြီးမောင်း၍မရသဖြင့် နဒီရှိုင်းဘေးပတ်ဝန်းကျင်ရှုခင်းများကို ငေးကြည့်ရင်း အေးအေးဆေးဆေးမောင်း





လာရင်း နေဝင်ချိန် အနောက်ဘက်တောင်တန်းကြီးနှင့် တိမ်တိုက်တွေကို စိတ်ကြိုက်တွေ့လိုက်ရပြီး ကားရပ်၍ ကင်မရာကိုယူကာ ဆင်းခဲ့သည်။

"ချပ်.... ချပ်..."

စိတ်တိုင်းကျရိုက်ပြီးမှ ကားဆီသို့အရောက်

"ဒိုင်း......"

"ဟင်..."

နဒီရှိုင်းနှင့် သိပ်ပြီးမဝေးသောနေရာဆီမှ သေနတ်သံ ကို ကြားလိုက်ရသဖြင့် တစ်ခုခုဖြစ်ပြီဆိုသည်ကို သိလိုက်ရပြီး ကားကို စက်နိုးကာ မောင်းထွက်ခဲ့သည်။ ကင်မရာသမား၏ မျက်လုံးက ခပ်ရှင်ရှင်နှင့်အဝေးဆီမှမြင်ကွင်းဆီသို့ရောက် သွားသည်။

ကားနက်ကြီးပေါ်မှ သူမနှင့်ဦးမင်းသော်ကိုလူ၅ယောက်မှ သေနတ်များနှင့်ချိန်ပြီး တခြားကားတစ်စီးပေါ်သို့တက်ခိုင်းနေသည်။

သူမနှင့် နဒီရှိုင်းတို့ ခရီးကာ ဆုံပြန်ပြီဟု ထင်မိ၏။

ကားစက်ကိုတင်ပြီး မောင်းချလိုက်သည်ကို တစ်ဖက်မှ သေနတ်သမားများက သူတို့ကို အန္တရာယ်ပြုမည့်သူလာနေပြီဆိုသည်ကို သဘောပေါက်ပြီး နဒီရှိုင်းကားဆီသို့ လှမ်းပစ်ခတ်လိုက်သည်။

"ဒိုင်း....ဒိုင်း..."



www.burmeseclassic.com

www.burmeseclassic.com



ကဲ့ကောင်းသည်ဟု ဆိုရမည်၊ သေနတ်ကျည်ဆံက တာဗေးသားကိုမှန်ကိုထိမှန်ပြီး ကျည်လမ်းကြောင်းလွဲသွားသည်၊ နောက်ထပ်တစ်ချက် ထပ်ပြီးပစ်ပေမယ့် ကားကိုဘေးသို့ဆွဲချပြီး သေနတ်သမားနှင့်အနီးဆုံးမှတ်ဆွဲရလိုက်သည်၊

"ဝုန်း....အား..."

ကားနောက်ကြည့်မှန်ကို သေနတ်သမားရှောင်ချိန်မရလိုက်ဘဲရိုက်ရသွားပြီး ဘေးသို့လွင့်စင်သွားသည်၊

အဲ...နောက်တစ်ယောက်

ကားထဲမှ နောက်ထပ်သေနတ်သမားတစ်ယောက် ထပ်ထွက်လာကာ နဒီရှိုင်းကားကိုအနီးကပ်ပစ်ခတ်ရန်ပြင်သောကြောင့် ကားထဲမှအမြန်ဆုံးထင်းပြီး သေနတ်ကိုယှဉ်ရန်လက် နက်ရှာသောအခါ ကားဘေးတွင်ရှိနေသော ဂဝ်ကျောက်များကိုသာတွေ့ရသည်၊

"ခွေးမသား... ကိုယ့်လမ်းကိုယ်မသွားဘူး ဝင်ရှုပ်ချင်တာ သေဖို့သာပြင်ထားတော့"

လက်ထဲမှ သေနတ်အားကိုးနှင့် နဒီရှိုင်းကားနားဆီသို့ ကပ်လာခြင်းသည်သူ့ကြမ္မာ သူငင်ခြင်းပင်၊

"ရော့... ဟော့ကောင်မြည်းကြည့်ဦး"

"ခွပ်...အီး..."

နဒီရှိုင်းလက်ထဲကပစ်ပေါက်လိုက်သောကျောက်ခဲကလေး





က သေနတ်သမား၏ နဖူးဆီသို့ရောက်ရှိသွားပြီး ပြန်ပင် မထနိုင်တော့၊ ကားထဲက ကျန် ၃ယောက်မှ ၂ယောက်ထပ်ပြီး ဆင်းလာချိန်မှာ...

"ဒိုင်း.... ဒိုင်း..."

နဒီရှိုင်း ခဲမှန်ပြီးမှောက်နေသောသူဆီမှ သေနတ်ကိုကောက်ယူပြီးလျှင်လျှင်မြန်မြန် ပစ်ရလိုက်သည်၊ တစ်ယောက်က လတ်မောင်း၊ တစ်ယောက်က ပေါင်ဆီသို့ထိမှန်သွားချိန် မှာ...

"ဖြောင်း..... အား..."

ကားပေါ်က နောက်ဆုံးကျန်သည့်သူကို ဦးမင်းသော်မှ အလစ်မှာကန်ရလိုက်သဖြင့် ကားအောက်သို့ပြုတ်ကျသွားသည်၊

"ပြောစမ်း... မင်းတို့ကို ဘယ်သူခိုင်းတာလဲ"

"ဦး... ဦးရာဇာဦးပါ... ဗျာ"

"တောက်... တွေ့ကြသေးတာပေါ့... ရာဇာဦး"

ဦးမင်းသော်က ကုတ်ဆွဲပြီးမေးနေသည်ကို နဒီရှိုင်းသိပ်ပြီး စိတ်မဝင်စား၊ စိတ်ဝင်စားစရာ သူ့အကြောင်းလည်း မဟုတ်၊ နဒီရှိုင်းအနေနှင့် အမြင်မတော်၍ဝင်ပြီးကူညီခြင်းထက် ခုလို ကိစ္စမျိုးဆိုရင် ဖလွဲရှောင်တတ်သောသူ၏အကျင့်စိတ်မှာ ယခုကတည်းက ကိုယ်နဲ့မဆိုင်သောကိစ္စများတွင် ဝင်ပြီးပါတတ်၍ မိဘ၏ဆုံးမခြင်းကို ခဏခဏခံရသည်၊



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်တို့ကိစ္စအန်ကယ်တို့ဘာသာဆက်ရှင်းကြပါ... ရှေ့ဒီမှာသေနတ်"

"မောင်ရင်...နေပါဦး"

"ဘာများလဲ...အန်ကယ်"

"ဒလိုကူညီတာကို အရမ်းကျေးဇူးတင်ပါတယ်ကွာ"

"တင်မနေနဲ့အန်ကယ်"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်ကိုယ်တိုင်က ဒလိုစွန့်စွန့်စားစားဆိုရင် ဝါသနာပါတာ...ဒါမျိုးကိစ္စများများတွေ့ရလေကောင်းလေပဲ..."

"ဘယ်လိုကြောင့်ပဲဖြစ်ဖြစ်ပေါ့ကွာ...မောင်ရင့်ကျေးဇူးကို မမေ့ပါဘူး"

"ကောင်းသလိုသာသဘောထားလိုက်ပါ၊ သွားခွင့်ပြုပါဦး"

"ခြော်...မောင်ရင်နာမည်လေးပြောပါဦး"

"နဒီရိုင်းပါ...အပျော်တမ်းဓာတ်ပုံသမား တစ်ယောက် ဒါပဲမဟုတ်လားအန်ကယ်"

"ဒါပါပဲကွယ်..."

နဒီရိုင်းကားဆီကိုသွားရင်း သူမရပ်နေသည့် နေရာမှ ဖြတ်ပြီးထွက်ခဲ့သောမြေလှမ်းလေးများမှာ ရင်ခုန်သံလေးတွေက ကာရန်မညီသလိုပင်။





သူမမျက်လုံးအိမ်ထဲမှာ သူ့ကိုကျေးဇူးတင်သောစကားတွေများစွာပြောချင်နေသည်ကိုတွေ့လိုက်ရသည်၊ ဒါပေမယ့်သူမတွင် ပြောဆိုပိုင်ခွင့်မရှိသူပမာ နှုတ်ဆိတ်နေလေသည်။

"ဟိုခွေးသားတွေ ဘာမှအသုံးမကျဘူး၊ မင်းတို့ကိုခေါ်ထားရတာ အလကားပဲ၊ သွားဖို့ပြင်လေ"

"ဟုတ်ကဲ့...ဆရာ...မင်း...မင်းသော်"

ကား(၄)စီးစလုံးမှာ တစ်စီးနှင့်တစ်စီးထွက်၍ မရအောင် ပိတ်ဆို့ခံနေသောကြောင့်

"ဟိုကောင်(၅)ကောင်"

"ဗျာ..."

"မင်းတို့ကားက ဘာလုပ်နေတာလဲ အရင်ထွက်သွားလေ"

"ဟုတ်ကဲ့..."

ပြန်ပေးသမား(၅)ယောက်တွင် လေးယောက်မှာ အခြေအနေမကောင်းဘဲ ဦးမင်းသော်ကားပေါ်မှ ကန်ချလိုက်သောသူသာ အခြေအနေမဆိုးသဖြင့် သူတို့ကားပေါ်သို့ပြန်တက်ပြီး မောင်းနှင်သွားမှ ဦးမင်းသော်ကားနှင့် သူ့တပည့်တွေကားက နောက်မှလိုက်ပြီးမောင်းသွားသည်။ ဒီတစ်ခါသူမ၏ကားမှန်တံခါးကို ချပြီး နဒီရိုင်းဆီသို့ ပေါ်ပေါ်ထင်ထင် မဟုတ်သည့်



www.burmeseclassic.com

www.burmeseclassic.com



အကြည့်တစ်ခုနှင့်ကြည့်သွားလေသည်။ ထိုအကြည့်သည် နဒီရှိုင်းအတွက်ကျေ ့ပ်စရာပီတိလေးတစ်ခုပင်ဆိုရမလား။

"မင်းနဲ့ငါကအတူးရေစက်ပဲ နတ်သမီးရေ… ငါ့နာမည်ကို တော့မင်းသိသွားပြီ မင်းနာမည်ကိုတော့ ငါမသိရ ခြင်းကတော့ သိပ်ပြီးမဟန်လှဘူးကွာ… မင်းနာမည်ဘယ်လို ပဲဖြစ်ဖြစ် ငါ့အတွက်တော့မင်းကနတ်သမီးလေးပဲ"

၀၁၀၀

## အခန်း (၁)

"မင်းတွေ့ခဲ့တဲ့သူတွေက မှဗြာဟေဝန်နန်းမြိုင်က လူတွေကွ"

"ဘာလဲကွ…မှဗြာဟေဝန်နန်းမြိုင်ဆိုတာ"

"ဒီလိုကွ နဒီရဲ့တို့လှိုင်ကော်မှာ အဲဒီမိသားစုကို ဟိုးယခင် တယားလူမျိုးနွယ်ခေါင်းဆောင်တွေရဲ့အဆက်တွေလို့သတ်မှတ် ထားကြတာပဲကွာ၊ ဟုတ်မဟုတ်တော့ ငါတို့လည်း နိုင်နိုင်မာမာ မသိဘူး၊ ဒါပေမယ့် ဒီဒေသကလူတွေကတော့ သူတို့ကိုအရိုင်းမျိုး ရက်မြင့်တဲ့လူတွေလို့တော့ သတ်မှတ်ထားကြတယ်၊ ချမ်းသာချက် တတော့ကြောက်ခမန်းလိလိပဲကွ"

www.burmeseclassic.com

သူငယ်ချင်းဖြစ်သူ ကျော်ဗိုလ်မောင်ကို နဒီရှိန်းက သူတွေ့ကြုံခဲ့ရသော အဖြစ်အပျက်တွေကို ပြောပြသဖြင့် သူငယ်ချင်းဖြစ်သူမှ ပြန်ပြီးရှင်းပြနေခြင်းဖြစ်၏။

"ဘာစီးပွားရေးတွေလုပ်လို့လဲ"

"အထင်ကရ စီးပွားရေးဆိုတာက သိပ်ပြီးရေရေရာရာ မရှိလှဘူး။ မန္တလေး၊ ရန်ကုန်တို့မှာ ကုမ္ပဏီတွေ ထောင်ထားတယ်လို့ ပြောတယ်"

"ဦးမင်းဒေသ်ဆိုတဲ့လူက ဟိုနတ်သမီးနဲ့ ဘာတော် သလဲ"

"ငါသိရသလောက်ကတော့ ဘာမှမတော်ဘူး။ မင်း နတ်သမီးရဲ့ အမွေထိန်းတစ်ဦးပဲ"

"သူမှာ မိဘတွေမရှိတော့ဘူးလား"

"မိဘတွေကတော့ မရှိတော့ဘူး။ အစ်ကိုတစ်ယောက် ကတော့ ဩစတြေးလျားမှာနေတယ်၊ ဟိုနိုင်ငံသားခံယူထားတယ်၊ မြန်မာပြည်ကို ၃နှစ်လောက်မှ တစ်ခေါက်တော့ သူညီမလေးကို လာကြည့်တယ်"

"ကျော်ဗို"

"ဘာလဲ…နဒီ"

"နတ်သမီးလေး နာမည်ကို သိလား"

"ပန်းမုခြာနွယ်တဲ့၊ ဘာလဲ မင်းစိတ်ဝင်စားသွားတာလား"





"ဟုတ်တယ်၊ ကျော်ဗိုငါ့ဘဝမှာ ဘယ်မိန်းကလေးနဲ့မှ ပဝ်သက်ပြီးစိတ်ဝင်စားတယ်ဆိုတာရှားပါတယ်။ ခုသူနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင်ကြီးဖြစ်ရတာ"

"နဒီ… မင်းနှလုံးသားကိစ္စက မလွယ်လှဘူးနော်၊ ငါ ဆိုလိုတာက ချမ်းသာခြင်း၊ ဆင်းရဲခြင်း ကွာဟမှုကိုဆိုလိုတာ မဟုတ်ဘူး။ မင်းဆိုတဲ့ကောင်ကလည်း ခပ်ညံ့ညံ့မှ မဟုတ်တာပဲ။ မလွယ်ဘူး ပြောတာက မုခြာဟောဝန်အိမ်ကြီးဟာ သိပ်ပြီး လျှို့ဝှက်ချက်တွေ ပြည့်နှက်နေတဲ့ အိမ်ကြီးကွ၊ အထူးသဖြင့် ပန်းမုခြာနွယ်ဟာ အဖြင်လောကကြီးနဲ့ ဆက်သွယ်ခွင့်ရတဲ့ မိန်းကလေးမဟုတ်ဘူး"

"ဟင်… မင်းစကားအရဆိုရင် ရွှေလှောင်အိမ်ထဲက ငှက်ကလေးတစ်ကောင်ဖြစ်နေပြီပေါ့"

"ဟုတ်တယ်… နဒီ ငါမှတ်မိသလောက် ပန်းမုခြာနွယ် ၅တန်းထိတော့ အစိုးရကျောင်းမှာ တက်ခဲ့တယ်။ နောက် သူမိဘနှစ်ပါး ရှေ့ဆင့် နောက်ဆင့် ကွယ်လွန်သွားပြီးကတည်းက ကျောင်းဆက်မတက်တော့ဘူး။ ဒီကတည်းက လူ့ပတ်ဝန်းကျင်နဲ့ အဆက်အသွယ် ပြတ်သွားတော့တာပဲ၊ ဘာကြောင့်လဲ ဆိုတာတော့ ဘယ်သူမှမသိနိုင်ဘူး။ တစ်ခုတော့ရှိတယ်၊ ပန်းမုခြာနွယ်ကို ဆရာတွေနဲ့ခေါ်ပြီး စာသင်တာတော့ လုပ်ခဲ့တယ်၊ ဆရာတစ် ယောက်ကို တစ်နှစ်ပဲလုပ်ရတယ်၊ ပြီးတော့ နောက်ထပ်တစ် ယောက်သင်ပေး

www.burmeseclassic.com



ရတယ်၊ နောက်ဆုံးတက္ကသိုလ်ပညာအထိ သင်ကြားရတယ်ဆိုတာတော့ သိရတယ်"

"သင်ကြားပေးတဲ့ ဆရာတွေဆီက ဘာသဲလွန်စမှ မရဘူးလား"

"အိမ်ထဲမှာပေါ့ သင့်တာမဟုတ်ဘူး။ အပြင်ခြံဝန်း ထဲမှာ သီးသန့်အခန်းတစ်ခန်းနဲ့ သင်ရတာ၊ ဘေးမှာ စောင့်နေတဲ့ လူက အချိန်ပြည့်၊ ပြီးတော့ သင်ကြားပေးတဲ့ဆရာ..ဆရာမတွေက ကျောင်းစာအကြောင်းကလွဲပြီး တခြားစကားပြောခွင့်မရှိဘူး။ ဆရာခေါ်ကတည်းက လစာကို ကျက်လောက်အောင် ပေးတယ်၊ ကတိစာချုပ်နဲ့ လုပ်ရတာဆိုတော့ သင်ကြားပေး တဲ့ ဆရာ...ဆရာမတွေကလည်း သူတို့အတွက် ငွေကလွဲပြီး တခြားဘာကိုမှ စိတ်မဝင်စားခဲ့ဘူး"

"ကျော်ဇို"

"ဘာလဲ...နဒီ"

"ငါလှိုင်ကော်မှာကြာကြာနေမယ်ကွာ..ဘယ်လိုလဲ"

"နဒီ..မင်းနေမယ်ဆိုရင် တစ်သက်လုံးနေလည်း ပြဿနာမရှိဘူး၊ အရေးကြီးတာက မင်းဘွားဖေ်ာက ခွင့်ပြုဦးမှလေ"

"ငါဖုန်းဆက်ပြီး ထပ်ပြောလိုက်မယ်..ဒီမှာကြာဦးမယ်လို့"

"ဒါနဲ့..မင်းတော်ပုံပြိုင်ပွဲ ရှိသေးတယ်လေ"

"ဒီပွဲအတွက် ဒီကပဲပြင်ဆင်ပြီး ပို့လိုက်တော့မယ်"





"မင်းဒီမှာနေရတဲ့ ရည်ရွယ်ချက်ကဘာလဲ"

"ပန်းမှုခြာနွယ် နတ်သမီးလေးရဲ့ ဘဝလေးကို စိတ်ဝင်စားလို့"

"ဒီတစ်ခုတည်းပဲလား"

"ကျန်တစ်ခုကတော့ နှလုံးသားရဲ့ကိစ္စလေ.. ဒီအပေါ်မှာ ဆုံးဖြတ်ချက် မချရသေးဘူး"

"ဘာကြောင့်လဲ နဒီ"

"ပန်းမှုခြာနွယ်ဆိုတဲ့ သူမရဲ့နောက်ကွယ်မှာ ဘယ်လိုကြိုးတွေနဲ့ ချည်နှောင်ထားသလဲဆိုတာကို အရင်သိအောင် လုပ်မယ်၊ ပြီးမှ... နှလုံးသားရေးရာကို စံစားမယ်ကွာ... ကဲ စကားပြောတာများသွားပြီ-- အပြင်မှာ တခုခုသွားပြီးစားကြရအောင်"

"ဟကောင်ရ အိမ်မှာချက်ထားတယ်လေ"

"အိမ်ထမင်းဟင်းစားရတာ စံတွင်းမတွေ့ဘူး။ လှိုင်ကော်မှာ ဒေသအစားအစာလေးစားချင်လို့၊ ပြီးတော့ ကားမှန်လည်း လဲရဦးမယ်"

"ကဲ...ဒါဖြင့်ရင်လည်း လစ်စို့"

နဒီရိုင်းတို့နှစ်ယောက် ကားဖြင့်မြို့ထဲဘက်သို့ထွက်လာ ပြီး စားသောက်ဆိုင်လေးထဲသို့အဝင်...

"ဟော့...နဒီနှင့်ကျော်ဇို"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဇင်မျိုးလတ်"

မွှေးလေးတစ္ဆသိုလ်တွင် အတူတူကျောင်းတက်ခဲ့သော သူငယ်ချင်းဖြစ်သူ ဇင်မျိုးလတ်… ရဲဝန်ထမ်းတစ်ဦးနှင့် ကျောင်း တက်ခဲ့သူ…

"မင်းတို့နှစ်ယောက် ဘာတွေစြူးနေတာလဲ"

"ဇင်မျိုးတို့ကတော့ ရဲဝိသတာယ်ဟေ့… လူကို မြင်တာနဲ့ သံသယမျက်လုံးနဲ့ကြည့်တော့တာပဲ"

"ဟုတ်ပါတွ…ဒါနဲ့မင်းက လျှို့ဝှက်ချက်ကိုတာဝန်နဲ့ လား"

"ဟုတ်တယ်…စနေ်းမှုတာဝန်နဲ့ ပြောင်းလာတာ၊ ရုံးတက် တောင် မပြည့်သေးဘူး။ မင်းလိပ်စာကိုမနေကမှတွေ့တာ နဲ့ဒီကရော ဓာတ်ပုံကိုရွ်နဲ့လာတာလား၊"

"ဟုတ်တယ်…မြို့ပွဲအတွက် အောက်နိုးထွက်လာ တာ… လာကွာ… သူငယ်ချင်းတွေဆုံတုန်း စားသောက်ကြရင်း စကားပြော ကြရအောင်"

"သောရီးကွာ… ဒီနေ့ဖြို့နယ်မှူးဆီ သတင်းပို့ရမှာရှိလို့ နောက်မှပဲ ဆုံကြတာပေါ့…မင်းရော မပြန်သေးဘူးမဟုတ် လား"

"ဒီကောင်က လျှို့ဝှက်ချက်မှာ အရိုးထုတ်မှာ…"

"ဟုတ်လား…နဲဒီ"





"တစ်ဝက်တော့ မှန်တယ်ကွ… တစ်ဝက်တော့ မမှန် သေး ဘူး"

"မင်းစကားက ဘာလဲ"

"နောက်မှ အေးအေးဆေးဆေး ပြောပြမယ်… ရပ်ပြီး ပြော ရတာ… စိတ်မရှည်ဘူး"

"အေး… ဒါဆို ဝါသွားမယ်"

ဇင်မျိုးလတ်ထွက်သွားပြီးမှ ဆိုင်ထဲသို့ နှစ်ယောက် သား ဝင်လာကြသည်။

"မင်းစားချင်တာ မှာလေ၊ ငါက မင်းတို့ဆီက အစေါ်အဝေါ် တွေကို မကျွမ်းကျင်ဘူး"

ကျော်ဇိုမှ အစားအသောက်များကို မှာယူပြီး သူငယ်ချင်း နှစ်ယောက် စကားပြောလိုက် စားလိုက်နှင့်ရှိပြီးသွားသော အခါတွင် သူတို့ဝိုင်းဆီသို့ စားပွဲထိုးကောင်လေးရောက်လာပြီး

"အစ်ကို…"

"ဘာလဲ…ရာတိတ်"

"ဟိုအခန်းထဲက အမျိုးသမီးကြီးက အစ်ကို့ကို တွေ့ပေး နိုင်း လိုက်လို့"

"ဟာ…"

စားပွဲထိုးစကားကြောင့် အံ့အားသင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ဝို မင်းဖြစ်မယ်၊ ဒါနဲ့ ဒီမြို့မှာက ဘာမှဆက်နွယ် ပတ်သက်မှုမရှိဘူး၊ ညီလေး သူလား"

"မဟုတ်ဘူးအစ်ကို... တီရှပ်အပြာနုလေး ဝတ်ထားတဲ့ အစ်ကိုတို့ ပေးခိုင်းတာ"

"ကဲ... ပေး... ပေး..."

တံပွဲထိုး ရှာတီတ်လေးဆီက စာရွက်ခေါက်လေးကို လှမ်းယူပြီး ဖတ်ကြည့်လိုက်သည်။

*နဒီရှိုင်း...*

*မင်းနဲ့စကား ပြောချင်တယ်။ရွှေက အခန်းကို ကောလောက်လာခဲ့ပါ။*

*စောမြာလှိုင်*

စာရွက်ပေါ်မှာ ရေးထားသည့်စာမှာ သိပ်ပြီးရှည်ရှည် ဝေးဝေး မဟုတ်ဘူး... စောမြာလှိုင်ဆိုသော အမျိုးသမီးကိုလှ လည်း မတွေ့ဖူးဘူး၊ နံမည်လည်း မကြားဘူးတာတော့ အမှန်ပဲ။

"ငါလိုက်ခဲ့ရမလား"

"တယ်... ကျော်ဝို ဒီကပဲစောင့်၊ဒီစာကို ယူထားလိုက် နောက်ပိုင်းရှုပ်လာရင် ရှင်းလို့ရအောင်..."

စောမြာလှိုင် ဖိတ်ခေါ်သည့်အခန်းဆီသို့ နဒီရှိုင်းထွက် လာခဲ့သော်လည်း သတိတော့ အလစ်မခံ။





အခန်းဝဆီသို့ရောက်သောအခါလိုက်ကာအတွင်းမှ

"ဝင်ခဲ့ပါ... မောင်နဒီရှိုင်း... မင်းအတွက် ဘာအန္တရာယ်မှ မရှိပါဘူး"

အသက် ၄၀ ဝန်းကျင်လောက်ရှိ အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရသည်။ ရွှေဝါရောင်မျက်မှန်ဝိုင်းကလေးနှင့် ထို အမျိုး သမီးမျက်နှာအသွယ်အပြင်မှာ အရွယ်အိုမင်းသလို ရှိပေမယ့် အလှအိုမင်းခြင်းမဟုတ်သော မျက်နှာပိုင်ရှင်

"ဘာကိစ္စများရှိလို့လဲအန်တီ"

"ငါ့မောင်အခေါ်အဝေါ်က နည်းနည်းမြင့်နေတာ လျှော့ပြီး ခေါ်ပါကွာ၊ မမလောက်ဆို မဆိုးပါဘူး"

"ကျွန်တော့်ကိုခေါ်တာ မမလို့ပြောင်းခေါ်ဖို့အတွက်တော့ မဟုတ်ဘူးထင်ပါတယ်၊ဒီအတွက်ဆိုရင်တော့ပြန်မယ်"

"နေပါဦးကွယ်... မင်းကြိုက်သလိုသာခေါ်ပါ... မောင်နဒီရှိုင်း. မင်းကိုစကားပြောချင်တာတခြားတော့မဟုတ်ဘူး...မှုခြာပေါဝန် နဲ့ပတ်သက်ပြီး မောင်နဒီရှိုင်းနောက်ထပ်မပတ်သက်ပါနဲ့လို့ မေတ္တာရပ်ခံချင်တာပါ"

"အန်တီပြောတဲ့ ပတ်သက်မှုဆိုတာကို သိပ်ပြီး သဘော မပေါက်ဘူး၊ ကျွန်တော်က လှိုင်ကော်ကို ကောလာတဲ့ဧည့်သည်ပါ"

"ဟုတ်ပါတယ်...မောင်နဒီရှိုင်း တတ်ပုံကိစ္စနဲ့ လာတာပေါ့ ဆို



www.burmeseclassic.com

www.burmeseclassic.com



တာအန်တီတို့သိထားပါတယ်"

"ဒါဆိုလဲ ဘာလို့မေတ္တာရပ်ခံနေရတာလဲ…ဗျာ"

"ဟိုတစ်နေ့က မောင်နဒီရှိန်းက ကြားဝင်ပြီးကူညီလိုက် တဲ့ကိစ္စပေါ်မှာပြောနေတာပါ"

"ဒါလား။ ကျွန်တော်ကကိုယ့်ရှေ့မှာ မျက်စိနောက်စရာတွေရှင်မနေတတ်တာ အမေမိုက်ထဲက ပါလာတဲ့ရောဂါတစ်ခုလို ဖြစ်နေတာမို့ပါ"

"ဒီစိတ်ကို တခြားနေရာမှာ သုံးပါ။ မှုခြာပေါ်ဝန်အတွက် မသုံးစေချင်ဘူး"

"ဒါကိုတော့ကတိမပေးနိုင်ပါဘူးအန်တီ…ဝမ်းနည်းပါတယ်"

"ဟင်…"

"ဘာလို့လဲဆိုတော့ ကျွန်တော့်ရှေ့မှာ မကြုံတွေ့သရွေ့တော့ ဝင်ပြီးပတ်သက်မှာ မဟုတ်ဘူး။ တွေ့ခဲ့ရင် မှုခြာပေါ်ဝန်မှ မဟုတ်ဘူး။ ဘယ်ပေါ်ဝန်၊ ဘယ်သူပဲဖြစ်ဖြစ် မနေတတ်ဘူး"

"မောင်နဒီရှိန်းသေရမှာကို မကြောက်ဘူးလား"

"ကိုယ်ညှဉ့်လို့ ခံရရင် ကျေကျေနပ်နပ်ပဲ အန်တီ"

"မင်း ခေါင်းမမာပါနဲ့၊ မင်းအတွက် အကျိုးရှိမယ့် ကိစ္စကို စီစဉ်ပေးမယ်"

"အန်တီက ငွေနဲ့စကားပြောချင်တာလား"





"ဟုတ်တယ်"

"ဝမ်းနည်းပါတယ်၊ အန်တီ… ကျွန်တော့်မိဘရဲ့ရှမ်းသားမှုက ကျွန်တော့်တစ်သက်မကောစားလို့ရပါတယ်။ အန်တီ့ငွေ ဘယ်လောက်ပဲပေးပေး ကျွန်တော့်စိတ်ကို ပြောင်းလဲမှာ မဟုတ်ဘူး"

"မင်းအတွက် လျှို့ဝှက်ဟာ ကံကောင်းခြင်းတွေ မရှုပ်သိမ်းခင် မင်းစဉ်းစားပါဦး"

"စဉ်းစားစရာမလိုအပ်တဲ့ ကိစ္စပါ…ကဲ အန်တီ ကျွန်တော့်ကို ခွင့်ပြုပါဦး ဆက်ပြီးပြောရင်လည်း သိပ်ပြီး ထူးခြားမှာ မဟုတ်ဘူး"

"မောင်နဒီရှိန်းအတွက် စိတ်မကောင်းစရာတွေ ဖြစ်လာဦးမှာပဲ"

နဒီရှိန်းက ခပ်ပြုံးပြုံးလေးပဲ ပြုံးပြလိုက်သည်။

ထို့နောက် စားသောက်ဆိုင်ထဲမှာ နစ်မေ့ကသား ထွက်လာကြပြီး နဒီရှိန်းအကြောင်းစုံကို ပြောပြလိုက်သည်။

"နဒီ…မင်းဘာလုပ်မယ်လို့ စိတ်ကူးထားလဲ"

"ဘာစိတ်ကူးရမှာလဲ ကျော်ဝိုလ်ရယ်၊ ရလို စိန်ခေါ်မှုမျိုးကိုမှ ငါဆိုတဲ့ကောင်က သဘောတွေ့တာ၊ ငါ့အတွက်ပိုပြီး ရှေ့ကိုတိုးနိုးပြောလိုက်သလိုပဲ"

"နဒီ…"

"ဘာလဲ ကျော်ဝိုလ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုသတိတစ်ခုတော့ပေးချင်တယ်၊ လှိုင်ကော်ပြီးပါမှာ သိပ်ပြီးဖြစ်သနားမရှိပေမယ့် တခြားနေရာတွေမှာ အန္တရာယ် ရှိနိုင်တယ်"

"ငါသဘောပေါက်ပါတယ်၊ ကျော်ဗိုလ်ရာ ဥပဒေ အပြင်ဘက်က လူတွေရဲ့ ခြိမ်းခြောက်မှုတွေကို ကြောက်ရွံ့နေတာမျိုး ငါ့ဘယ်တော့မှလက်မခံချင်ဘူး။ ဒါထက် မင်း စောပြောလိုင် ဆိုတဲ့ အမျိုးသမီးကြီးနာမည်ကိုကြားဖူးလား"

"နာမည်တင်မကဘူး၊ လူကိုလည်းသိတယ်"

"သူကား ဘာလဲ"

"သူကဘာလဲ ဆိုတာတော့ ငါမသိဘူးနော်၊ တရုတ် ပြည်ကိုခေါက်တုံ့ခေါက်ပြန်သွားနေတဲ့သူပဲ"

"ဘာစီးပွားရေးလုပ်လဲ"

"သူ့ရဲ့အဓိကစီးပွားရေးက ရှေးဟောင်းပန်းပုရုပ်တွေ၊ ပန်းချီကားတွေ ရောင်းဝယ်တာပဲ"

"တခြားလုပ်ငန်းရှိလား"

"မရှိဘူး"

"အိမ်ထောင်ရှိမှာပေါ့"

"ရှိတယ် သူ့ခင်ပွန်းနာမည်က ဦးရာဇာဦးတဲ့"

"ဟင်..."





ထိုနာမည်ကို နဒီရိုင်းတစ်နေရာရာမှာ ကြားဖူးသလို ဖြစ်ပြီး စဉ်းစား၍သတိရသောအခါ

"ဟား... ဟုတ်ပြီ"

"ဘာ ဟုတ်တာလဲ"

"ပန်းမုဖြာနွယ်ကို ဖမ်းဆီးဖို့နိုင်းခဲ့တာ ဦးရာဇာဦး ဆိုတဲ့လူပဲ၊ သူတို့တွေမှာ အကြောင်းတစ်ခုခုတော့ ရှိရမယ်"

"ဒီအထိတော့ ငါလည်းမသိဘူး နဒီရိုင်း"

"ကျော်ဗိုလ် မင်းငါ့ကိုတစ်ခု ကူညီပါလား"

"ပြောနေစရာမလိုပါဘူး ဘာကူညီရမလဲပြော"

"မုဖြာဟောဝန်ရုံကြီးနဲ့ပတ်သက်ပြီး သိနိုင်မယ့် သူ့ကို စုံစမ်းပေးနိုင်မလား"

"ဟား... မင်းကိုဘယ်လိုပြောရမှန်းမသိဘူးကွာ... သိနိုင်တယ်ဆိုတာ လှိုင်မှာတော့တစ်ယောက်မှ မတွေ့ရှုဘူး၊ ဒါပေမယ့် ဓါကြိုးစားပြီး စုံစမ်းပေးပါ့မယ်"

"ကျေးဇူးပဲ ကျော်ဗိုလ်"

"ငါ့ဆီကို လာခဲ့တဲ့ မင်းအတွက် ငါဘာကမှ နေစောင့်ရှောက် ပေးနေမှာပါ သူငယ်ချင်းရာ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

လှိုင်ကော်မြို့၏ အထင်ကရနေရာလေးတစ်ခုဖြစ်သော ရုနှစ်ထင့်တန်လေးဘက်သို့ကျော်ဗိုလ်နှင့်အတူ ရောက်လာ သည်။

ပန်းမှုံကြွနွယ်အကြောင်းကိုစွကရင်ထဲရောက်လာကတည်းက ခါတ်ပုံပြိုင်ပွဲအတွက် လုပ်ရမည့်အလုပ်ကို ဓကာမေ့ ထားလိုက်သည်။ ရုလည်းကောင်မရှာသာ ပါလာပေမဲ့ ခါတ်ပုံရိုက်လိုသော စိတ်ဆန္ဒကသိပ်ပြီတော့ မရှိလှပေ။

နဒီရိုင်း၏စိတ်အာရုံထဲမှာ မုဖြာဗေဟာဝန်အိမ်ကြီးထဲသို့ ဘယ်လိုဝင်ရမလဲဆိုသည်ကိုတွေး၍နေမိသည်။

"နဒီ..."





"ဘာလဲ...ကျော်ဗိုလ်"

"ဒါ ဟိုနားမှာ စားစရာတစ်ခုခုသွားပြီးဝယ်ဦးမယ် မင်း လိုက်ခဲ့ဦးမလား"

"မလိုက်တော့ပါဘူးကွာ...ဒီမှာထိုင်လိုက်နေတော့မယ်"

ကျော်ဗိုလ်အောက်သို့ဆင်းသွားပြီး နဒီရိုင်းအပေါ်တွင် တစ်ယောက်တည်း ကင်မရာတစ်လုံးဖြင့် ဟိုချိန်ဒီချိန်လုပ်ပြီး ချိန်နေစဉ်

"ဟင်...ပန်း...မုဖြာနွယ်"

ရေကန်လေးဘေးတွင် ထိုင်ကာနေသော ပန်းမုဖြာနွယ် ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားသည်။

သူ၏စိတ်စွဲလမ်းကြောင့်လား ဟုထင်ပြီး မျက်လုံးမှိတ် ပြီး ပြန်ကြည့်တော့လည်း မြင်ကွင်းထဲက ပျောက်၍မသွား။ နဒီရိုင်း ဘာလုပ်ရမည်ဆိုတာကိုတွေးပြီး သူမရှိရာဆီသို့ လျှောက်လှမ်းခဲ့သည်။

သူမက သူ့ကိုကျောပေးပြီး ရပ်နေရာမှ လှည့်ကြည့်ပြီး ပြုံးပြလိုက်သောကြောင့်သူဘက်ကစပြီးမိတ်ဆက်စရာပင်မလိုတော့ပေ။

"မင်းတစ်ယောက်တည်းလား မုဖြာနွယ်"

"ရှင်တစ်ယောက်တည်းပဲမြင်တယ်မဟုတ်လား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို တစ်ယောက်တည်းပေါ့ရှင် ကျွန်မနာမည်ကို တော်တော်ရှင်တာသိပြီနော်"

"လှိုင်ကော်ပြီမှာ မင်းနာမည်ကိုမသိတဲ့လူက လှိုင်ကော်ပြီကို ရောက်ခဲ့တဲ့အစိုးပါ့ယ်သိပ်မရှိဘူး မဟုတ်လား"

"ဒီလောက်ကြီး ကျယ်ခမ်းနားနေသလားကိုနဒီရိုင်း"

"ဒီလိုပဲ လူတွေက ပြောကြတာပဲ"

"ဒါဆိုရှင်လည်း လူတွေပြောလို့ သိရတယ်ဆိုပါတော့"

"ကျွန်တော့်ကျတော့ လူတွေပြောပြတာမဟုတ်ဘူး"

"အင်း...ဘယ်သူတွေကပြောတာလဲ"

"တဲကြမ္မာနတ်မင်းကြီးက ပြောပြတာပါ"

"ရှင်စကားပြော ကောင်းတယ်နော်"

"ထင်လို့ပါ"

"တဲကြမ္မာနတ်မင်းကြီးက ပြောတယ်ဆိုတော့ ရှေ့ဘာဖြစ်မယ်ဆိုတာရော ပြောမသွားဘူးလား"

"ပြောသွားတယ်"

"ဘာတဲ့လဲ"

"ပန်းမုဩနွယ်ကို ကာကွယ်ပေးရဦးမယ်တဲ့"

သူမက နဒီရိုင်းမျက်နှာလေးကို စိုက်ကြည့်ပြီးနောက်

"ကျွန်မအတွက် ရှင်က ကယ်တင်ရှင်တစ်ဦးနေရာကိုယူနိုင်





လို့လား"

"မင်းတာဝန်ပေးကြည့်ပေါ့"

"ကျွန်မ အနံတယ်စသော်ရှိနဲ့ တိုင်ပင်ပြီး ရှင့်ကို ကျွန်မဘေး မှာ ခေါ်ထားလိုက်မယ်"

"ကောင်းပြီလေ၊ မင်းတို့ဆွေးနွေးကြည့်ပါဦး။ တကယ်လို့ အဆင်မပြေရင်လည်း ကိစ္စမရှိပါဘူး၊ မင်းကို အပြင်ကနေ ကူညီပေးနေမှာပါ"

"ရှင်...အဲ..."

"ဘာလဲ...မင်းက အံ့သြသွားတာလား"

"ဟုတ်တယ်...ရှင်နဲ့ကျွန်မက ဘယ်လိုပတ်သက်လို့ ရှင်က ဆောင်ရွက်ချင်တာလဲ"

"ပတ်သက်မှုတွေကိုတော့ မပြောတတ်ဘူး ပန်းမုဩနွယ်၊ ကျွန်တော်ပြောနိုင်တာ တစ်ခုပဲရှိတယ်"

သူမ နဒီရိုင်းစကားကို မျက်လုံးဝိုင်းကလေးဖြင့် နားစွင့် ၍နေသသည်။

နဒီရိုင်း စကားကို ချက်ချင်းမပြောသေးဘဲ ကျောက်ဝရုဇ်ခဲလေးကိုရေကန်လေးဆီသို့ပစ်ပေါက်ရင်း...

"ခေါင်းစဉ်တပ်လို့မရတဲ့ သံယောဇဉ်ကြောင့်ပါ ပန်းမုဩနွယ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



နဒီရှိုင်းစကားကို သူမ နားလည်မည်မဟုတ်ပေ… ဒါပေမယ့် အဓိပ္ပါယ်ကိုတော့ ဆက်ပြီးမမေး…။

စကားသံလေးတွေ ကောမှုတိတ်ဆိတ်သွားပြီး…။

"မင်းရဲ့ဘော်ဒီဂတ်တွေ မတွေ့ပါလား…"

"အလကားလူတွေပါ ကျွန်မအတွက်တကယ်တာကွယ်ပေးနိုင်တဲ့ သူတစ်ယောက်မှမရှိဘူး။ ခု ဒီနေရာကို တစ် ယောက်တည်း ထွက်လာတာ… ခုလောက်ဆို ကျွန်မပျောက်လို့ ယောက်ယက်ခတ်နေလောက်ပြီ"

"မင်း ကားနဲ့လာတာလား"

"ဟုတ်တယ် ဟိုမှာ ရပ်ထားတယ်… ဘာဖြစ်လို့လဲ ကိုနဒီရှိုင်း"

"မင်းပြန်ရင် ကျုပ်လိုက်ပြီးပို့ပေးရမလား၊ ဒီစကား ကိုပြောလို့… ကျုပ်ဘက်က အပိုလုပ်ပြီး ပြောတာတော့ မဟုတ်ဘူး၊ မင်းရဲ့ နောက်မှာ အမဲဖျက်မယ့်ကောင်တွေတွေ့နေရတယ်"

"ဟင်…"

"မင်းပြန်ချင်စိတ်ပေါ်တဲ့အခါ ပြောလေ"

နဒီရှိုင်းစကားကြောင့် စိတ်ထဲမှာ ကြောက်ရွံ့မှုလေးတော့ ပန်းမုခြာနွယ်ဖြစ်သွားလေ၏။

"ကိုနဒီရှိုင်း"

"ပြောလေ ပန်းမုခြာနွယ်"





"ကျွန်မပြန်ချင်တယ်"

"ခဏလေးနော်…"

နဒီရှိုင်း… ကျော်ဝိုလ်ကို လှမ်းပြီးခေါ်ကာ

"ဘာလဲ…နဒီ"

"မင်းကားနဲ့ ငါ့နောက်ကို လိုက်ခဲ့"

"မင်းကရော နဒီ"

"ငါသူ့ကိုလိုက်ပြီးပို့ရမယ်"

"ပန်းမုခြာနွယ်ကိုပို့ပေးမှာလား"

"ဟုတ်တယ်"

"အဆင်ပြေသွားပြီလား"

"ခုမှ အစပျိုးတုန်း ကဲ…သွားတော့"

ကျော်ဝိုလ်ကို ကားဆီသို့ပြန်နိုင်းပြီး ပန်းမုခြာနွယ်နှင့် ရပ်ထားသော ကားဆီသို့လာရင်း…

"မင်းသတိထားမိလား ပန်းမုခြာနွယ်"

"ကျွန်မသတိထားမိပါတယ်"

နဒီရှိုင်းတို့ကို နောက်မှ စောင့်ကြည့်နေသော ငနဲသားတွေ က (၅) ယောက်ထက်မကပေ။ ကားရပ်ါသို့တက်ပြီး နဒီရှိုင်းက ကား စက်နှိုးပြီး မောင်းထွက်မည်အပြု ကားနောက်ခန်းမှ လူတစ် ယောက်ကို လှစ်ခနဲတွေ့လိုက်ရပြီး ကားဘာရိတ်ကို ဆောင့်ပြီး နင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ကျွဲ–ဝုန်း"

"ကဲကွာ...ဖြောင်း"

"အမေ့"

ကားရှေ့ခန်းသို့ ဝိုက်ကျလာသော ကောင်ကို ရိုက်ချလိုက်ပြီး ကားပေါ်မှ ကန်ချလိုက်သည်။

"ဝူး..."

ကားစက်ကိုနှိုးပြီး ဂိတ်လမ်းပေါ်သို့ မောင်းထွက်ခဲ့တော့သည်။ သူတို့နောက်မှ ဆိုင်ကယ်သုံးစီးဖြင့် အတင်းလိုက်လာသည်ကို တွေ့လိုက်ရသည်။

ဆိုင်ကယ်နောက်တွင် ကျော်ဗိုလ်ကားလေးကလည်း အတင်းတိုးပြီးမောင်းလိုက်ကာ ကားလမ်းမှာ ကျောက်လမ်း ဖြစ်သောကြောင့် ကားမောင်းရသည်မှာ မလွယ်ကူလှသော်လည်း ဆိုင်ကယ်သမားများမှာ နောက်ကလိုက်မောင်းရသည်မှာ လွယ်ကူသဖြင့် ကားကိုမှီလာပြီး သေနတ်ကိုယ်စီ ထုတ်ထားလိုက် ကိုတွေ့လိုက်ရသည်။

"ကိုနဒီရှိုင်း...ဒီမှာ...သေနတ်"

ကားပေါ်သို့ဝင်နေခဲ့သော ငနဲဆီမှ ကျန်ခဲ့သော သေနတ်ကို ပန်းမှုကြာနွယ် လှမ်းပြီးပေးလိုက်သဖြင့် လှမ်းယူချိန်တွင်





တစ်ယောက်အနားသို့ ကပ်ပြီး သေနတ်နှင့်တေ့ချိန်လိုက်စဉ်...

"ဒိုင်း..."

"ဝုန်း...ဒိုင်း...ဒုန်း"

နဒီရှိုင်းမှ အရစ် ဦးအောင်ပစ်လိုက်နိုင်သဖြင့် လူကို မထိဘဲ ဆိုင်ကယ်ဘီးကို ထိမှန်ကာ ဆိုင်ကယ်မှာ လမ်းဘေးမှ သစ်ပင်ကြီးကိုဝင်ပြီး တိုက်သဖြင့် ဆိုင်ကယ်ပေါ်မှ လိုက်လာသော (၂) ယောက်လုံး လွင့်စဉ်သွားသည်။

နောက်မှထပ်ပြီး လိုက်လာသော ဆိုင်ကယ်(၂)စီး လူ(၄) ယောက်မှာ သူတို့ကားကို တစ်ဖက်စီမှ ကပ်လာပြီး

"ဒိုင်း...ဖောင်း"

"ဟင်...ဟာ"

နဒီရှိုင်းတို့ ကားဘီးသို့ ပစ်ပြီးဖောက်လိုက်လေသည်။ ဘေးတစ်ဖက်ဆီသို့ ယိမ်းသွားသော ကားကို ပြန်တည့်မတ်လိုက်ကာ ကားကို ထိုးရပ်လိုက်သည်။

ကားရှေ့မှာ နှစ်ယောက်၊ အနောက်မှာ (၂)ယောက်ပိတ်ရပ်လိုက်ပြီး သူတို့နှစ်ယောက်ကို သေနတ်ကိုယ်စီနှင့် ချိန် ထားလေသည်။

"တောင်းကောင်းမွန်မွန်ဆင်းခဲ့ရင် မင်းတို့အတွက် သင့်သမယ်"



www.burmeseclassic.com

www.burmeseclassic.com



နဒီရှိုင်းကိုပန်းမုခြာနွယ် စိုးထိတ်သော မျက်နှာလေးနှင့် ကြည့်ကာနေသည်။

"ဘာမှမစိုးရိမ်နဲ့ ပန်းမုခြာနွယ်"

"ဟုတ်ကဲ့.."

နဒီရှိုင်းကားတံခါးကိုဖွင့်ပြီး ခပ်အေးအေးပဲ ဆင်းလာ သည်။

"မင်းတို့ဘာလုပ်ချင်လဲပြောလေ"

"ငါတို့ လူမသတ်ချင်ဘူး။ ပန်းမုခြာနွယ်ကိုခေါ်သွား မယ် မင်းနေခဲ့"

"ကောင်းပြီ...ခေါ်သွားလေ"

"ကျားဆိုး....ထွဲခေါ်စမ်း.."

ကျားဆိုးကားတံခါးဖွင့်ချိန်တွင် ကျော်ဗိုလ်ကားက အတင်း မောင်းလာပြီးနောက်မှ(၂)ယောက်ကိုဝင်တိုက်မလိုလုပ် လိုက်ခြင်း ကြောင့် ဘေးသို့ရှောင်ထွက်လိုက်ချိန်မှာ နဒီရှိုင်း မိမိ ရေမှ သေနတ် သမားငနဲ့ကို ခြေစုံခုန်ကန်လိုက်သည်။

"အင့်..."

သေနတ်သမားဘေးသို့ပိုက်ကျသွားသည်ထိုသူ လက်မှကျ သွားသောသေနတ်ကိုအမြန်ကောက်ယူပြီးပစ်လိုက်သည်။

"ဒိုင်း...ဒိုင်း...ချွင်"

တစ်ဖက်မှ နှစ်ယောက်မှလည်းသေနတ်နှင့်လှမ်းပြီးပစ်ခေ





မဲ့ ကြားတွင် ကျော်ဗိုလ်ကားကခံနေခြင်းကြောင့် ကားကိုထိမှန် သွားသည်။

"ဒိုင်း...အား"

(၂)ယောက်ထဲမှ တစ်ယောက်ထိမှန်သွားပြီး ကျန် တစ် ယောက်ကိုကျော်ဗိုလ်ပြေးပြီးကန်ချလိုက်သည်။

နဒီရှိုင်းတို့ရှင်းရရာ ကားပေါ်မှ တစ်ယောက်သာ ကျန် တော့သည်။

ဒါပေမယ့်သူ့ကိုရှင်းစရာမလိုတော့ပေ၊ ပန်းမုခြာနွယ် က သေနတ်နှင့်တေ့ချိန်ပြီးကားပေါ်မှ ဆင်းခိုင်းနေလေသည်။

"ကိုနဒီရှိုင်း ကျွန်မဘာဆက်လုပ်ရမလဲ"

"ပစ်ချလိုက်ဗျာ..."

"ဗျာ...မလုပ်ပါနဲ့ဆရာတို့ရယ်"

ငနဲသားကြောက်ရွံ့စွာပြောနေလေသည်။

"မင်းတို့ကိုဦးရာဇာဦးခိုင်းတာမဟုတ်လား"

"ဟုတ်...ဟုတ်ပါတယ်ဆရာ"

"ဒါဆိုရင် ပြောလိုက်၊ ပန်းမုခြာနွယ်ကို လိုချင်ရင် နဒီရှိုင်း ဆိုတဲ့ကောင်ကို အရင်ရှင်းနိုင်အောင်လုပ်လို့"

"ဟုတ်...ဟုတ်ကဲ့ပါ"

"သွားတော့မင်းကောင်တွေနဲ့ပြီးခေါ်သွား၊ ပန်းမုခြာနွယ် မင်း



www.burmeseclassic.com

www.burmeseclassic.com



တာတာတော့ မောင်းလို့မရတော့ဘူး ဘီးပေါက်နေပြီ ကားထားခဲ့ရမယ်"

"ရတယ်၊ နောက်မှပဲ လာယူနိုင်းလိုက်မယ်"

မန်းမုဒြာနွယ်ကို ကားနောက်ခန်းမှ ထိုင်ခိုင်းပြီး ကျော်ဗိုလ်ကကားမောင်းကာ နဒီရှိန်းဘေးမှ လိုက်ပါလာခဲ့တော့သည်။

"ကိုနဒီရှိန်း"

"ဘာလဲ...ကျေးဇူးတင်တယ်လို့ပြောမလို့လား"

"ကျေးဇူးတင်ဖို့မလိုတော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ရှင်ကကျွန်မရဲ့ဘော်ဒီဂတ်ဖြစ်သွားပြီလေ"

"သေချာရဲ့လား မင်းအန်ကယ်က လက်မခံရင် ဘယ်လိုလုပ်မလဲ"

"သူကပိုပြီးလက်ခံမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ဘေးကကောင်တွေက ဘာမှအသုံးမဝင်ဘာ၊ ပထမတစ် ခေါက်ထဲက ကိုနဒီရှိန်းကိုအန်ကယ်က သဘောကျနေတာ"

"လစာကောင်းကောင်းရမှာပေါ့"

"ရစေပါ့မယ်ရှင် ... ရှင်ဘယ်လောက်ရမှ အလုပ် လက်ခံမှာလဲ"

"ပေးချင်သလောက်ပေးပါ... အရေးကြီးတာ မင်း ဘေးမှာ





နေခွင့်ရဖို့ပဲ အရေးကြီးတယ်"

"ရှင်..."

"ကျုပ်စကားကို တစ်မျိုးမမြင်ပါနဲ့ ကျုပ်ဆိုတဲ့ကောင် ကနုလိုက်ရတွေကို အရမ်းကိုစိတ်ဝင်စားပြီးတော့ဝါသနာပါတယ်လေ၊ မင်းကိုရန်မူနေတဲ့ သူတွေကို ကာကွယ်ပေးချင်တာ ပင်ကိုယ်စိတ်ကြောင့်..."

သူမဘာမှစကားသံမထွက်ဘဲ ခပ်ရေးရေးလေးပြုံးကာ ကြည့်နေလေတော့သည်။ နဒီရှိန်းအတွက်တော့ သူ့ဆန္ဒလေး ပြည့်ခဲ့ပြီ ဖြစ်သောကြောင့် တကယ်ပင်ကျေနပ်သွားခဲ့လေပြီ။

ဦးရာဇာဦး၊ ဒေါ်စောမြလှိုင်တို့နှင့် စိန်ခေါ်မှုကြီးတစ်ရပ်ကို နဒီရှိန်းဆက်ပြီးရင်ဆိုင်ရတော့မှာ မဟုတ်လား။

၁၇၀၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

နဒီရှိန်းတို့အိပ်ရာထပြီး နှစ်ဦးသား ကော်ဖီသောက်နေသည်။

"နဒီ"

"ဘာလဲ ကျော်ဇိုလ်"

"မင်းတကယ်ပဲ ဆုံးဖြတ်လိုက်ပြီလား"

"ဆုံးဖြတ်ပြီးလို့ ပြောလိုက်တာပေါ့၊ ကျော်ဇိုလ်ရာ ဘာဖြစ်လို့လဲ..."

"မင်း...ပန်းမုဖြာနွယ်ရဲ့ ဘော်ဒီဂတ် လုပ်မှာတယ် ဆိုတာ ကျည်ဆန်တွေကိုဖိတ်ခေါ်တာနဲ့အတူတူပဲ..."

"ကျော်ဇိုလ်လူဆိုတာ သေမယ့်ချိန်ကိုရောက်ရင် သေရမှာပဲ၊ အချိန်မတန်သေးလို့ကတော့ သေနတ်မပြောနဲ့ လောင်ချာ ကြီးနဲ့





တင်ပြီးပစ်ရင်တောင် သေချင်မှသေတာပါကွာ"

"ငါထဝ်ပြီး...မေးမယ်"

"မေးလေ..."

"မင်း... ပန်းမုဖြာနွယ်အတွက် လုပ်ကိုင်ပေးတဲ့ ရည်ရွယ်ချက်က ဘာလဲ..."

"မင်းကိုငါပြောခဲ့ပြီးပြီလေ"

"ဟုတ်ပါတယ် မင်းပြောစဉ်က ငါဒီလောက်ကိုမထင် လို့ပါ"

"ခုတော့ တကယ်ထင်လိုက်ပြီပေါ့"

"ထင်လိုက်ပြီ...နဒီ...ဟာ...ကားသံကြားတယ်"

ခြံဝဆီမှ ကားစက်ရပ်သံကြားလိုက်ရပြီး ခြံစောင့် စောအဲရှုး နဒီတို့ဆီသို့ရောက်လာပြီး

"ဆရာ...ကိုနဒီရှိန်းကိုတွေ့ချင်လို့တဲ့"

"ဘယ်သူလို့ပြောလဲ..."

"ပန်းမုဖြာနွယ်က လွှတ်လိုက်တာပဲ"

"စောအဲရှုး ဝင်ခွင့်ပြုလိုက်ပါကွာ..."

"ဟုတ်ကဲ့..."

စောအဲရှုးထွက်သွားပြီး ခြံတံခါးဖွင့်ပေးလိုက်သည်နှင့် အနက်ရောင်ကားလေးမောင်းဝင်လာသည်၊ ကားရပ်သည်နှင့်ကား ပေါ်မှ အနောက်တိုင်းဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်ထားသော



www.burmeseclassic.com

လူကြီးတစ်ယောက်ဆင်းလာခဲ့သည်။

"မောင်နဒီရှိုင်းဆိုတာ မောင်ရင်ထင်တယ်"

"ဟုတ်ပါတယ်..အန်ကယ်"

"သမီး ပန်းမုဒြာနွယ်က အခေါ်လွှတ်လိုက်တာပါ၊ ဟိုမှာ ဦးမင်းဒေသာ်လည်း စောင့်နေတယ်၊ တစ်ခါတည်းလိုက်ခဲ့ စေချင်တယ်"

"ဟုတ်ကဲ့...လိုက်ခဲ့ပါမယ်၊ ကျော်ပိုလ်ငါလိုက်သွားလိုက်ဦးမယ်"

"အင်း..."

ကျော်ပိုလ်ကို ပခုံးပုတ်ပြီး ကားပေါ်သို့ နဒီရှိုင်းတက်ခဲ့တော့သည်။

"အန်ကယ်နာမည်က ဦးမဂ်ကီလို့ခေါ်တယ်"

"ဟုတ်ကဲ့..."

"သမီးပန်းမုဒြာနွယ်ကို အနီးကပ်စောင့်ရှောက်ပေးနေရတဲ့ ဦးလေးတစ်ဦးပါ"

ဦးမဂ်ကီပြောသောစကားများကို နဒီရှိုင်း နားထောင်ရင်း သာလိုက်ပါလာခဲ့သည်။

"သမီးလေးက မောင်ရင့်ကို အရမ်းအားကိုးနေတယ် သူ့ကို ကယ်ခဲ့တာ(၂)ကြိမ်ရှိပြီဆို"





"ဟုတ်ပါတယ် တိုက်တိုက်ဆိုင်ဆိုင်ကြုံသွားတာပါ"

"မောင်ရင့်ဇာတိကရော.."

"မန္တလေးဇာတိပါ..."

"ဓာတ်ပုံဆရာလို့ပြောတယ်"

"ကြေးစားအဆင့်တော့ မဟုတ်ပါဘူး။ ဝါသနာ ကြောင့် အပျော်တမ်း သဘောဖြင့်ရိုက်နေတာပါ"

"အိမ်ထောင်ရှိလား"

"မရှိပါဘူး"

"ရည်းစားလေး ဘာလေးရော"

"မရှိပါဘူး"

နဒီရှိုင်း၏အဖြေစကားကို ဦးမဂ်ကီသိပ်ပြီး သဘောမကျသလို ဖြစ်သွားပေမယ့် ဟန်မပျက်နေလိုက်သည်။

ဦးမဂ်ကီစိတ်ထဲမှာ ပန်းမုဒြာနွယ်နှင့် နီးစပ်သွားမည်ကို မနှစ်မြို့သည့်သဘောဆောင်နေသည်။ ပြီးနောက် ဦးမဂ်ကီထံ မှစပ်စပ်စုစု စကားများကို မကြားရတော့ပေ။

"တီ...တီ...တီ"

ခြံကြီးရှေ့တွင် ကားဟွန်းသံပေးလိုက်သည်။ ခြံစောင့် က အပြေးကလေးရောက်လာပြီး တံခါးဖွင့်ပေးသောကြောင့် ဦးမဂ်ကီ ကားပေါ်မှဆင်းပြီး

www.burmeseclassic.com



"မောင်သိန်း"

"ရှာ..အန်ကယ်"

"ကဲကွာ..."

"ကြောင်း"

ခြံစောင့်လေးကို ဦးမဂ်ကလက်ပြန်ရိုက်ချလိုက်သည်။

"ကိုယ်စနေရာမှာ မနေတဲ့အကျိုးပဲ၊ ငါကဟွန်းတီးပြီး စောင့်ရတာကို သိပ်မကြိုက်ဘူး"

"ဟို...ဟို...ကျွန်တော်...ဟို"

"တော်...ဘာမှဆက်ပြီးမပြောနဲ့တော့"

တစ်ဇက်မှရှင်းပြသည်ကို လက်မခံဘဲ ဩဇာအာဏာ သုံးပြီး အပြစ်ဒဏ်ပေးသည်ကို နဒီရှိုင်းစိတ်ထဲမှာ သိပ်ပြီးတော့ မကြည်လင်ပေမယ့် ရုပ်ရှုပြောဟောဝန်အိမ်ကြီးဆီသို့ရောက်ခဲ့ သဖြင့် ကြည့်ရှုအံ့ဩ ကြည့်နေလိုက်သည်။ ကားကိုအိမ်ရှေ့တွင်ထိုးရပ်လိုက်ပြီးနောက်

"ဆင်းလို့ရပါပြီ..မောင်ရှင်"

ဦးမဂ်၏လေသံမှာ ခပ်မာမာပင် ထွက်လိုက်သည်။

နဒီရှိုင်းကားပေါ်မှ ဆင်းလိုက်ချိန်တွင် ဦးမင်းသော်နှင့် ပန်းမုကြာနွယ်တို့အိမ်ကြီးရှေ့ထွက်လာကြသည်။

"မောင်နဒီရှိုင်း လာကွယ်၊ ခြံထဲမှာစကားပြောကြရအောင်"





"ဟုတ်ကဲ့..."

"ဦးမဂ်"

"ဘာလဲ သမီး"

"ခုနက မောင်သိန်းကိုရိုက်လိုက်တယ်မဟုတ်လား"

"ဟုတ်တယ် သမီး အပြစ်ပေးတာ"

"ဦးမဂ် ခင်ဗျားခုလို လက်လွတ်စပယ်လုပ်တာ တွေကို ဆင်ခြင်ဖို့ကောင်းနေပြီဗျာ"

"ဘာဖြစ်လို့လဲ ဦးမင်းသော်"

"ဘာဖြစ်ရမှာလဲဗျ၊ မောင်သိန်းကို သမီးမုကြာကပန်းအိုးတွေ ရေလောင်းခိုင်းထားတာ"

"ကျုပ်ကမသိလိုက်ဘူး"

"ဦးမဂ်နော်..ဒါမျိုးကျွန်မမကြိုက်ဘူး..... လာ ကိုနဒီရှိုင်း"

ဦးမဂ်မကျေနပ်ပေမဲ့ ဘာမှပြန်ပြီးမပြောရဲသည့် အနေအထားရှိသောကြောင့် ငြိမ်သက်သွားသည်။ ခြံထဲရှိမြက် ခင်းစိမ်းပေါ်တွင် ခင်းကျင်းထားသော စားပွဲဝိုင်းလေးတွင် (၃) ယောက်သား ဝိုင်းထိုင်ကြစဉ်..

"မောင်နဒီရှိုင်း သောက်တတ်လား"

"ကျွန်တော်အရက်မကြိုက်ဘူးအန်ကယ်"

"တော်သေးတာပေါ့ကွယ်... လာခါနီး ဦးမဂ် မေးတာ မြန်း



www.burmeseclassic.com

www.burmeseclassic.com



တာရှိသေးလား"

"နည်းနည်းပါးပါး မေးတာရှိပါတယ်"

"တောက်...သေသေချာချာ ပြောထားရက်နဲ့ကွာ."

"သူ့ကိုစွ သမီးရှင်းပါမယ်...အန်ကယ်"

"သမီးရှင်းလို့မကောင်းဘူး.....ထားပါ မောင်နဒီရိုင်းကိုခေါ်တဲ့ ကိစ္စကို စကားပြောကြရအောင်...မောင်နဒီ"

"ပြောပါ...အန်ကယ်"

"မောင်ရင်...သမီးလေးအတွက် ဘော်ဒီဂတ်လုပ်ဖို့ ကိုသေသေချာချာ ဆုံးဖြတ်ပြီးပြီလား"

"ပြီးပါပြီ"

"ရကတည်းက အပွင့်လင်းဆုံးပြောထားမယ်....မောင်နဒီရိုင်း သမီးလေးကို အန္တရာယ်ပြုတဲ့သူတွေက ခုစရိုက် လောကမှာ ထိပ်တန်းအဆင့်ရှိကြတဲ့သူတွေ..."

"သူတို့ ဒီလောက်ရမ်းကားနေတာကို သက်ဆိုင်ရာကို အကြောင်းမကြားဘူးလား...အန်ကယ်"

"အကြောင်းကြားလည်း သိပ်ပြီး မထူးခြားနိုင်ဘူး... ဘာကြောင့်လဲဆိုတော့ ဦးရာဇာဦးနဲ့ ဒေါ်စောမြာလှိုင်တို့က အနေအထိုင်သိပ်ပြီးပိရိကြတယ်၊ သက်ဆိုင်ရာကို သိသင့်သလောက် အတော်အကြောင်းကြားထားပါတယ်၊ သိသင့်စောင့်ရှောက်ပေးရတဲ့





အဖြစ်မျိုးတော့မဖြစ်စေချင်ဘူး။ အများရဲ့တာဝန်ကို ယူနေကြရတဲ့သူတွေကို သီးသန့်ကြီးတော့မဖြစ်စေချင်တာလည်းပါပါတယ်..."

"ကျွန်တော် မေးချင်တာ တစ်ခုရှိတယ်.. ဒါလည်း ဖြေသင့်မှဖြေပါ"

"မောင်နဒီရိုင်း ဘာမေးချင်လဲ မေးပါ.."

"ပန်းမုခြာနွယ်ကို ဘာကြောင့်အန္တရာယ်ပြုနေတာလဲ၊ သတ်ချင်ကြတာတော့ မဖြစ်နိုင်ဘူး... လူကို ဖမ်းဆီးချင်တဲ့ အနေအထားမျိုးကို ကျွန်တော် သတိပြုမိတယ်"

"သိပ်ဟုတ်တာပေါ့ကွယ်... သမီးလေးကို သူတို့က အရှင်ဖမ်းမိချင်ကြတာ... ဘာကြောင့်လဲဆိုတာကို အန်ကယ် စုတော့ မပြောပြနိုင်သေးတာ ခွင့်လွှတ်ပါ..."

"ရပါတယ်...အန်ကယ်"

"နောက်တော့... အန်ကယ် အေးအေးဆေးဆေးပြောပြပါမယ်... ဒါနဲ့ မောင်နဒီရိုင်း ဘယ်တော့လောက် ဒီကို ပြောင်းလာမှာလဲ...ဖြစ်နိုင်ရင် ဒီနေ့ပဲပြောင်းလာစေချင်တယ်"

"ဟုတ်ကဲ့...အန်ကယ် ကျွန်တော်အဝတ်အစားတွေ ပြန်ယူပြီးလာခဲ့ပါမယ်"

"ဪ... မောင်နဒီရိုင်း တစ်လကို တစ်သိန်းပေးမယ်... ဖြစ်မလား"

www.burmeseclassic.com



နဒီရိုင်းငွေကြေးကိစ္စကိုမပြောချင်ပေမယ့်အသားလွတ်ကြီး ပန်းမုံ့ခြာနွယ်နား၏ ပ်နေခြင်းသည် သိပ်ပြီးသဘာဝမကျသဖြင့်...

"ဖြစ်ပါတယ်.. ဒါဆို ကျွန်တော့်ကို အိမ်ပြန်ပြီး အဝတ်အစား ပြန်ယူခွင့်ပြုပါဦး"

"ကိုနဒီရိုင်း အပြင်သွားရင် ကားပါယူသွားလေ.. ပြီးတော့... မုခြာပါရေးဘက်ကို လိုက်ချင်တယ်..အန်ကယ် လိုက်သွားရမလား"

"သမီးလေး လိုက်ချင်ရင်လိုက်သွားလေ... မောင်နဒီရိုင်း နဲ့ဆို စိတ်ချပြီးသားပါ...မောင်နဒီရိုင်းရော..."

"ဟင်..."

ပစ္စတိုသေနတ်လေးကို ထုတ်ပေးလိုက်သည်၊

"ဒီသေနတ်က လိုင်စင်နဲ့ကိုင်တဲ့ သေနတ်ပါ၊ သမီးလေး လုံခြုံရေးအတွက် အရေးပေါ်အသုံးပြုဖို့အတွက် ဆောင် ထားပါ မောင်နဒီရိုင်း"

နဒီရိုင်း.. ဦးမင်းသော်ပြောသလို တစ်ဖက်တွင်သူရင် ဆိုင်ရမည့် သူတွေဆီမှာ လက်နက်တွေကိုယ်စီရှိနေသဖြင့် လိုရမည်ရ ယူထားလိုက်သည်။

"ပန်းမုခြာနွယ် သွားကြရအောင် ဘယ်ကားနဲ့ သွားမလဲ"

"ဟိုမှာ ရပ်ထားတဲ့ ကား(၃)စီးထဲက ကိုနဒီစိတ်ကြိုက်ကား လေးတို ယူပြီးမောင်းပါ"





နဒီရိုင်း ခပ်ပေါ့ပေါ့လေး မောင်း၍ကောင်းသည့် ဝီလီ ဂျစ် လေးကို ရွေးပြီးမောင်းလာခဲ့တော့သည်...သူ့ဘေးတွင်ပန်းမုခြာနွယ် ဆံနွယ်လေးများကို သပ်လျက်လိုက်ပါလာသည်။

"မုခြာဘဝမှာ ကိုယ့်ကိုယ်ကို စိတ်ချလုံခြုံမှုအပြည့်နဲ့ အမြင် တွက်ရတဲ့နေ့ကိုပြောရရင် ဒီနေ့လို့ပြောရမှာပဲ.."

"ဘာလို့လဲ...ပန်းမုခြာနွယ်"

"ကိုနဒီရိုင်း...မုခြာဘေးမှာ ရှိနေလို့ပေါ့"

"ဒီလောက်ထိ အထင်ကြီးတယ်ပေါ့"

"အထင်ကြီးတာ မဟုတ်ပါဘူး..စိတ်ရှယုံကြည်တာ ပါ"

"ပန်းမုခြာနွယ်ရေ ကိုယ်နဲ့ရင်ဆိုင်ခဲ့တဲ့ အကောင်တွေက ခပ်ညံ့ညံ့အကောင်တွေ ဖြစ်လို့နော်... သိပ်ပြီး မယုံကြည်နဲ့ဦး"

"ဟင့်အင်း..ဖွတ်ကို ယုံကြည်နေမှာပဲ.. ခိ..ခိ.."

ပန်းမုခြာနွယ် သူ့စကားလေးကို သူ့သဘောကျပြီး ပုလဲ သွယ်သွားလေးတွေကို မပေါ်တပေါ်လေး ရယ်တော့သည်။

"ပန်းမုခြာနွယ် ဈေးမှာ ဘာဝယ်စရာရှိလို့လဲ.. ဘယ် မှာကား ရပ်ပေးရမလဲ"

"ကျွန်မ ဝယ်စရာမရှိပါဘူး... ကိုနဒီရိုင်းနဲ့ ကား အတူတူ စီးချင်လို့ တမင်လိုက်လာခဲ့တာပါ"

"အန္တရာယ်တွေလိုက်လာမှာကို မကြောက်တော့ဘူးလား



www.burmeseclassic.com

www.burmeseclassic.com



ပန်းမုခြာနွယ်"

"ကိုနဒီရှိန်းဘေးမှာရှိတယ်လို့ ပြောပြီးပြီပဲ...ကိုနဒီရှိန်း"

"ဘာများလဲ...ပန်းမုခြာနွယ်"

"မုခြာကို အရင်နှိုးဆုံးလူလို့ သတ်မှတ်ပါလား"

"သတ်မှတ်ပါတယ်"

"ဒါဆို...ပန်းမုခြာနွယ်လို့ သူစိမ်းဆန်ဆန်ကြီး မခေါ်ပါနဲ့လား"

"ဘယ်လိုခေါ်ရမလဲ"

"ကိုနဒီရှိန်းစိတ်ထဲက ခေါ်ချင်သလိုခေါ်ပါ"

"ခြာလို့ခေါ်ချင်တယ်"

"အင်း... ကိုနဒီရှိန်းကို ကိုဒီလို့ ခေါ်မယ်"

"ခေါ်နိုင်ပါတယ်...ခြာ"

"အပေးအယူ အဆင်ပြေသွားပြီ...နော်"

တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်ယှက်နွယ်သော အနေအထားတွေ ကိုယ်စီဖြစ်သွားကြသည်။ လှိုင်ကော် မြို့ထဲမှာ ဖြစ်နေ၍ အနှောင့်အယှက်ရန်တွေ မတွေ့ရပေ။

"ကိုဒီ ကားခဏရပ်ပေးပါ"

နဒီရှိန်း ကားရပ်ပေးလိုက်သောနေရာက စတိုးဆိုင် တည့်တည့်ပင်။ သူမ ကားပေါ်က ဆင်းသောအခါ သူပါလိုက် ဆင်းလာခဲ့သည်။ အန္တရာယ်ဆိုသည်မှာ ပြော၍မရပေ။ သူမ စတိုးဆိုင်ထဲ၌





"နိုက်" တံဆိပ်အနက်ရောင် လျှာထိုးဦးထုပ်လေး ကို ဝယ်ယူပြီး ပြန်ထွက်လာသည်။

"သွားကြရအောင်"

ကားပေါ်သို့ရောက်သည်နှင့်

"ဒါခြာရဲ့ဝင်မင်မှုအမှတ်တရလက်ဆောင်ယူရမယ် နော်"

"ဘော်ဒီဂတ် အမှတ်တံဆိပ်လေးပေါ့"

"ဘော်ဒီဂတ်ဆိုတဲ့ စကားလုံးက နားထောင်လို့မကောင်း ဘူး...သက်တော်စောင့် တပ်မှူးလေး"

"ဒါဖြင့် ခြာက ထိပ်ထားသခင်မလေးပေါ့"

"အဲဒီလောက်အပေါ်ကိုမတင်နဲ့လေ မြှောက်တျရင် မသက်သာ ဘူး"

"တပ်မှူးလေးနဲ့လိုက်ဖက်တာ ဒါပဲရှိတယ်"

"ကိုဒီ သတ်မှတ်မယ်ဆိုရင် ကျေနပ်လက်ခံပေးပါ့မယ်ရှင်.."

ကျော်ဗိုလ် အိမ်ရှေ့ဝသို့ရောက်၍ ခြံထဲသို့လှမ်းကြည့်လိုက် သောအခါ...

"ဟင်..."

ခြံထဲမှာ ကားတစ်စီးရပ်ထားသည်ကို တွေ့လိုက်ရ၍ စိတ်ထဲ ဘေကာသလို ဖြစ်သွားခဲ့သည်။ ကျော်ဗိုလ်တစ် ယောက် တစ်ဝုံ တစ်ခုဖြစ်နေပြီဟု သတ်မှတ်ပြီး ကားကိုဆက်ပြီး မမောင်းတော့

www.burmeseclassic.com



အမြှင်တွင်ရပ်ကာ ခြံဝင်းထဲအခြေအနေကို လှမ်း ကြည့်နေစဉ် လူ နှစ်ယောက် နဒီရိုင်းတို့အနားသို့လျှောက်လာပြီး...

"ခင်ဗျားလူကို...အိမ်ထဲမှာ ဖမ်းထားတယ်...ကောင်း ကောင်း မွန်မွန် ဝင်သွားပါ..."

"မဝင်ဘူးဆိုရင်ရော..."

"ဒါဆိုရင် ခင်ဗျား သူငယ်ချင်းရဲ့ကံကြမ္မာက မကောင်း ဘူးဖြစ် သွားမှာပေါ့ဗျာ..."

နဒီရိုင်း တစ်ခုခုစွေးချယ်ရတော့မယ်...သူနှင့်အတူ မှုခြာနွယ်ပါ ပါလာခြင်းကြောင့် သူတို့အတွက်ခေါင်းဆောင်လာ ပေးသလိုပင် ဖြစ် မည်။ ကျော်ဝိုလ်ကိုသူတို့ သတ်ဖြတ်သည့် အထိတော့ လုပ်ရဲမှာ မဟုတ်... ပြီးတော့ သူ့ဘေးတွင် ရောက်လာသည့် နှစ်ယောက်က လည်း လမ်းမအလယ်ဖြစ်နေ၍ သေနတ်ထုတ်ပြီး သုံးရဲစရာမှ သဖြင့်...

"သိပ်ပြီး အချိန်မဆွဲနဲ့ ဝင်ဖို့ကောင်းပြီ"

"ကဲ...ဝင်ပြီကွာ..."

"ဖြောင်း...အင့်..."

လူဆိုးတစ်ယောက်၏ ရင်ဝဆီသို့ ခြေထောက်က ရောက် သွားပြီး နောက်တစ်ယောက်ကိုပါ တစ်ပြိုင်တည်းမှင်း ဆိုက်ရသည်။

နဒီရိုင်း၏ ကန်ချက်တွေက သိပ်ပြီးမပြင်းသောကြောင့်





ငနဲသားနှစ်ယောက် ခါးကြားမှ ခါးပြောင်တွေကို တိုက်ခိုက်ရန် မြင်လေသည်။

"ဒီ..."

"ခြာ..."

ပန်းမုခြာနွယ်ကို ဓားပြောင်သမားတစ်ယောက်က လက် လှမ်းဆွဲပြီး ဓားပြောင်နှင့်ထောက်မည်အံပြု

"ဒုတ်...အီး..."

"ဟာ...ဇင်မျိုးလတ်"

နဒီရိုင်း သူငယ်ချင်း ဇင်မျိုးလတ်နောက်မှ ရောက်လာ ပြီး ဓါးသမားလက်ကို ချုပ်ကိုင်ကာ ဇက်ပိုးရိုက်ချလိုက်သည် နှင့် ဓါး သမားမှောက်သွားပြီး ကျန်တစ်ယောက်မှာ ထွက်ပြေး သွားလေ သည်။

"တော်သေးတာပေါ့...ကွာ မင်းရောက်လာလို့.. အိမ်ထဲမှာ ကျော်ဝိုလ်ကို ဓါးစာခံလုပ်ထားကြတယ်"

"ဟင်...လူအင်အားဘယ်လောက်ရှိလဲ..."

"ဒါတော့ မပြောတတ်ဘူး"

"ငါတို့နှစ်ယောက်တည်းနဲ့တော့ ဝင်ပြီးနွှဲလို့မလွယ်ဘူး...ခက ကွာ"

ဇင်မျိုးလတ် သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဆီသို့ အရေးပေါ်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးမြို့ထဲသို့ဝင်ရန်အတွက်မြင်းဆင်လိုက်သည်။

"ငါဝင်မယ် ဇင်မျိုးလတ်.. မင်းအနောက်ကနေ ဝိတ်ဆိုင်းဖို့မြင်းထားလိုက်"

"သတိနဲ့တော့သွား..နဒီ"

"အေးပါကွာ..."

နဒီရိုင်းက မြို့တံခါးကိုဖွင့်ပြီး အိမ်ကြီးဆီသို့ ခပ်အေး အေးပဲလျှောက်သွား၍အိမ်ထဲရောက်သည်နှင့်..

"နှစ်ယောက်စလုံးကို ခါးတစ်လှပ်ပြီး ခေါ်သွားမယ်"

လူဆိုးခေါင်းဆောင်က သူ့ကိုလှမ်းပြီးပြောလိုက်သောကြောင့်...

"လွယ်လှချည်လားကွ...ငါတို့က မြေမပါ လက်မပါ တွေကျနေတာပဲ..."

"ဒီမှာ..တွေ့လား..."

လူဆိုးခေါင်းဆောင်က ခါးကြားမှ သေနတ်ကိုထုတ်ပြီးပြလိုက်သည်။

"ဘာလဲ...သေနတ်ရောင်းမလို့လား ဦးပအေနဲ့ မလွတ် ကင်းတာတွေကိုမလုပ်ချင်စမ်းပါနဲ့ကွာ...တခြားမှာ သွားပြီးရောင်း"

"ဒီကောင်တော့ သေချင်ပြီ..ဟိုကောင်ပဲတူနဲ့ ပေါက်ခေါ်"

"မင်းတို့နှစ်ယောက်တည်းဆိုရင်တော့ လက်ရည် မညီ ဘူး





ထပ်ပြီးခေါ်လိုက်ဦး.. မင်းတို့လူနှစ်ယောက်ကတော့ မြို့ဝမှာ သိပ်ထားခဲ့ပြီ..မင်းတို့ကိုသိပ်ဖို့ပဲကျန်တော့တယ်"

နဒီရိုင်းလက်ဖွမ်းကိုကြြဘူးသော ကောင်တွေပါပါနေသဖြင့် ခပ်တွန့်တွန့်ဖြစ်နေသည်။

"ကြာတယ်ကွာ..."

"ယား...ယီး...အု"

အသံတွေပေးပြီး ပြေးလာချိန်မှာ ကျော်ဗိုလ်ဓားက အကောင်ကို ကျော်ဗိုလ်ကိုယ်တိုင် ရှင်းလိုက်သည်။ ၄ယောက် ၂ယောက် တိုက်ပွဲတော့ ဖြစ်သွားတော့သည်။ ကျော်ဗိုလ်လက်ရည်က မခေသဖြင့် သေနတ်သမားတစ်ယောက်ကလွဲပြီး ကျန်သူများမှောက်သွားချိန်တွင်....

"သေ...ပေါ်း...ကွာ..."

"ဒိုင်း...အား..."

ဇင်မျိုးလတ်အဝေးမှ လှမ်းပြီးပစ်ချလိုက်သဖြင့် သေနတ်သမားနောက်သို့လှန်ပြီး သေနတ်လွတ်ကျသွားသည်။ သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များရောက်လာသောကြောင့်လူဆိုး၆ယောက်ကို ဖမ်းဆီးနိုင်ပြီး တစ်ယောက်သာ လွတ်မြောက်သွားလေတော့သည်။

လူဆိုးအားလုံးကို ခေါ်ဆောင်သွားပြီးနောက် ကျော်ဗိုလ်တို့အိမ်ထဲတွင် နဒီရိုင်း၊ ပန်းမုခြား[illegible]၊ ဇင်မျိုးလတ်၊ ကျော်ဗိုလ်တို့ ၄



www.burmeseclassic.com

www.burmeseclassic.com



ဦးသာ ကျန်ရစ်ခဲ့သည်။

"ငါလည်း... လှိုင်ကော်ကို စပြီးရောက်တဲ့နေ့ကတည်း က အထူးတာဝန်တစ်ခုကိုပေးခြင်းခံရတာပဲ နဒီ၊ ဒီတာဝန်က ဘာလဲဆိုတော့ ဟောဒီက ပန်းမုဒြာနွယ်ကို စောင့်ကြည့်ပေးဖို့ပဲ၊ ခုတော့ အဆင်ပြေသွားပြီပေါ့ကွာ.....၊ ငါကိုယ်စား မင်းက ပန်းမုဒြာနွယ် အနားမှာလခစားရောက်သွားပြီလေ..."

"ဇင်မျိုးလတ် ငါ ပန်းမုဒြာနွယ်အနားမှာနေတာ မင်းကိုယ်စားမဟုတ်ဘူး...ငါ့ရဲ့ဝါသနာကြောင့်..."

"ဟုတ်ပါတယ်ကွာ...ဒါက မင်းကိုအထူးကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ပန်းမုဒြာနွယ်"

"ပြောပါ...ကိုဇင်မျိုးလတ်"

"ဦးရာဇာဦးတို့က ဘာကြောင့် ပန်းမုဒြာနွယ်ကို ဖမ်းချင်တာလဲ"

"ကျွန်မ အမှန်အတိုင်းပြောရရင် ကျွန်မကိုယ်တိုင် ခုထိ ဘာမှမသိရသေးတာ အမှန်ပါ၊ အန်ကယ် ဦးမင်းသော်က ကျွန်မကို ဘာမှမပြောပြဘူး... မေးလိုက်တိုင်း... တစ်နေ့သိရမှာလို့ပဲ ပြောတယ်..."

"အကြောင်းတစ်ခုခုတော့ ရှိမှာပေါ့ကွာ၊ တစ်နေ့တော့ အဖြေပေါ်မှာပေါ့ကွာ၊ ခုဖမ်းမိထားတဲ့ကောင်တွေဆီက ဘာ





တွေဝန်ခံမယ်ဆိုတာကို နားထောင်ပြီး ဆက်လုပ်သင့်တာကို ဆက်ပြီးလုပ်ရမှာပဲ...နဒီ"

"ဘာများလဲ...ဇင်မျိုးလတ်"

"ဒီနယ်မြေကနယ်စပ်ဘက်က အဝင်အထွက်တွေ ရှိတယ်၊ ဦးတော့ တောတွင်းသောင်းကျန်းသူတွေလည်းရှိတယ်၊ မင်း သတိတော့လွှတ်စေနဲ့၊ ငါလည်းမင်းနောက်မှာရှိနေမှာပါ"

"ငါ့အတွက်စိတ်ချပါကွာ... မင်းနဲ့အရေးပေါ် ဆက် သွယ်နိုင်ဖို့ဖုန်းနံပါတ်လေးပေးထားဦး"

"ဒါ ငါ့ဖုန်းနံပါတ်ပဲ ယူထားလိုက်၊ ငါသွားမယ် ဖမ်း ထားတဲ့ ကောင်တွေကို စစ်ဆေးမေးမြန်းဖို့လုပ်ရဦးမယ်"

"ကောင်းပြီ သူငယ်ချင်း"

ဇင်မျိုးထက်ကိုနှုတ်ဆက်ပြီး နဒီရှိင်း သူယူရမယ့်အဝတ် အစားတွေယူပြီးဆင်းလာတော့

"ကျွန်ုပ်ိုလ်မင်းတစ်ယောက်တည်း ဖြစ်ပါ့မလား"

"နောက်တစ်ကြိမ်ဝင်မယ်ဆိုရင်ဒီထက်ပိုပြီး ခံစားသွားရမယ်၊ စိတ်ချပြီးသာသွား ငါ့ိုက်ခင်းခြံထဲက အလုပ်သမား တွေခေါ် သွားမယ်"

"ကဲ...ဒါဆိုတို့သွားမယ်"

"OK.."



www.burmeseclassic.com

www.burmeseclassic.com



ချော်ဝိုလ်ကိုနှုတ်ဆက်ကာ အပြင်ဘက်မှာရပ်ထားသည့် ကားဆီသို့လျှောက်လာရင်း

"ကိုဒီ..."

"ဘာများလဲ...ဖြာ..."

"ဖြာဘာမှမသိဘူးဆိုတာ ယုံရဲ့လား"

"ယုံပါတယ် ဖြာရယ်"

"ဖြာကိုယ်တိုင် အရမ်းသိချင်နေတဲ့ကိစ္စတစ်ခုပဲ၊ အန်ကယ် ဦးမင်းခေါင်က ဘာဖြစ်လို့မပြောတာလဲမသိဘူး"

"သူမှာအကြောင်းရှိလို့နေမှာပေါ့ဖြာရယ်"

*"ဖြာ့ဘဝဟာ တကယ်တော့ ကျဉ်းမြောင်းတဲ့ ကမ္ဘာ* လေးထဲမှာ အသက်ရှင်နေတဲ့သူတစ်ဦးပါ၊ ဒါကြောင့် တစ်ခါ တစ်ခါ လူ့လောကကြီးထဲကိုထင်ရာလျှောက်ပြီးသွားလိုက် ချင်တယ် ကိုဒီ"

"ဘာလဲဖြာ"

"ဖြာကို လိုက်ပို့ပေးပါလားဟင်"

"ဖြာ သွားချင်ရင်လိုက်ပြီးပို့ပေးမှာပေါ့ဘယ်သွားချင်လဲ...ပြော"

"အရင်ဆုံးသွားချင်တာ ပုဂံဘက် အန်ကယ်ဦးမင်းခေါင် ကိုပြောပြီးသွားမယ် သူ့ကိုနိုင်နိုင်ရှိရင်လွှတ်မှာ"

"ပြောကြည့်လေ၊ သူလွှတ်မယ်ဆိုရင် သွားကြတာပေါ့ [illegible] *ကခေါင်ဒီကတ်တွေနဲ့တစ်ခါမှမသွားခဲ့ဘူးလား"*





"စိတ်ထဲမှာတော့ သွားချင်တယ်၊ ဒါပေမယ့် သူတို့နဲ့ သွား ကိုမသွားချင်တာနဲ့မသွားဖြစ်တာ"

"ခိုနဲ့မှ သွားချင်တယ်ပေါ့"

"သိပ်ဟုတ်... အမှန်အတိုင်းပြောရရင် ကိုဒီ ဖြာဘေး မှာ နေပေးမယ်ဆိုကတည်းက အင်အားတွေ ရင်မှာတဖြည်းဖြည်း ရောက်လာခဲ့တာပဲ၊ ဘာကြောင့်လဲဟင်..."

"ဒီက ဘယ်လိုလုပ်ပြီး ပြောတတ်မှာလဲ ဖြာရယ် ဖြာပဲ သိမှာပေါ့"

*"ဟင့်အင်း ဖြာကိုယ်ဖြာ ဘာကြောင့်လဲဆိုတာကို စဉ်းစား လို့မ*ရဘူး"

"မရလည်းထားလိုက်၊ အိမ်ရောက်ရင်အန်ကယ်ဦးမင်းခေါင် [illegible] အရေးကြီးတယ် ပြောဦးဖြာ"

"ဘာများလဲဟင်"

"ဖြာ မိသားစုအကြောင်းကိုပြောတာတော့မဟုတ်ဘူး ဖြာ၊ [illegible] မကျိပုံစံက တစ်မျိုးပဲ၊ ဒိုစိတ်နဲ့တော့သိပ်ပြီး မကိုက်ဘူး၊ [illegible] မဟုတ်တစ်ခုပြဿနာတက်မှာသေချာတယ်"

"ဖြာလည်းထင်ပါတယ်၊ ဦးမကျိက ဖြာ့ဦးလေးဆိုပေမဲ့ [illegible] ရင်းတော့မဟုတ်ဘူး၊ မယ်မယ်ရဲ့ မောင်တစ်ဝမ်းကွဲပါ၊ [illegible] အိမ်ကြီးကို ရောက်တာသိပ်တော့မကြာသေးဘူး၊ လိုနှစ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲရှိသေးတယ်၊ အန်ကယ်မင်းသော်ကလည်း မျက်နှာသာ မပေးဘူး။ ဒါတောင်သူကခြာတို့ ာ်ရှင်လစ်သလိုလုပ်နေတာ"

နဒီရှိင်းအနေဖြင့် ဦးမဂိကိုစွကို စိတ်မဝင်စားတော့ သဖြင့် သိပ်ပြီးမပြောတော့ဘဲ ကားကိုသာဂရုစိုက်ပြီးမောင်းလာခဲ့သည်။

၀၆၀၀

အခန်း (၄)

ဦးမင်းသော်ဆီမှ နှင့်ပြုချက်ရပြီးနောက် ပြင်ဆင်စရာ ရှိတာ ပြင်ဆင်ပြီး ပုဂံသို့ခရီးထွက်ခဲ့ကြသည်။ ပန်းမုခြာနှယ် အဂွက် ချိုတာလေးအဖော်အဖြစ် နှန်းသင်းသိင်းကို ဦးမင်းသော် ထည့် ပေးလိုက်သလိုနဒီရှိင်းမှလည်းကျော်ဗိုလ်ကိုပါအဖော်ခေါ်ခဲ့သည်။ ရှင်တော်ကထွက်သည်အထိအနှောင့်အယှက်တစ်ခုကိုမှမတွေ့ရ သေးချေ၊

"နဒီ...ရာသီဥတုကြိုက်လှရဲ့လား"

"မထင်နဲ့၊ မပိုင်သေးလို့နေမှာ"

"မင်းတို့ခရီးစဉ်ကို သူတို့မသိလိုက်ဘူးနဲ့တူတယ်"

"ဒါတော့ သိပ်ပြီးမထင်ဘူး"

"ဘာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခုလောလောဆယ် အတတ်ပြောလို့မရသေးဘူး၊ ငါတို့နောက်ကိုလိုက်တဲ့အရိပ် တွေ့မှမတွေ့သေးတာ"

တောတန်းလမ်းလေးတွေကိုသတိနှင့်မောင်းလာပြီးကယားပြည်နယ်မှအတွက်သို့ရောက်သော်အချိန်မှန်းတည့်နေလေပြီ။

"ကိုဒီရေ တစ်ခုခုစားရအောင်"

"ရေနွားမှာ ကားဂိတ်စားသောက်ဆိုင်တွေရှိတယ် အဲဒီကိုရောက်မှစားကြတာပေါ့ဗြာ"

"အင်း..."

ပန်းမုဗြာနွယ် မျက်နှာလေးကို နဒီရိုင်း ကားနောက် ကြည့်မှန်ထဲမှကြည့်ပြီး လန်းဆန်းစွာပွင့်နေသော ပန်းကလေး တစ်ပွင့်လို ပင်တွေ့လိုက်ရသည်။

အဝေးပြေးကားဂိတ်ဆီသို့ရောက်သည်နှင့်အေးချမ်းစွာစားသောက်၍ရမည့် စားသောက်ဆိုင်ထဲသို့ ဝင်လာကြသည်။ ပန်းမုဗြာနွယ်သူမ စိတ်ကြိုက်စားသောက်ဖွယ်ရာများကို မှာပြီး အားပါးတရစားသောက်သည်ကိုကြည့်နေမိသည်။

"ကိုဒီ...မစားသေးဘဲဘာကြည့်တာလဲ"

"အဲ..."

နဒီရိုင်းမှာ ဆွံ့အသူလိုဖြစ်သွားပြီး ရှက်ကိုးရှက်ကန်းနှင့် "ဗြာစားနေတာကို အားရလို့ပါ"





"သူများထမင်းစားနေတာကို မကြည့်ကောင်းဘူး။ ကိုယ့်ထမင်းကိုယ်စားလေ"

"ဟုတ်ကဲ့"

ကြက်အသည်းအမြစ်ဖတ်လေးကို နဒီရိုင်းပန်းကန်ထဲသို့ ထည့်ပေးလိုက်သည်။

တော်သေးသည် ကျော်ဗိုလ်နှင့် နန်းသင်းသင်းတို့က စားပွဲတစ်လုံးတွင်ထိုင်ပြီး သူတို့(၂)ယောက်သပ်သပ် စားပွဲတစ်လုံးဖြစ်သဖြင့်အသည်းပေးသည့်ကိစ္စကို ဘယ်သူမှမသိလိုက်။

"နန်းသင်းသင်းက ဘာလို့အတူတူမစားတာလဲဗြာ"

"ငယ်ငယ်လေးကတည်းကရိုက်သွင်းထားတဲ့ပုံစံကြောင့်ပါ ဗြာကတော့ဒါမျိုးကို လုံးဝမကြိုက်ဘူး။ အဖနဲ့မယ်မယ်တို့ ထက်ကတည်းက ခွဲခြားခဲ့တာဆိုတော့ နန်းသင်းသင်းတို့ရဲ့ စိတ်ထဲမှာ စွဲထားသလိုဖြစ်နေကြတာပေါ့ကိုဒီ"

နန်းသင်းသင်း တစ်ယောက်တည်းဖြစ်နေမှာမို့ နန်းသင်းသင်းတော့ ကျော်ဗိုလ်ကိုပါ ထိုင်ခိုင်းခဲ့ရသည်။ အားလုံးစားသောက်ပြီး ပြန်ပြီးထွက်ကာ ခရီးဆက်ခဲ့ကြသည်။

"ကျော်ဗိုလ် မင်းဘာတွေ့သလဲ"

"ဘာကိုလဲ နဒီ"

"ဆိုင်ထဲမှာ မသင်္ကာစရာမတွေ့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ငါသတိမထားမိဘူး"

"လူ ၄ ဥယောက်နောက်မှ ဝင်လာပြီးငါတို့ကို အကဲခတ် နေတယ်"

"ဖို့အထင်သူတို့ကားတစ်စီးနဲ့လိုက်မှာသေချာတယ်"

နဒီရှိုင်းနောက်ကိုလှည့်ကြည့်တော့ ဘာအရိပ်အယောင်မှမတွေ့ရသေးပေ။

"မတွေ့ပါလား"

"လိုက်လာမှာပါ ကျော်ဇိုလ်၊ ဒီနေရာက လှုပ်ရှားဖို့ မလွယ်ဘူးလေ၊ ဘေးမှာစစ်တပ်နယ်မြေ၊ တပ်စခန်းကြီးတွေနဲ့ ဆိုတော့ ဘယ်လိုလုပ်ပြီးလှုပ်ရှားဝံ့မှာလဲ၊ သိပ်မကြာပါဘူး လိုက်လာတော့မှာပါ"

စစ်တပ်နယ်မြေကိုကျော်ပြီး တောင်ပေါ်ဆင်းလမ်းဆီသို့ရောက်တော့ပါပလေကာ ကားတစ်စီးနှင့်လူ၆ယောက်လိုက်လာသည်ကိုတွေ့လိုက်ရသည်။

"နောက်က ကားလားကိုဒီ"

"သေချာတယ်ဗြာ၊ ခဲ့ပတ်ကြိုးတွေ ပတ်ထား၊ ကား မြန်မြန်စောင်းရမယ်"

"နဒီမင်းဒီလမ်းကြောကို သိလို့လား"

"ဒယ်ဒီတပ်မတော်မှာ တပ်မှူးကြီးဘဝနဲ့နေခဲ့တာ ဒီတစ်ဝေ





ခင်းမှာနေပြီလား"

"တော်ရောကွာ"

နဒီရှိုင်း(၁၀)တန်းအောင်သည်အထိ ကျင်လည်ခဲ့သောနေရာလေးဖြစ်၍တတ္တသိုလ်တက်တော့မှ ဒယ်ဒီကအရပ်ဘက်သို့ ကူးပြောင်းရပြီး မန္တလေးတွင်ပြန်ပြီး နေထိုင်ခဲ့ခြင်း ဖြစ်သည်၊ နောက်မှလိုက်လာသော ကားမှာ အတင်းမွတ်မောင်း ပြီးလာနေသောကြောင့်

"ငနဲသားတွေတော့ ရေဆင်းသောက်ရတော့မယ်"

"ဘာလို့လဲကိုဒီ"

နဒီရှိုင်းစကားအဓိပ္ပါယ်ကို ပန်းမှုဖြာနွယ်သိပ်ပြီး နားမလည်သောကြောင့်ပြန်မေးလိုက်သည်၊

"ဗြာ စောင့်ကြည့်နေ ရှေ့က ချောင်းကမ်းပါးရောက်ရင် ရေဆင်းသောက်ကြရမှာ"

နဒီရှိုင်းက ကားစက်လေးကိုလျှော့လိုက်ပြီး နောက်က ကားမှီအောင် တမင်စောင့်ပေးလိုက်သည်၊ ကား(၂)စီးအနီး ဆုံးနေရာသို့ကစ်လျှက်ရောက်သည်နှင့်

"ကဲ စမြိုဟေ့..."

နဒီရှိုင်းကားစက်ကိုနှိုးပြီး လမ်းမအလယ်မှ မောင်းလိုက်သည်။ နောက်ကားမှ သေနတ်ထုတ်ပြီး မပစ်ရဲသည်မှာ သေချာ



www.burmeseclassic.com

www.burmeseclassic.com



သည်၊ စစ်တစ်နယ်မြေနဲ့သိပ်ပြီးမဝေးသလို ငြိမ်းချမ်းရေး တပ်... များ၏နယ်မြေဖြစ်သောကြောင့် သေနတ်သံမပေးရဲ၊

"အားလုံးလက်ကို မြဲမြဲဆုပ်ကိုင်ထားကြပေ့၊ ကဲ... မောင်း ပြီ..."

"ဝူး...ဒုံး"

"အမေ့...ဘုရား ဘုရား"

"ဝိုး..."

နဒီရှိုင်းကားလမ်းတစ်ဖက်ဆီသို့ထွဲချလိုက်ပြီးကားနောက် ပိုင်းနှင့်ဘေးမှ ကပ်လျက်လိုက်လာသော ကားကိုရှိုက်... ပစ်လိုက်သည်။

"ဝုန်း..."

နောက်မှလိုက်လာသော ကားမှာ နဒီရှိုင်း၏ လှည့်... ခြင်းကိုခံလိုက်ရပြီး ချောင်းထဲသို့ခေါင်းထိုးပြီးထင်းသွားတော့သည်...

"ခြာ တွေပြီမဟုတ်လား။အောက်က ရေအိုင်မှာရေသော... ဆင်းနေကြတာလေ"

"သေများကုန်ပြီလား"

"မသေပါဘူးကွာ သိပ်ပြီး ပြင်းတာမှမဟုတ်ဘာ၊ သေနာ... တာကတော့ ဒီကောင်တွေရှေ့ဆက်ပြီးမလိုက်နိုင်ပေဘူး"

နဒီရှိုင်းကားကို ဖြေးဖြေးဆေးဆေး မောင်းလာခဲ့သည်...





လမ်းတွင်တွေ့ရသောထုံးဖြူစေတီကို ပန်းမုခြာနွယ်မြင်သည်နှင့်

"ကိုဒီ ခြာ စေတီကို ဖူးချင်တယ်ရမလား"

"ရပါတယ် နောက်ကကောင်တွေ ဘယ်လိုမှမလိုက်နိုင် တော့ဘူး"

ထုံးစေတီပရဝုဏ်လေးထဲသို့မောင်းဝင်လာခဲ့သည်။

ထုံးဖြူဖြူစေတီလေးအနောက်ဘက်တွင် လယ်ကွင်းပြင် ကြီးနှင့်တောင်တန်းကြီးတွေကြောင့်ရင်ထဲတွင်အေးမြခဲ့ပြီး စေတီ လေး၏ ဆည်းလည်းသံလေးတွေကလည်း သာယာ ကြည်နူး ဖွယ်ကောင်းလှပြန်သည်။

ဗုဒ္ဓဆင်းတုတော်ရှေ့တွင် အာရုံဖြန့်ဝတ်ပြုနေသော ပန်းမုခြာနွယ်၏ အပြစ်ကင်းစင်လှသော မျက်နှာလေးကို ကြည့် နေ သည်မှာ မျက်တောင်ခတ်ရန်မေ့နေသည်။

"ကိုဒီ ဘုရားရော ရှိခိုးရဲ့လား"

"ရှိခိုးပါတယ် ဘာဖြစ်လို့လဲ"

"မသိပါဘူး ခြာကို စွန့်ပစ်မလားမသိ များ တာဝန်ယူပြီး ကြည့်နေ သလားလို့ပါ"

"ဟာ...မဟုတ်ရပါဘူး ခြာရယ်"

နဒီရှိုင်းကိုယ်အပြစ်နဲ့ကိုယ်ဆိုတော့စကားအစရှာလို့ဖြစ်နေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခြာခင်လိုစတာပါ၊ ဟို(၂)ယောက်ရော"

"ဟိုမှာလေ..."

စေတီလေး၏ ရင်ပြင်တော်ရှိခုံလေးတွင် ထိုင်ပြီးစကားပြော

နေကြ၏။

"ခြာတို့က ဟိုဘက်ခုံလေးမှာ ထိုင်ကြမလား"

"ခြာထိုင်ချင်ရင်ထိုင်ပါ၊ ဒါပေမယ့် ကားနဲ့သိပ်ပြီး ဝေး

နေရာမှာတော့မကောင်းဘူး။ ခြာ"

ရပ်ထားသောကားနှင့် သိပ်ပြီးမဝေးသည့်နေရာတွင် ထိုင်

လိုက်ကြသည်။

"ကိုဒီအဖေက စစ်ဘက်အရာရှိကြီးလား"

"အရင်ကပါ၊ ခုတော့ ဌာနဆိုင်ရာမှာ ရောက်နေပါပြီ"

"စပ်စုတာမဟုတ်ဘူးနော် ကိုဒီမာမီကရော ဘာလုပ်တာလဲ"

"အရောက်စွန်ညွှန်မှူးတစ်ဦး"

"မွေးချင်းရှိလား"

"ဟင့်အင်း ပြိုင်ဘက်ကင်း တစ်ယောက်တည်း မွေး ထား

တာ"

"ဆိုးချင်တိုင်းဆိုးနေမှာပေါ့"

"မိဘမကြိုက်တာ ဘာတစ်ခုမှမလုပ်ဘူး၊ တစ်ခါ...လရန်ဖြစ်

တာလေးပဲရှိတယ်၊ ရန်ဖြစ်တယ်ဆိုတာကလည်း ဒီ့ ကြောင့်ဖြစ်





...ရှိဘူး။ အနိုင်ကျင့်တာတွေကိုယ့်ရှေ့မှာတွေ့ရင် ဝင်ပါတတ်လို့

...ရတာပါ။ မာမီကတော့မကြိုက်ဘူး။ ဒယ်ဒီကတော့ အကြောင်း

...တွေ့ရင် ဒီ့ကိုအပြစ်မပြောဘူး"

"မေးချင်တာတစ်ခုရှိတယ် မေးလို့ရလား"

"မေးချင်တာပဲ မေးပါရပါတယ်"

"ဟို...ဟို ရည်းစားရှိလား"

"ပြောရင်ယုံမှာလား"

"မလိမ်ဘူးဆိုရင်ယုံရမှာပေါ့၊ လိမ်ရင်လည်းယုံရမှာ ပေါ့"

"ဘုရားပေါ်မှာ ကျိန်ပြီးပြောမယ်လေ"

"ဒီလောက်ထိ လိုအပ်လို့လား"

"ခြာ မယုံမှာစိုးလို့ပါ"

စကားတွေက အစွန်းမလွတ်သလိုဖြစ်လေသည်။

"ကဲ ခြာ အလုံးစုံကို ယုံလိုက်ပါ့မယ်...ပြော

"ချစ်သူဆိုတာကို စိတ်ကူးတောင်ယဉ်ခဲ့တာမဟုတ် ဘူး"

"သေချာတယ်ပေါ့"

"သေချာတာပေါ့၊ ကဲ...ဒီ့အကြောင်းပြောပြပြီးပြီလေ၊ ခြာ

အကြောင်းလည်းပြောပြပါဦးလား"

"ကိုဒီ..."

"ခြာ..."



www.burmeseclassic.com

www.burmeseclassic.com



"ခြာအကြောင်းကိုဘယ်လိုပြောရမလဲခြာ(၅)တန်း ကျောင်းသူဘဝကတည်းက အပြင်လောကကြီးကို အဆက်အသွယ်ပြတ်ခဲ့တာ အခုချိန်ထိပဲ၊ အဖနဲ့မယ်မယ်တို့ ဆုံးတဲ့ နောက်ပိုင်းတလေးဘဝကိုအထီးကျန်စွာကျော်ဖြတ်ခဲ့ရတယ်၊နောက်ပညာရေးတို့ ကျောင်းမတက်ခဲ့ရပေမယ့် အိမ်မှာတစ်ယောက်တည်း ဆရာနဲ့သင်ခဲ့ရသူပါ…"

နဒီရှိုင်းသိထားပြီးသော ကိစ္စဖြစ်ပေမယ့် ပန်းမုခြာနွယ် နှုတ်ဖျားကပြောတဲ့စကားလေးကြောင့်ရင်မှာကရုဏာသက်မိလေသည်။

"ကိုဒီ ဘာမေးချင်သေးသလဲ"

"မမေးရက်တော့ပါဘူး…ခြာ၊ ဒါပေမယ့် ဒိုကိုမေးတဲ့မေးခွန်းမျိုးပဲမေးချင်တယ်"

"ဘာလဲ ရည်းစားကိစ္စလား"

"ဟုတ်တယ်"

"ခြာက ကိုဒီကို ပြန်ပြီးမေးရမလိုဖြစ်သွားပြီ"

"ဘာလို့လဲ ခြာ"

"အချစ်ဆိုတာ ဘယ်လိုလဲ ကိုဒီ"

"ခြာနှလုံးသားကို ပြန်ပြီးမေးရမှာပေါ့ ခြာရဲ့…"

"နှလုံးသားက စကားမှမပြောတတ်တာ ဘယ်လိုမေး မှာလဲ"

"သူချစ်တဲ့သူကိုတွေ့တဲ့အခါ စကားပြောလာလိမ့်မယ်"





"သေချာရဲ့လား ကိုဒီ"

"အသေချာဆုံးစကားပါခြာ…ကဲ… ပြန်ကြရအောင် မိုးမချုပ်ခင်နားရမယ့်မြို့ကိုရောက်မှဖြစ်မယ်"

"အင်း…"

ကျော်ဗိုလ်နှင့်နန်းသင်းသင်းတို့ကိုလှမ်းခေါ်ပြီးကား ဆီသို့ပြန်ခဲ့ကြသည်၊ ကားရှေ့ခန်းတွင် နဒီရှိုင်းနှင့် ပန်းမုခြာနွယ် ထိုင်ပြီး နောက်ခန်းတွင် ကျော်ဗိုလ်နှင့် နန်းသင်းသင်းတို့ လိုက်ပါလာခဲ့ကြသည်။

"ကျော်ဗိုလ် မင်း…ဇင်မျိုးလတ်ဆီသွားတော ဘာထူးခြားသေးလဲ၊ ဖမ်းမိထားတဲ့ကောင်တွေဆီက ဘာမှမသိရဘူး လား"

"သိရတယ် ဒါပေမယ့် ဦးရာဇာဦးနဲ့ဒေါ်စောမြဘ်လှိုင် တို့မဟုတ်ဘူး ဦးခန့်နိုင်ဆိုတဲ့လူ တစ်ယောက်က ငွေပေးပြီး ခိုင်းခဲ့တာတဲ့၊ ငါ့အထင်တော့တစ်ဆင့်ခိုင်းထားတဲ့သဘောပဲ၊ ရလို သက်ဆိုင်ရာက ဖမ်းမိတဲ့အခါ ရှောင်ထွက်နိုင်အောင်လိုပြင်ဆင်ထားတာဖြစ်မယ်"

"ဒါကြောင့်လည်း သူတို့ကို နုထိဖမ်းလို့မရနိုင်တာပေါ့၊ ဦးခန့်နိုင်ကိုရော ဖမ်းမိရဲ့လား"

"မမိဘူး နဒီ လွတ်သွားတယ်၊ ဦးခန့်နိုင်ဟာ ဦးရာဇာဦး ရဲ့လူယုံတစ်ယောက်ဆိုတာတော့ သိလိုက်ရတယ်၊ခိုင်လုံတဲ့ သက်သေမရှိတော့ ဦးရာဇာဦးတို့ကို ဘာမှလုပ်လို့မရဘူးပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေတော့ ပြေးမလွတ်နိုင်ပါဘူး"

"ကိုဒီ..."

"ဘာများလဲ ခြာ..."

"ခြာတို့ခရီးသွားမှာကို ကြိုပြီးသိလို့ဘာပြင်ဆင်ထားနိုင်တာ ဖြစ်မယ်"

"သိပ်မှန်တဲ့စကားပဲခြာ"

"ဟင် ဒါဆိုခြာသွားမယ့် ခရီးစဉ်ကို သိတယ်ဆိုတာ အိမ်ကအတွင်းလူတွေပဲ သိတာ ဘယ်သူဖြစ်နိုင်မလဲ"

"ဖြစ်နိုင်တဲ့လူတစ်ယောက်တော့ ရှိတွေ့ထားတယ်"

"ဘယ်သူလဲ ကိုဒီ"

"ပြောဖို့စောသေးတယ် ခြာ၊ ကိုယ့်ဘက်က ထင်ကြေး နဲ့ မပြောချင်ဘူး၊ သေချာမှပြောပါ့မယ်"

ကားလေးမှာ တောင်တန်းမြို့ကြလေးကို အဝေးဆီသို့ လှမ်းပြီးမြင်တွေ့လိုက်ရသည်။

"သာယာလိုက်တာနော်၊ စိတ်ထဲမှာ လန်းဆန်းသွားတာပဲ"

"ဟုတ်တယ် ကိုနဒီရဲ့မမလေးကိုခုလို ရွှင်ရွှင်လန်းလန်းနဲ့နန်း မမြင်ဖူးခဲ့ဘူး၊ ဒါပထမဦးဆုံးတွေ့ရတာပဲ"

"နောက်ဆို အမြဲလန်းဆန်းနေတော့မှာပါ"

"ကိုဒီက လုပ်ပေးမယ်ပေါ့"





"မင်း... မမလေးခွင့်ပြုသရွေ့ပေါ့"

"မမလေး"

"ဘာလဲ နန်း"

"ခွင့်ပြုလိုက်ပါလား"

"ခွင့်မပြုနိုင်ပါဘူး"

"ဘာလို့လဲ မမလေးရဲ့"

"ဘာလို့လဲဆိုတော့ နင်သိအောင်မပြောတတ်ဘူး"

"ကိုနဒီ သိအောင်ပြောပြလိုက်ပါလား"

"မိန်းသင်းသင်း"

"ရှင်...မမလေး"

"မိကျောင်းသမီးမလုပ်နဲ့ ငါဆက်ပြီးမပြောတတ်တော့ဘူး"

နဒီရှိင်းကားမောင်းရင်း ပြုံးမိလိုက်သည်၊ သူတို့ခရီး စဉ်လေးသည် တကယ်အေးချမ်းမှုလေး မွေးဖွားစေသော ခရီး စဉ်ပင် ဖြစ်တော့မလား...၊

"ဟောင်း..."

"ဟာ...သွားပြီ"

ကားဘီးပေါက်သွားသဖြင့် ကားကို လမ်းဘေးသို့ထိုး ရပ် လိုက်ရသည်။

"ကျော်ဝိုလ် ကားဘီးလဲရအောင် ဟိုရှေ့ကမ်မှုပဲသီးကို ဖာရ



www.burmeseclassic.com

အောင်”

နှစ်ယောက်သား ဘီးကိုဖြုတ်ပြီး ပေါက်သွားသော ဘီးကို လဲနေရင်းမောင်စပြုလာသည်။

“မြို့နဲ့သိပ်ပြီးတော့မဝေးတော့ဘူးမဟုတ်လား၊ကိုဒီ လှမ်းပြီး တောင်မြင်နေရပြီပဲ”

“ဝေးတာက သိပ်ပြီးတော့မဝေးတော့ပါဘူး။ နောက်ထပ် နှစ်နာရီလောက်တော့ မောင်းရမယ်”

“ဒီလောက်နီးနီးလေးကို နှစ်နာရီ ကြာအောင်မောင်းရ မယ် ဟုတ်လား”

“ဟုတ်တယ် ဖြာ ကိုယ်တို့က တောင်ပေါ်ပိုင်းကြည့် လိုနီး တယ်ဆင်ရတာ တောင်ကိုပတ်ပြီးမောင်းမှရောက်မှာ သွားကြမယ် ဟေ့”

“အီး…အေးလာသလိုပဲ”

တောင်တန်းကိုဖြတ်ပြီး တိုက်လာသော တောင်ပေါ်လေ ကြောင့် အေးစိမ့်စိမ့်ဖြစ်သွားသည်။

“မိုးရနံ့သက်တွေ ရသလိုပဲ နဒီ”

“ဟုတ်တယ် မိုးရွာတော့မယ်နဲ့တူတယ်။ မိုးရွာရင် တောင် ပေါ်လမ်းက ကားမောင်းလို့မကောင်းဘူး အန္တရာယ်များ တယ်၊ တောင်ကျချောင်းတွေ သိပ်ပြီးများတာ ဒီနယ်မှာ မိုးရွာပြီ ဆိုရင်ဘယ်





ရမှသွားကြတော့ဘူး၊ နှစ်နာရီလောက်ကို မောင်းရမှာပဲဟေ့”

နဒီရှိုင်းတားကို ခပ်မြန်မြန်လေးမောင်းလာခဲ့သည်။

“ဝေါ…ဝေါ…”

“ဟာ…မိုးမလွတ်တော့ဘူး”

တောင်နံရံတွေကို ရိုက်ခတ်ပြီးထွက်လာခဲ့သော မိုးသံကို ကြားလိုက်သဖြင့် မြို့လေးဆီသို့မောင်းဖို့ကစက်သွားသည်၊ စကျွပြီး ဆင်းရမည့်တောင်ပေါ်လမ်းတွေက မရောက်ကွေ့လို့တောင် သတ်မှတ် ထားရသည့်နေရာပင်၊ သာမန်မိုးမရွာခင် တောင် သတိနဲ့မောင်းရ တာ၊ ခုလိုမိုးနဲ့ဆိုရင် စဉ်းစားလို့တောင်မရ။

“နဒီ ဘယ်လိုလုပ်မလဲ”

“ဒါလည်း ဒါကိုစဉ်းစားနေတာ၊ ကားရပ်ပြီး မိုးတိတ် တဲ့အထိ စောင့်ကြည့်ရင်ကောင်းမလား၊ ဒက်တာက ဒီနေရာတွေက စိတ် ချရဘူး”

“ဘာလို့လဲ ကိုဒီ”

“မိုးအရမ်းရွာရင် တောင်ကျချောင်းတွေက ဆင်တောင် လဲတဲ့ အထိ စီးဆင်းလာတာ”

“ဟင်…ဘုရား ဘုရား”

“ရှေ့နားမှာတော့ ဒုတိယကမ္ဘာစစ်တုန်းက ဗိုလ်တဲ မောင်း ခိုရှိတယ်၊ အဲဒီမှာသွားပြီးမိုးခိုရင်ကောင်းမယ်”



www.burmeseclassic.com

www.burmeseclassic.com



"တိုဒီသဘောပဲ"

ကားကိုဖြည်းဖြည်းချင်းပဲ မောင်းလာခဲ့သည်။

ဝိုလ်တဲဆိုရပေမယ့် ကားလမ်းဘေးမှာတော့မဟုတ်၊ ကားလမ်းနှင့်ခပ်လှမ်းလှမ်းတွင်သာ၊ ဝိုလ်တဲရှေ့တွင် ကားရပ်ပြီး အောက်သို့ဘယ်သူမှမဆင်းနိုင်လောက်အောင် မိုးကလည်း ရွာသွန်းနေလေပြီဖြစ်သည်။

"ကားပေါ်က အောက်ဆင်းလို့မရဘူး၊ မိုးကလည်း ကောင်းလိုက်တာ"

"ကားပေါ်မှာအိပ်ရမယ့်ဘဝကိုရောက်ပြီနဲ့တူတယ်"

"အိပ်ရတာ ပြဿနာမဟုတ်ဘူး ဘယ်သူမှ ညစာမစားရသေးဘူး"

"ဒါတော့ မပူနဲ့ မုအြာရေ၊ နန်းသင်းသင်းက ကော်ဖီ နဲ့မုန့်တွေဝယ်ထားတယ်"

"ဒီညတော့ကော်ဖီနဲ့မုန့်စားပြီး ညစာ သတ်မှတ်ကြတာပေါ့"

"နန်း"

"ရှင်… မမလေး"

"ဖျော်တော့ကွာ၊… မိုးအေးအေးနဲ့သောက်ကြရအောင်"

"ဖျော်စရာမလိုပါဘူးမမလေးရဲ့ဖျော်ပြီးသားကော်ဖီကိုဓါတ်ဘူးထဲမှာထည့်ထားတာပါ ထည့်သောက်ရုံပဲ"





နန်းသင်းသင်းနှင့် ကျော်ဝိုလ်တို့ ကော်ဖီသောက်ရန် ပြင်ဆင်တော့သည်။

"ကိုဒီ…"

"ပြောလေ ဒြာ…"

"ခုလိုကော်ဖီအရသာကို ဘာနဲ့မှ မလဲနိုင်ဘူးနော်"

"အမှတ်တရ ကော်ဖီသောက်တဲ့ညလေးပေါ့"

အပြင်ဘက်တွင် မိုးက ရွာသွန်းမှုအားကောင်းနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com

ညဥ့်နက်ခေပမယ့် မိုးကမတိတ်သေးပေ၊ အရင်လိုသဲသဲမဲမဲဟုတ်တော့၊ ကျော်ဝိုလ်နှင့် နန်းသင်းသင်းတို့ကတော့ အိပ်ပျော်နေလေပြီ၊ နဒီရိုင်းဘေးတွင် ပန်းမုခြာနွယ် နစ်မြှုပ်စွာ အိပ်ပျော်လျက်၊ အိပ်မပျော်နိုင်သူက နဒီရိုင်း၊ ဒီလိုအချိန် ဒီလိုနေရာမှာ သတိလက်လွှတ်နေ၍မရ၊ သူတို့နောက်မှ အန္တရာယ်တွေကအငြိမ်းကပ်စွာရှိသည်မဟုတ်လား…။

"ဟင်"

မိုးများရွာသည့်ကြားထဲတွင် မဲမဲသဏ္ဌာန်တွေကို တွေ့လိုက်ရသဖြင့် ကားမီးကိုဖွင့်ပြီးကြည့်လိုက်သည်။

"ဟာ…"

တောင်ပေါ်ခွေးအအုပ်စုကြီးများ နဒီရိုင်းတို့ကားကို ကြည့်





နေကြပင်း၊

"ကျော်ဝိုလ်"

"ဟင်…ဘာလဲနဒီ"

"ဟိုမှာကြည့်စမ်း"

"ဟာ ခွေး…ခွေးအတွေ"

"ဘုရား…"

ပန်းမုခြာနွယ်တို့ပါခွေးအအုပ်စုကြီးကိုတွေ့မြင်လိုက်ရသည်၊

"ဒီကောင်တွေအန္တရာယ်ပေးနိုင်တယ်၊ ကားမှန်တွေ တင်ထား"

"တင်ထားပြီးပါပြီ"

"ကိုဒီနောက်ဘက်မှာရော"

"အဲဓမ့"

ကားရှေ့နောက်တွင် ပိတ်ဆို့ပြီး ခွေးအတွေ နေရာယူ ထားကြသည်။

"သေချာပြီဒါတို့ကားကိုဒုက္ခပေးနိုင်တယ်"

"ဝူး… အု…အူး…"

ခွေးအတစ်ကောင်က အသံပြုလိုက်သည်နှင့် ကျန် ခွေးအတွေပါဝိုင်းအော်ပြီးကားဆီသို့ပြေးလာကြသည်။

"ဝေါ…ဝူး"



www.burmeseclassic.com

www.burmeseclassic.com



နဒီရှိုင်းကားစက်ကိုနိုးပြီးသည်နှင့်ကားကိုနောက်ဆုတ်တ
အနောက်ဘက် ၊ ခွေးအတွေကို တိုက်ပစ်လိုက်သည်။ ခွေးအ
ကအင်အားကောင်းကောင်းနှင့် ကားကို မာန်ဖီ တိုက်ခိုက်
တော့သည်။ နဒီရှိုင်းထွက်လမ်းကိုရအောင်ရှာပြီး ရှောင်ဖို့ကြိုး
ပေမယ့် လွတ်လမ်းမမြင်ဖြစ်နေသည်။ ကား တံခါးမှန်များကိုခွေး
များ၏ကုတ်ခြစ်ရာသံက သွေးပျက်ဖွယ်ရာပင်...

"ကျော်ဗိုလ် ကားပေါ်မှာ ဓါတ်ဆီပုံးပါတယ်မဟုတ် လား"

"ပါတယ် နဒီ"

"ပုလင်းလွတ်ထဲထည့်ကွာ ပြီးရင် အဝတ်စနဲ့ပုလင်း ဖုံးလုပ်
မယ်"

ကျော်ဗိုလ်ကားပေါ်မှ အင်ဂျင်ဝိုင်ပုလင်းလွတ်နှစ်လုံး ထဲသို့
ဓာတ်ဆီကိုထည့်နေချိန်မှာ ခွေးအတွေကားတစ်စီးလုံးရဲ့ဘေး
ဘက်မှာ မဲမှောင်နေလေသည်။

"ရပြီ နဒီ..."

"မင်းဝိုင်ခနရာမှာကားကိုပတ်ပြီးမောင်း။ခြာကနောက်ခန်းကို
ကူးလိုက်"

"ဟုတ်...ဟုတ်"

နဒီရှိုင်းဓါတ်ဆီထည့်ထားသော ပုလင်းတစ်လုံးကို အရင်
ဆုံးယူလိုက်ပြီး ကားကိုမောင်းနိုင်းလိုက်သည်။





"ဘရိတ်ကို ဆောင့်ပြီးနင်းရှုလိုက်"

"ကျွ်...ဝုန်း"

ကားပေါ်မှခွေးအတွေလွင့်စင်သွားသည်နှင့်ဓါတ်ဆီပုလင်းဝ
အဝတ်စကိုမီးရှို့ကာ ကားမှန်အပြင်ဘက်ဆီသို့ပစ်ပြီးပေါက်လိုက်
သည်။

"ဝုန်း..."

နဒီရှိုင်း နှစ်ခါပေါက်တဲ့ပေါက်ကွဲမှုကြောင့် ခွေးအတွေ အထိ
တ္တူးကာ အုပ်စုကွဲထွက်သွားသည်။

"ကျော်ဗိုလ်ကားလမ်းဘက်ကို ပြန်ပြီးမောင်းထွက်တော့
တ်တစ်ကြိမ်ဆိုရင်မလွယ်တော့ဘူး"

"ဟင်ကိုဒီ...လက်မှာသွေးတွေ"

"ဟုတ်တယ် ဓါတ်ဆီပုလင်းကို ပစ်တုန်းက ခွေးအ ဝင်ဟပ်
ရှပ်ထိသွားတာပါ"

ပန်းမှုခြာနွယ် နဒီရှိုင်းလက်ကိုဆွဲပြီး သူ့လက်ကိုင် ပဝါလေး
နီးစည်းပေးထားလိုက်သည်။

"ခြာ..ကြားဖူးတယ်၊ ခွေးအတွေရဲ့ သွားကအဆိပ် ပြင်း
ယ်တဲ့ ဆေးခန်းသွားပြရအောင်"

"မြို့ကိုရောက်တော့မှ သွားတာပေါ့ ခြာရယ်၊ ခုဘယ်မှာ မှ
ဆေးခန်းမရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"နဒီတစ်ခါတည်းမောင်းမှာလား"

"မောင်းလို့ရပြီမောင်းကွာ၊ စက်ရှိန်တော့မမြှင့်နဲ့"

"စိတ်ချ"

ကျော်ဗိုလ်ကားကိုစက်နှိုးပြီး မောင်းလာခဲ့လေသည်။

"ကြောက်စရာကောင်းလိုက်တာ ကိုဒီရယ်"

"ဟုတ်ပါရဲ့ မမလေးရယ်၊ ခွေးတွေက သရဲဘီလူး စီးသလော ရအောက်မေ့ရတယ်၊ ကားထဲမှာမို့အပြင်မှာသာဆိုရင်မလွယ်လှဘူး အရိုးတောင်ပြန်ပြီးကောက်လို့ရမှာမဟုတ်ဘူး"

"ခေသရျာတာပေါ့နန်းရယ်၊ ဒီခွေးအတွေက တောထဲက ခွေးအတွေထက်ကြောက်ဖို့ကောင်းတယ်၊ မနက်ဘက်ဆိုရင် ဘယ်လိုမှ ရှာလို့မရဘူး၊ တောင်ကြောထဲကတွင်းတွေထဲမှာ နေကြ တာ၊ ညဘက်ဆိုရင်အုပ်စုဖွဲ့ပြီးထွက်တယ်၊ လူတွေ့ရင်တွေ့မတွေ့ရင် တခြားသားကောင်တွေကိုအလွတ် မပေးဘူး၊ သူတို့ကြောက်တာ ကျား၊ ခြင်္သေ့လောက်ပဲရှိတာ၊ ဆင်ကို တောင်ရန်မူလို့အားသာ ရင်တိုက်ခိုက်တဲ့ကောင်တွေ၊ သူတို့အကြောက်ဆုံးက တောင်ပေါ် မုဆိုးတွေပဲ မုဆိုးအနံ့ရ ပြီဆိုတာနဲ့ ဘယ်လောက်အုပ်စုကောင်း ကောင်း ပြေးတော့တာပဲ"

"ဘာလို့လဲကိုဒီ"

"တောင်ပေါ်က မုဆိုးတွေက မြေပြန့်က မုဆိုးတွေလို မဟုတ်





ဘူး အဆိပ်မြားပစ်တဲ့နေရာမှ အရမ်းတော်ကြတာ၊ ပြီးတော့ သတော့မှ ထိပ်တိုက်မပစ်ဘူး၊ ချောင်းမြောင်းပြီး ပစ်တော့ ခွေးအတွေ တစ်ခါခံရပြီဆို အနည်းဆုံး(၁၀)ကောင်ပဲ၊ ပစ်လိုက်ရင် ညီး လည်ပင်းတည့်တည့်ပဲ၊ ပထမတော့ ခွေးအ တွေမုဆိုးကို ပြီးအန်တုကြသေးတယ်၊ လူနဲ့တိရစ္ဆာန်ဆိုတာ အသိဉာဏ်ခြင်း တွာတယ်မဟုတ်လား။ မုဆိုးတောင်ချောက် မုဆိုးမြားတွေကို ပြင်းအထိန်ခံရတဲ့ ခွေးအတွေ နောက်ဆုံးတော့ တောင်ပေါ်မုဆိုး တွေလာတာနဲ့ အမြီးတောင် မမြင်မခံတော့ဘူးဗြာရေ့"

"သူတို့ကြောက်တဲ့လူရှိသေးလို့တော်သေးတာပေါ့"

"မုဆိုးအနံ့ကို သူတို့က သိတယ်ဟုတ်စ"

"သိတာပေါ့နန်းရယ်၊ ကိုယ်ကိုသတ်သူအနံ့ကိုမသိဘူးဆိုရင် ခွေးအတွေ တစ်ကောင်မှကျန်မှာမဟုတ်ဘူး၊ ဒါတောင် အစိုးရက ခွေးအမျိုးတုံးမှာစိုးလို့ တားမြစ်နယ်မြေ ထုတ်ထားလို့ သက်သာနေ ကြတာ"

"တောင်ပေါ်မုဆိုးတွေက ခွေးအ.ကိုသီးသန့်လိုက်တာလား"

"ဟုတ်တယ် ဗြာ၊ နယ်စပ်ဈေးတွက်မှာ အမဲသား ထက် တောင်ဈေးကောင်းတယ်၊ ဒီကောင်အသားတွေအရမ်းတို နူးညံ့ တယ်လို့ပြောတာပဲ"

"ကိုဒီ မစားဖူးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"တင့်အံ့ခင်း တစ်ခါမှမစားဖူးဘူး၊ တစ်ခါလောက်တော့ စားဖူးတယ်ရှိအောင် စားရမယ်"

"နဒီရေ…မြို့အဝင်ကို ရောက်တော့မယ်ကွ"

ခပ်လှမ်းလှမ်းဆီမှ မီးရောင်တွေကို မြင်တွေ့နေရလေပြီ

"ကိုဒီ ဘယ်မှာတည်းမလဲ"

"ဟိုတယ်တစ်ခုခုမှာ တည်းရမှာပေါ့ ခြာ၊ မနက် ချက်ချင်းကြီး သွားလို့မရသေးဘူး၊ ကားအတွက်လိုအပ်တာတွေ ထပ်ပြီးလုပ်ကြရဦးမှာယ်"

"ကောင်းတာပေါ့ ခြာတို့လည်း ဒီမြို့လေးမှာ လျှောက် လည်ပတ်လို့ရတာပေါ့၊ ခွင့်ပြုမယ်မဟုတ်လား ကိုဒီ"

"ခွင့်တောင်းစရာမလိုပါဘူး ခြာရယ်၊ ဒို့က ခြာကို အမိန့်ပေးနိုင်တဲ့လူတစ်ယောက် မဟုတ်ပါဘူး"

"ဒီလိုတော့ မပြောပါနဲ့ ကိုဒီ၊ ခြာ့အတွက် ကိုဒီက အစစအရာရာတာဝန်ယူပြီး စောင့်ရှောက်ပေးနေတဲ့လူလေ…ခြာ သဘောနဲ့ သွားချင်တိုင်း သွားလို့မှ သင့်ပါဘူး"

ပန်းမုခြာနွယ်ညို့ငယ်သော မျက်နှာလေးဖြင့် ပြောလိုက်ခြင်းကြောင့် ရင်ထဲမှာ တကယ်ပင် မကောင်းခဲ့။

"ဒို့က စကားအဖြစ်ပြောတာပါ၊ ခြာ သွားချင်တဲ့နေရာများ ရှိရင် ပြော၊ လိုက်ပြီး ပို့ပေးမှာပါ"





"ဒါဆိုပြီးရော"

မြို့ထဲသို့ ကားလေးမောင်းဝင်လာပြီး ဟိုတယ်တစ်ခု ဆီသို့ ဆိုက်လာခဲ့ကြသည်၊ နှစ်ယောက်အိပ်ခန်းတစ်ခန်းစီကို ငှားရမ်းပြီး အနားယူဖို့ဖြစ်ကြလေသည်၊ အခန်းထဲတွင်

"နဒီ မင်းအခြေအနေကောင်းနေပြီလား"

"ကျော်ဗိုလ်ရေ ခုမှဖရှုကိုဘယ်လိုတိုးရမှန်းတောင် မသိဘူးဖြစ်နေပြီ"

"ဘာဖြစ်လို့လဲကွ"

"ပန်းမုခြာနွယ်က ငါ့အပေါ်ကို အားကိုးယုံကြည်မှု ကြီးလွန်းနေတယ်၊ ဒါကိုငါ့ဘက်က အခွင့်အရေးယူသလို ဖြစ် သွားမှာကို စလိုလားဘူး၊ သူ့ဘဝလေးကို ငါကာကွယ်ပေးတယ်ဆိုတာ ငါ့နှလုံးသားရဲ့ အသန့်စင်ဆုံး သံယောဇဉ် လည်း ပါတယ်၊ သူ့ဘဝလေးကို အနီးကပ်သိလိုက်ရတော့ ပိုပြီး တရဏာသက်မိတယ် ကျော်ဗိုလ်"

"ဒါဆိုမင်းက မချစ်တော့ဘူးပေါ့"

"ငါ့ချစ်ခြင်းကလည်း ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ဘူး"

"မင်းခံစားချက်က ဘယ်လိုလဲ"

"ဘယ်လိုလဲဆိုတော့ ခုချိန်မှာတော့ ငါကိုယ်တိုင်လည်း မပြောတတ်ဘူး၊ ပန်းမုခြာနွယ်နဲ့ ခုလိုသွားနေရတာလေးက ရင်မှာ စိတ်လှိုင်းတွေဝေနေတာတော့ အမှန်ပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါ လိုက်စီတာမှားပြီ နဒီ"

"ဟာ…ဘာဖြစ်လို့လဲ၊ ဘာလဲမင်းသွေးပျက်သွားပြီလား"

"နဒီ ငါဆိုတဲ့ကောင်ကလည်း မင်းလိုပဲ သူငယ်ချင်း စရိုက်မှာ ဘယ်တော့မှ နောက်ဆုတ်မှာမဟုတ်ဘူး"

"အဲဒါဖြင့် ဘာမှားတာလဲ"

"ငါမှားပြီဆိုတာ နန်းသင်းသင်း"

"ငါသိပြီ ကျော်ဝိုလ် မင်းနန်းသင်းသင်းကို သံယောဇဉ် တွယ်နေပြီပေါ့"

"ငါဝန်ခံပါတယ်၊ နန်းဘဝလေးကို သူပြောပြတော့ ရင်ထဲမှာ အရမ်းသနားသွားပြီး ချစ်မိသွားတာပဲနဒီ"

"ဒါဆိုလည်း ချစ်လိုက်ပေါ့"

"ငါ့ဘက်က ချစ်ပေမယ့် သူ့ဘက်က ရှိသေးတယ်၊ စရိုက်မှာ ဖွင့်ပြောလိုက်ရင်မသင့်ဘူး၊ တွေ့ကြတာမှ ရက်ပိုင်း ပဲရှိသေးတာ၊ သူ့ကိုအထင်သေးသလိုဖြစ်သွားမှာပေါ့"

"ငါကငါပဲ ရောဂါရှိတယ်မှတ်နေတာ မင်းလည်းရောဂါ နဲ့ပါပဲလား။ ဖြစ်မှဖြစ်ရလေ ကျော်ဝိုလ်ရာ…"

"ငါတို့သွားမှာက ပုဂံဆိုတော့ တစ်နေ့တစ်လံနဲ့ပဲ ကြိုးစားရင်း ပုဂံရောက်ရမှာပေါ့ကွာ"

"ကြိုးစားထားပေါ့"





"မင်းကရော…"

"ငါလည်းကြိုးစားရမှာပဲပေါ့…။ ဟားဟားဟား"

သူငယ်ချင်း(၂)ယောက် ရယ်မောလိုက်ကြသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

နဒီရှိန်း အိပ်ရာမှအစောဆုံးနိုးပြီး ကိုယ်လက်သန့်စင် ပြီး မြတင်းပေါက်ကိုဖွင့်ကာ ဟိုတယ်အရှေ့ဘက်မြင်ကွင်းကို ကြည့်မိလိုက်သည်။

ဟိုတယ်ထဲသို့ ကားတစ်စီး တောတော စီးစီးဝင်လာပြီး ကားထားသည့်နေရာတွင်ရပ်ကာကားပေါ်မှလူ(၂)ယောက် ဆင်းလာကာ နဒီရှိန်းတို့ကားကို သေချာစွာရပ် ကြည့်ပြီးမှ ဟိုတယ်ထဲသို့ ဝင်သွားကြသည်။

နဒီရှိန်းစိတ်ထဲ သံသယတစ်ခုဝင်ပြီး ကျော်ဇိုလ်ကို ပင်မနိုးတော့ဘဲ တစ်ယောက်တည်းအောက်သို့ဆင်းသွားရှိန် ဟွင်လုနစ်ယောက်ပြန်ပြီးထွက်သွားသည်။

ဟိုတယ်ကောင်တာတွင် အမျိုးသမီးတစ်ဦး ထိုင်နေသဖြင့်





နဒီရှိန်းလျှောက်သွားပြီး

"ညီမ"

"ဪ...အစ်ကိုဘာများအလိုရှိလို့လဲ"

"စောစောက လူ(၂)ယောက်က ဘာတွေလာပြီးမေးတာလဲ"

"မိန်းကလေး(၂)ယောက်၊ ယောကျ်ားလေး(၂)ယောက် ဒီဟိုတယ်မှာတည်းသလားဆိုတာလာပြီး စုံစမ်းတာ"

"ညီမ ဘာပြောလိုက်လဲ"

"ညီမတို့ဟိုတယ်မှာ သက်ဆိုင်ရာအဖွဲ့အစည်းတွေ ကလွဲပြီး အပြင်လူတွေကိုဟိုတယ်မှာတည်းခိုသူတွေနဲ့ပတ်သက်ပြီး ပြောခွင့်မရှိဘူး အစ်ကို၊ တာဝန်ရှိတဲ့လူပါလာပြီး မေးရင်တော့ ပြောခွင့်ရှိတာပေါ့၊ ပြီးတော့ သူတို့က ဘာကောင်တွေလဲဆိုတာ ညီမသိတာပေါ့"

"သူတို့က ဘာတွေလဲညီမ"

"အလကားလူတွေ၊ဒီမှာလာပြီး လုမိုက်လိုလိုလုပ်စားနေကြတဲ့သူပါ.. ဟိုတယ်ကို အကောင်းလာတာမဟုတ်ဘူး ခုကွဲပေးဖို့လာကြတာ၊ ဒါကြောင့် ညီမ မသိဘူးလို့ပြောလိုက်တယ်၊ ဒါတောင် ဟိုတယ်တည်းခိုစာရင်းလေးပြဖို့ဆက်ပြီးပြောတာနဲ့ ပြပိုင်ခွင့်မရှိဘူးလို့ သူ့ကို တစ်ခါတည်း အပြတ် ပြောလိုက်တယ်၊ သူတို့က အစ်ကိုတို့(၄)ယောက်ကိုခုကွဲပေးဖို့ဖြစ်ရမယ်"

www.burmeseclassic.com



"သေရာတာပေါ့ညီမရယ်၊ ရလိုမပြောပေးတာ ကျေးဇူးတင်ပါတယ်"

"ရပါတယ် အစ်ကို၊ အကူအညီလိုအပ်ရင်ပြောပါ၊ ညီမဘက်က တတ်နိုင်သလောက် ကူညီနိုင်ရင်ကူညီမှာပါ၊ ဥပဒေဘောင်အတွင်းကတော့ဖြစ်ပါစေ"

"ကိုယ်တို့က ဒုစရိုက်သမားတွေ မဟုတ်ဘူး ပုဂံဘက် ကိုဆင်းသွားရင်း ဘာကြောင့်မှန်းမသိဘဲ ဒုက္ခလိုက်ပြီးပေးနေတာ၊ ညီမဆီက အကူအညီတစ်ခုလောက်တော့ တောင်းချင်တယ်၊ တခြားမဟုတ်ပါဘူး။ ညီမယုံတယ်ဆိုရင် အစ်ကိုတို့ကို ကားတစ်စီးလောက် စီစဉ်ပေးပါ"

"အစ်ကိုတို့ကားကရော"

"ဝပ်ရှော့ကိုပို့ပြီး ကားကြွနိုင်ရေးလေး လုပ်ချင်တယ်"

"အစ်ကို အကူအညီတောင်းတာကို ညီမကူညီပေး ပါ့မယ်၊ ကားကတော့ ဟိုတယ်ကကားနဲ့သွားပေါ့၊ ဓနိုးလမ်းအခက်အခဲရှိရင် ခရိုင်ဘာတစ်ယောက်ပါခေါ်သွားလေ၊ အစ်ကိုတို့ကားကိုဟိုတယ်တာဝန်ထမ်းလေးနဲ့ ဝပ်ရှော့မှာ စစ်ဆေးခိုင်း ထားပါ့မယ်"

"ကျေးဇူးကမ္ဘာပါပဲကွာ"

"ရပါတယ်၊ မနက်စာအတွက်ပြင်ဆင်ထားပေးရမလား"

"ပြင်ထားလိုက်၊ သူတို့ကို သွားပြီးနှိုးလိုက်ဦးမယ်"





"အစ်ကိုတို့သွားမယ့်အချိန်ကျရင် ပြောလိုက်ပါ"

"အင်း"

နဒီရှိုင်းအပေါ်ထပ်ဆီသို့ပြန်ပြီးတက်ခဲ့လေသည်၊

"ကိုဒီ တောင်နိုးပြီး ပြန်တက်လာပြီ ညကစရိုးပန်း တာနဲ့အိပ်ပျော်သွားတာ"

"အြာတို့ပြင်ဆင်ပြီးရင် အောက်ကိုဆင်းခဲ့ကြလေ၊ ပြီးမှ စကားပြောကြတာပေါ့"

"ကောင်းပါပြီ ကိုဒီ"

ပန်းမုဒြာနွယ် အခန်းထဲသို့ပြန်ဝင်သွားပြီး သူတို့အခန်း ကို ပြန်ရောက်တဲ့အချိန်ထိ ကျော်ဇိုလ်မနိုးသေး၊

"ဟေ့ကောင် ကျော်ဇိုလ် ထတော့"

"အင်း...ဝါး...အိပ်လို့ကောင်းလိုက်တာကွာ"

"အိပ်လို့ကောင်းတာ နောက်ထား၊ အန္တရာယ်ကောင် တွေက နို့ထက်တောင် ပိုရိယကောင်းကောင်းနဲ့ လာသွားပြီ"

"ဘာ..."

"မျက်နှာသစ်ပြီးတော့ အောက်ရောက်မှ စကားပြော ကြရအောင်"

နဒီရှိုင်းအခန်းထဲတွင် ပစ္စည်းများကို အမှတ်အသားပြု လုပ်ပြီး အောက်ကိုဆင်းခဲ့သည်၊



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်က စားသောက်ခန်းထဲတွင် နံနက်စာအတွက် အသင့်ပြင်ဆင်ထားပြီးသဖြင့် သူတို့အားလုံးကော်ဖီသောက် မုန့်စားရင်း

"နဒီအန္တရာယ်ကောင်းဆိုတာပြောပါဦး"

ဒီလို × × × × × × × × × × × × × × × × × × × × × × × ×

× × × × × × × × × × × × × × × × × × × × ×

နဒီရှိင်းအကြောင်းစုံကို ပြောပြလိုက်သည်။

"ဟယ် သတင်းစုံစမ်းတာမြန်လှချည်လား"

"မြန်ဆို ဒီမြို့မှာ ဟိုတယ်ဆိုလို့ (၂) ခုပဲရှိတာ၊ စုံစမ်း ရတာ သိပ်ပြီး ခဲခဲယဉ်းယဉ်းမရှိဘူးလေ၊ ဒီမြို့မှာ အသိမိတ်ဆွေ မရှိတာ ကိုယ့်ဘက်က ဟာကွက်တစ်ခုပဲ"

"ခု ဘယ်လိုလုပ်ကြမလဲ ကိုဒီ"

"ကားကို ဟိုတယ်ဝန်ထမ်းတွေက ဝပ်ရှော့ကိုယူသွားပြီး လိုအပ်တာတွေအားလုံးလုပ်ခဲ့မယ်၊ တို့တစ်တွေကတော့ ဟိုတယ် ကကားနဲ့ အပြင်ထွက်ပြီးလည်ကြတာပေါ့"

"အပြင်မှာစောင့်နေကြမှာတော့ သေချာလား"

"သေချာပါတယ်၊ ငါတို့တစ်ခုခုတော့ ဒီကောင်တွေ ကို လှည့်စားပြီး ဒီမြို့ကထွက်ရမှာပဲ"

"ကိုဒီ ဘယ်လိုစဉ်းစားထားသလဲ"





"ငါတို့ဟိုတယ်မန်နေဂျာအမျိုးသမီးကို အကူအညီတောင်း ပြီး ငါတို့ကားကို စိတ်ချရတဲ့နေရာ မှာထားခဲ့မယ်၊ ဟိုတယ်က အထွက်ကိုတော့တခြားကားတစ်စီးငှားပြီးသွားကြတာပေါ့"

"ကိုဒီ့ အကြံကောင်းတယ်"

"ဒါဆို ဒီမှာနေခဲ့ဦး၊ ဟိုတယ်မန်နေဂျာကို သွားသွား ပြော လိုက်ဦးမယ်"

နဒီရှိင်းက ကော်ဖီဝိုင်းထဲမှ ထပြီး မန်နေဂျာကောင်တာ သို့ လျှောက်လာသည်။

"ဘာများလိုအပ်သေးသလဲ"

"မင်းဆီက အကူအညီတောင်းရတာ အားနာပါတယ် ဒါပေမယ့်အစ်ကိုတို့အတွက် အရမ်းကို အန္တရာယ်ဖြစ်နေလို့ပါ"

"ရက်မြင့်ဖော်တို့နဲ့ ပတ်သက်ရင်အစ်ကိုတို့(၄)ယောက်မှာ လူကောင်းတွေဆိုတာ ညီမယုံပါတယ်၊ ဘာကူညီရမလဲဆိုတာ တိုပြောပါ"

"ဒီလို ညီမ အစ်ကိုတို့ကားကိုစိတ်ချရတဲ့နေရာမှာ ထားပြီး ဒီမြို့ကနေပြန်ပြီးထွက်မယူသွားချင်တယ်"

"အစ်ကိုပြောတာကို ညီမသဘောပေါက်ပါတယ်၊ ဟို ရက်မြင့်ဖော်တို့ကိုလှည့်စားတဲ့သဘောပေါ့"

"ဟုတ်တယ်ညီမ"



www.burmeseclassic.com

www.burmeseclassic.com



"ညီမအိမ်က စိတ်ချရတယ်၊ ရဲစခန်းနဲ့နီးတော့ ဂျက်မြင့်ဖေ တို့အနှောင့်အယှက်မကာပ်ရဲဘူး"

"ညီမအိမ်မှာပဲ ထားလိုက်ပါ၊ မြို့ထဲကိုတော့ ဟိုတယ်က ကား နဲ့ပဲသွားကြမယ်၊ ဒြော်...ညီမနာမည်က"

"ခင်ရီရီထားပါ"

"အစ်ကို့နာမည်က နဒီရိုင်းပါ"

"ဟုတ်ကဲ့"

"ကားယူသွားမယ့်လူကိုပြဿနာများရှာနေမလားညီမ"

"သူတို့ပြဿနာမလုပ်ရဲတဲ့သူကို ယူသွားခိုင်းမှာပါ၊ ညီမ အစ်ကိုဝမ်းကွဲပါ၊ လူသတ်မှုနဲ့ထောင်က လွတ်တာ တစ်နှစ် လောက် ပဲရှိသေးတာ၊ အရင်က သိပ်ဆိုးတာ၊ သူက မဟုတ်တာဆို သူ့ရှေ့မှာ လုပ်လို့မရဘူး၊ သူထောင်ကျရတာလည်း မတရားမှုတစ်ခုကို ဝင်ကူညီရင်းလူသတ်မှုနဲ့ထောင်ကျသွားတာပါ"

"ဒါဆိုရင် အဆင်ပြေတာပေါ့"

"အစ်ကိုတို့အပြင်သွားတော့မှာလား"

"သွားမယ် ညီမ၊ ဒရိုင်ဘာကိုလည်းညီမပဲ စီစဉ်ပေး"

"ဟုတ်ကဲ့...ခဏလေးစောင့်ပါ အစ်ကို"

နဒီရိုင်းနေရာသို့ပြန်ပြီးအဆင်ပြေကြောင်းပြောပြလိုက်သည်။

"ဟိုမှာ သွားဖို့လုပ်ပြီးပေါ်နေပြီ သွားကြရအောင်"





ဟိုတယ်ထဲမှ အပေါက်ဝဆီသို့ရောက်တော့ ဟိုတယ် သုံး (× × × × ×)ကားလေးပေါ်သို့တက်ခဲ့ကြသည်။ ကားမှန်တွေ က အနက် ရောင်မှန်များဖြစ်သောကြောင့် ကားထဲမှာဘယ်သူ ဘယ်ဝါ ပါသည်ဆိုတာကိုမသိနိုင်ချေ။

"ဆရာတို့ဘယ်ကိုသွားကြမှာလဲ"

"ဒီမြို့ရဲ့အသာယာဆုံးနေရာနဲ့စေတီတစ်ဆူကို ပို့ပေးပါ"

"ကောင်းပါပြီ၊ စေတီလေးကို အရင်သွားမယ် အရမ်းကို သွားယ်တာ"

"ဆုတောင်းရင်ပြည့်လားဦးလေး"

"သစ္စာမှန်မယ်၊ ယုံကြည်မယ်ဆိုရင်ပြည့်တယ်"

"ဒါဆိုရင်တော့ ဆုတောင်းရမယ်"

"ကိုဒီက ဘာဆုတောင်းမှာလဲ"

"စေတီပေါ်ရောက်မှ ပြောပြမယ်"

"တကယ်"

"တကယ်ပေါ့"

ဟိုတယ်ထဲမှထွက်လာသည့်အထိ နောက်မှမည်သည့်ကား မှလိုက်လာခဲ့ခြင်းမရှိ။

"စေတီလေးရဲ့ဘွဲ့အမည်က ပန်တော်ဦးစေတီတော်တဲ့"

"စေတီဘွဲ့တော်လေးက ဆန်းတယ်နော်၊ လွမ်းစရာလည်း



www.burmeseclassic.com

www.burmeseclassic.com



တောင်းသလိုပဲနော် ကိုဒီ"

"ဟုတ်တယ် ဒါနဲ့ဦးလေး ဒီစေတီလေး သမိုင်းကြောင်းလေး တစ်ခုတော့ရှိမှာပေါ့နော်"

"ရှိခဲ့တယ်လေ၊ ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်း (၅၀၀)လောင်း ရှိတဲ့ ဘုန်းကြီး ဒီစေတီလေးပေါ်ပေါက်ခဲ့တာ၊ ဆရာတို့က နားထောင်ချင်လို့လား"

"ဟုတ်ကဲ့၊ နားထောင်ချင်တယ် ဦးလေး"

"စေတီလေးရောက်မှ ပြောပြမယ်၊ ကားမောင်းရင်း ပြောရတာ အရသာသိပ်မတွေ့ဘူး၊ ရောက်ခါနီးပါပြီ"

ကားလမ်းအချိုးတစ်ခုကို ကွေ့လိုက်သည်နှင့် အုတ်တံတိုင်းလေးကာရံထားသော စေတီတော်လေးကို တွေ့ရသည်၊

"အဝေးကမြင်ရုံနဲ့ ကြည်ညိုဖွယ်ရာ လွမ်းမောဖွယ်ရာ ကောင်းလိုက်တာ"

ပန်းမုခြာနွယ် သူမ ရင်ထဲကဖြစ်ပေါ်လာသည့် အတိုင်း ပြောရင်း စေတီလေးကို ငေးမောကြည့်နေလေသည်။

နဒီရိုင်းနှလုံးသားထဲမှာ ဆုတောင်းချင်စနေသော အရာကတော့ ပန်းမုခြာနွယ်ဘဝလေးကို အေးချမ်းသာယာစေရန် ခုလို အန္တရာယ်တွေကြားက အမြန်ဆုံးလွတ်မြောက်စေရန်ပင် ဖြစ်သည်။



စေတီလေးမှာ ခမ်းနားစွာတည်ထားခြင်းမဟုတ်သော်လည်း ရှေးဟောင်းလက်ရာတွေနဲ့ လွန်စွာကြည်ညိုဖွယ်ကောင်းသော စေတီလေးတစ်ဆူဖြစ်သည်၊

ပန်းမုခြာနွယ်တို့ စေတီလေးကိုသုံးပတ်မြောက်ပူဇော်ခဲ့ပြီး ရှေးဟောင်းဇရပ်ပေါ်သို့တက်ခဲ့ကြသည်။

"ကျွန်းသားတိုင်ကြီးတွေနဲ့ လုပ်ထားတာနော်"

"ဟုတ်တယ်ကလေးမရဲ့ ရှေးလူကြီးတွေလက်ထက် ကတည်း တည်ရှိခဲ့တာ၊ ခုဆိုရင်နှစ်ပေါင်းရာချီနေပြီ၊ ဒုတိယ ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



စစ်တုန်းက စစ်ဘေးစစ်ဒဏ်သင့်ခဲ့ပေမယ့် အပေါ်အမိုး အကာတွေ လောက်ပဲ ပျက်စီးပြီး ကျန်တာတွေက ဘာမှ မဖြစ်ခဲ့ဘူး၊ လွတ်လပ်ရေးရပြီးမှ ပြန်ပြီးမွမ်းမံနိုင်ခဲ့တာ၊ ဟိုကုန်းမို့မို့လေးမှာ ဘာတွေတွေ့လဲ"

ကားဒရိုင်ဘာဦးလေးကြီးပြလိုက်သော နေရာလေးတို့ (၄)ယောက်လုံးကြည့်ပြီး

"ဂူလေး (၂)ခုနဲ့တူတယ်"

"ဟုတ်တယ် မောင်ရင်၊ သိပ်ချစ်ခဲ့ကြတဲ့ ချစ်သူ(၂) ဦးရဲ့ လေးပါ"

"စိတ်ဝင်စားဖို့ကောင်းနေပြီ"

"ကဲ..ထိုင်ပြီးပြောကြတာပေါ့"

ကားဒရိုင်ဘာဦးလေးကို ဝိုင်းပြီးထိုင်လိုက်ကြသည်။ ပန်းမှုံအနံ့ယ်က နှင်းရိုင်းဘေးတွင်ကပ်ပြီးထိုင်လျက်..

"မြန်မာပြည်မှာ ကေရာဇ်မင်းတွေ အုပ်ချုပ်စဉ်ကာလ တစ်ခု ဆိုရမှာပေါ့.. ခုနှစ်သက္ကရာဇ်တွေကတော့ ဦးလေးလည်း မမှတ်မိဘူး"

"ဒီလောက်ထိ မလိုပါဘူး ဦးလေးရယ်၊ သမီးတို့က သမိုင်း ပြုဖို့လာကြတာ မဟုတ်ပါဘူး၊ ဇာတ်လေးသမိုင်းကြောင်းကို သိချင်တာတစ်ခုပါပဲ"

"ခုလို တောင်တန်းဒေသမှာ စော်ဘွားစော်ကဲတွေက





တော့ကျွန်တွေနဲ့ မြို့တည်ပြီး ကေရာဇ်ဆန်ဆန် နေကြတယ်၊ ရှာ (၅)ရွာကို ပိုင်စိုးနိုင်ပြီဆိုရင် မင်းကေရာဇ်သဖွယ် နေထိုင် လို့ရကြတဲ့ ကာလတစ်ခုပေါ့၊ ခုဦးလေးတို့နေတဲ့မြို့ကလေးဟာ တစ်ချိန်က နယ်စော်ဘွားတစ်ဦး စိုးစံခဲ့တဲ့နယ်မြေပေါ့၊ စော်ဘွား ကြီးအမည်က ခိုက်လှန်ချောင်လို့ခေါ်တယ်၊ သူက တခြား စော်ဘွားတွေလို စစ်ရေး စစ်ရာကို သိပ်ပြီးစိတ်မဝင် စားဘူး၊ သူ စိတ်ဝင်တာက ဘာသာရေး နဲ့အနုပညာ၊ အတတ်ပညာတွေပဲ၊ သူ့မြို့မှာဆိုရင် ရဲမက်စစ်သည် ဆိုတာ သိပ်ပြီးမရှိဘဲ အနုပညာသည်တွေပဲ များများခဲ့တယ်၊ သိပ်ကို ငြိမ်းချမ်းတဲ့မြို့ကလေးတစ်မြို့ပေါ့၊ ဒီတော့ ရေမြေသဘာဝက အရမ်း ကောင်းတယ်၊ စိုက်ပျိုးရေးနဲ့ မြေအောက်တွင်းထွက်ပစ္စည်းတွေ ကလည်း အရမ်းပေါများတယ်၊ ဒါကို စော်ဘွားအမြော်အမြင်ကြီးစွာနဲ့ တခြားမြို့က စော်ဘွားတွေမသိအောင် သိုသိုသိပ်သိပ် နဲ့နေထိုင်ခဲ့ကြ တယ်၊ သိသွားခဲ့ရင် အန္တရာယ်ပြုမှာစိုးလို့ ကြိုတင်ကာကွယ်တဲ့ သဘောပေါ့"

"ကြားဖြတ်ပြီးမေးတာ မဟုတ်ဘူးနော် ဦးလေး၊ ကျူးကျော်မှု တွေရှိခဲ့လို့လား"

"ရှိတာပေါ့ ကလေးမရယ် နဂါးစော်ဘွားခွန် သျှန်ဦးဟာ စစ်ဘီလူးတစ်ယောက်လို့ တခြားနယ်ပယ်တွေကိုစစ် ရေးနဲ့လိုက်ပြီး သိမ်းပိုက်နေတယ်လေ၊ ဒါပေမယ့် ဒီမြို့ကလေးကို သိမ်းပိုက်ဖို့ကျ



www.burmeseclassic.com

www.burmeseclassic.com



တော့မလွယ်လှဘူး"

"ဘာလို့လဲဟင်"

"မြို့လေးရဲ့ ဘေးဘက်တွေမှာ သဘာဝက ဖန်ဆင်း ပေးတဲ့ တောင်ကြီးတွေ၊ ချောင်းရိုးတွေက ရန်သူကိုဘယ်လိုမှကျူးကျော်လို့ မရနိုင်ဘူး။ အံ့ဩစရာအကောင်းဆုံး ကတော့ သစ္စာသင့်ချောင်း ကြီးပဲ"

ဒါရိုင်ဘာဦးလေးကြီး စကားပြောရင်းမောလာတာကြောင့် စကားကို ခဏနားလိုက်ပြီး ပြီးမှဆက်ပြောသည်။

"မြို့လေးရဲ့အနောက်ဘက်မှာ သစ္စာသင့်ချောင်းကြီးရှိတော့ တစ်ဖက်ရန်သူတွေ အလွယ်ကူဆုံးလာနိုင်ဖို့ဆိုတာ ဒီသစ္စာ သင့် ချောင်းကြီးဘက်ကပဲရှိတာလေ၊ မြို့ရဲ့အနောက်ဘက်ကတော့ ဘယ်လိုမှလာလို့မရဘူး။ တောင်တန်းတွေနဲ့ တောကြီးတွေကိုကျော် ဖြတ်ရင် လနဲ့ချီပြီးတောင်ရောက်ကြမှာမဟုတ်ဘူး"

"လာတိုက်တဲ့လူရောရှိလား"

"ရှိခဲ့တယ်၊ နဂါးစော်ဘွား ပထမဦးဆုံး သစ္စာသင့် ချောင်း ကိုဖြတ်ကျော်ပြီး တိုက်ခိုက်ဖို့လာခဲ့ပေမယ့် သစ္စာသင့် ချောင်းကို ကျော်ဖြတ်တဲ့အချိန်မှာ ရေတွေက ကြောက်စရာ ကောင်းလောက် အောင်စီးဆင်းပြီး နဂါးစော်ဘွားတပ်တွေမှာမလှ သေဆုံးခဲ့ကြတယ်။ သူတို့က လက်မလျှော့ဘဲ တစ်ဖက်ကမ်းကနေ တပ်စွဲပြီး စောင့်ပေ





ယ် နှစ်နဲ့သာ ကြာသွားတယ်၊ ချောင်းကို ဘယ်လိုမှ မကူးနိုင်ဘူး၊ နောက်ဆုံးတော့ လက်လျှော့ပြီးပြန်ဆုတ်ခွာသွားတယ်"

"တကယ်အံ့ဩဖို့ကောင်းလိုက်တာ၊ စော်ဘွားကြီးရဲ့ဘုန်းကံ လို့ဆိုရမှာပေါ့နော်"

"စော်ဘွားကြီးဘုန်းကံကြောင့် မဟုတ်ဘူး။ စော်ဘွားကြီး မွေးခဲ့တဲ့သမီးတော်လေး နန်းသစ္စာကြောင့်တဲ့၊ နန်းသစ္စာဟာ အရင် ဘဝက သစ္စာသင့်ချောင်းကြီးကိုစောင့်တဲ့ဘီလူးကြီးရဲ့သမီးဖြစ်ခဲ့လို့ သူ့အရင်ကဖခင်ကြီးကပြန်ပြီး စောင့်ရှောက် လာခဲ့တာတဲ့"

"အခုအဲဒီသစ္စာသင့်ချောင်းကြီးရှိသေးလား"

"ရှိသေးတယ်၊ အရင်ကလို ရေတွေစီးဆင်းနေတဲ့ ချောင်း တော့မဟုတ်တော့ဘူး၊ သဲလျှိုလမ်းကလေးဖြစ်နေပြီ၊ မိုးဦးကျ လောက်ဆိုရင်တော့ ရေရှိတယ်၊ သိပ်တော့မကျယ် တော့ပါဘူး၊ လှည်း(၂)စီးစာ သွားလမ်းလေးလောက်ပဲရှိတော့တယ်"

"ဆက်ပြီး ပြောပါဦး။ နောက်ပိုင်း ဘာတွေဖြစ်ခဲ့လဲ ဦးလေး"

"အေးချမ်းသာယာတဲ့မြို့ကလေးကို ဖျက်ဆီးဖို့ရောက် လာသူကတော့ တခြားမြို့ကနေ ထွက်ပြေးလာတဲ့ စောရဲနောင်သာ ဆိုတဲ့မင်းသားလေး၊ သူဟာနဂါးမြို့စားဆီကနေထွက်ပြေးလာပြီး စော်ဘွားကြီးဆီမှာ နေထိုင်ခွင့်တောင်းခဲ့တယ်၊ မေတ္တာတရား ကြီးမားတဲ့ စော်ဘွားကြီးဟာ စောရဲနောင်သာကို နေခွင့်ပြု



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်၊ ဒါကို မနန်းသစ္စာဘေးမှာ သက်တော်စောင့်တာလို့ ယူထားရတဲ့ တပ်မှူးလေးက နဂါးမြို့စားရဲ့ပရိယာယ်တစ်ခုလို့ သံသယဝင်ပြီး သတိပေးခဲ့ပေမယ့် နန်းသစ္စာရဲ့ကန့်ကွက် မှု ကြောင့်ပျက်သွားခဲ့သည်၊ နန်းသစ္စာဟာ စောရဲနောင်ကို မြင်မြင် ချင်းချစ်ခင်စုံမက်သွားပြီး သူ့အပေါ်မှာဝယ်ဝယ်ကတာည်းက စောင်း လာခဲ့တဲ့ တပ်မှူးလေးကိုတော့ ဥပေက္ခာပြုတော့တာပဲတဲ့၊ သူ့ဘေးမှာ စောရဲနောင်သာနေလို့ရအောင် တပ်မှူးခွန်သာကိုအမျိုးမျိုးအပြစ်ရှာ ပေမယ့် စော်ဘွားကြီးကြောင့် တပ်မှူးလေးဟာအရေးယူအပြစ်ပေး ခြင်းမခံခဲ့ရဘူး"

"တော်တော်ရက်စက်တာပဲနော်..ကိုယ့်အပေါ်မှာ စောင်းခဲ့ တဲ့လူကိုများ အပြစ်ရှာရတယ်လို့.."

"ဒါပေါ့ဗြာရယ်..အချစ်ထိပ်တက်နေတာကို"

"ဒီလိုအချစ်မျိုးတော့ လက်မခံနိုင်ဘူး၊ ကိုယ့်ဘာသာ ချစ်ရင်ချစ်ပေါ့၊ဘာလို့တခြားလူကိုအန္တရာယ်ပြုရတာလဲ"

"ကဲ..ကဲ မင်းတို့နှစ်ယောက်ရဲ့ခံစားမှုသံစဉ်တွေကို ခဏရပ် ဆက်ပြီးပြောပါဦး၊ ဇာတ်လမ်းက စောင်းခန်းရောက် နေပြီ"

"စောရဲနောင်သာဟာ မင်းသမီးလေးပေးတဲ့အခွင့်အရေးကို အသုံးချပြီး သစ္စာသင့်ရောင်းကြီးရဲ့လျှို့ဝှက်ချက်ကိုရှာ တော့တာပေါ့၊ နောက်တော့ လျှို့ဝှက်ချက်ကို သိရှိသွားခဲ့တယ်"





"ဟင်..ဘယ်လိုသိသွားတာလဲ"

"မင်းသမီးလေးမမွေးခင်က စော်ဘွားကြီးကို ဘိလူးကြီး က အိပ်မက်တစ်ခုပေးခဲ့တယ်၊ အဲဒီ အိပ်မက်က ဘာလဲဆိုတော့ သစ္စာ သင့်ရောင်းကြီးရဲ့အဆုံးတစ်နေရာမှာ ကျောက်ဂူကြီး တစ်ခုရှိတယ်၊ ဒီကျောက်ဂူထဲမှာ သစ္စာသင့်ရောင်းကြီးရဲ့ ရေစီးဆင်းမှုတွေကို လုပ်ပေးနိုင်တဲ့ ပတ္တမြားတစ်လုံးရှိတယ်၊ ဒါကို ထိန်းသိမ်းဖို့သတိ ပေးတဲ့အိပ်မက်၊ တကယ်လို့ ပတ္တမြားကြီးဟာ တခြား လူနောက်ပါ သွားတဲ့အခါ သစ္စာသင့်ရောင်းကြီးရေစီး နိုင်ဖို့ကို လုပ်နိုင်မှာမဟုတ် ဘူးတဲ့၊ ဒီနေရာကို စော်ဘွားကြီး၊ တပ်မှူးလေးခွန်သာနဲ့ နန်းသစ္စာ ထိုကလွဲပြီး ဘယ်သူမှမသိဘူး၊ စောရဲနောင်သာဟာ မင်းသမီး လေးကိုရအောင်မေးခဲ့တယ်လေ၊ နန်းသစ္စာဟာ အချစ်စိတ်မွှန်ပြီး ပတ္တမြားကြီးရှိတဲ့နေရာကို ပြောပြလိုက်တယ်တဲ့"

"ဟယ်..မိုက်လှချည်လား"

"ဒါကိုသိခဲ့တဲ့ တပ်မှူးလေးဟာ နန်းသစ္စာနဲ့စောရဲနောင် သာတို့ နောက်ကိုလိုက်ပြီး တားမြစ်ခဲ့ပေမယ့် နန်းသစ္စာဟာ သူ့ကို အမိန့်ပေးပိုင်ခွင့် မရှိဘူးဆိုပြီး ဂူထဲကို အတင်းဝင်ဖို့လုပ် တာနဲ့ ဂူဝမှာရပ်ပြီး လှံလက်ထဲကဓားကိုနန်းသစ္စာထံပေးလိုက်တယ်၊ သူ့ကို သတ်ပြီးမှ ဂူထဲကိုဝင်ပါတဲ့၊ အသိတရားကင်းမဲ့ပြီးဘာကိုမှ မစဉ်းစား မိတော့တဲ့နန်းသစ္စာဟာ တပ်မှူးလေးရင်ဝကိုဓါးနဲ့ထိုးချလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား...ဘုရား...ဘုရား...ရက်စက်လိုက်တာ"

"တစ်မူးလေးဟာ သေအံ့ဆဲဆဲမှာ စကားတစ်ခွန်း ပြောခဲ့တယ်၊ နန်းသစ္စာကို သူမြတ်နိုးခဲ့တယ်ဆိုတဲ့ စကားလေး တစ်ခွန်း ပြောရင်းသေဆုံးသွားခဲ့တယ်လေ၊ နဂါးစော်ဘွားရဲ့သားဟာ ပတ္တမြား လည်းရေရော နန်းသစ္စာကိုပါသတ်ဖြတ်လိုက်တယ်"

"ဝမ်းနည်းပြီးလည်းတာပေါ့နော်"

"နန်းသစ္စာ ချစ်အမှားကိုသိလိုက်ချိန်မှာ အများကြီး နောက်ကျသွားပြီ၊ သူ့ရင်ဘတ်ကို ဒဂ်ရာကိုဖိပြီး သေဆုံးနေတဲ့ တစ်မူး လေးရဲ့လက်ကို ဆုပ်ကိုင်ပြီး နောက်နောင်ဘဝတွေမှာ သူကပြန်ပြီး ပေးဆပ်ရပါစေဆိုပြီး အတူတူသေဆုံးခဲ့တယ်၊ ဒီနောက်တော့ မြို့ကြီးကို နဂါးစော်ဘွားကြီးသိမ်းပိုက်နိုင်ပြီး စော်ဘွားကြီးကိုပါ သုတ်သင်ပစ်ခဲ့တယ်၊ဒါပေမယ့် နဂါးစော်ဘွားဟာ ဒီမြို့ကို တစ်လ ပြည့်အောင် မအုပ်ချုပ်လိုက်ရဘူး၊သူလည်းသေဆုံးသွားခဲ့တယ်"

"ဘယ်လိုဖြစ်လို့လဲ ဦးလေးရယ်..."

"နန်းရယ် ပြောမှာပေါ့ဟ"

"အရမ်းကိုသိချင်လို့"

"ဒီလိုတူမရဲ့ သစ္စာသင့်တောင်နတ်ဘီးလူးကြီးက မြို့လေးကို ရေတွေလွှမ်းလိုက်ပြီး မြို့ကိုဖျက်ဆီးပစ်လိုက်တယ်"

"ဒါဆို အားလုံးသေဆုံးကုန်တာပေါ့နော်"





"ဟုတ်တယ်ပဲဆိုရမှာပေါ့ကွယ်..."

"ဟိုမှာ မြင်နေရတဲ့ရေကန်ကလေးက ဘယ်လို ဆက် နွယ် ခဲ့တာလဲ"

"နောင်နှစ်ပေါင်းများစွာကြာတော့ ဒီမြို့လေးက ရွာ လေး တစ်ရွာဖြစ်သွားခဲ့ပြီး သူတို့နှစ်ယောက်ဟာ လူဝင်စားဖြစ်ခဲ့ ကြ တယ်၊တစ်ချိန်က ဆိုခဲ့တဲ့သစ္စာကြောင့်ပဲ နန်းသစ္စာဟာ ပန်တော်ဦး အမည်လေးနဲ့ လူဝင်စားဖြစ်လာပြီး တစ်မူးလေးဟာ ကိုသစ္စာ အမည်နဲ့လူဝင်စားဖြစ်ခဲ့တယ်၊ သူတို့နှစ်ယောက်ကို ရန်ဘက် မိဘားစုနှစ်စုက မွေးဖွားခဲ့ကြပေမယ့် အတိတ်ကပါ လာခဲ့တဲ့ သစ္စာ တွေကြောင့် ပန်တော်ဦးဟာ မိဘတွေ၊ အဲစ်ကိုတွေ ရိုက်နှက်တဲ့ ကြားက ကိုသစ္စာကို သံယောဇဉ်ကြီးစွာနဲ့ ချစ်ခဲ့ကြတယ်"

"သူ့အလှည့်ပြန်ပြီးရောက်တဲ့သဘောပေါ့"

"ဟုတ်မှာပေါ့ကွယ်... ဒီလိုနှစ်ဖက်မိဘတွေရဲ့ဆွေမျိုး အသိုင်း အဝိုင်းတွေက ခါးထွဲတုတ်ထွဲဖြစ်နေတဲ့အချိန်မှာ ပန်တော်ဦးနဲ့သစ္စာ တာ တစ်ယောက်လက် တစ်ယောက်ဆွဲပြီး ထွက်ပြေးကြရင်း သစ္စာသင့်ချောင်းအပေါင်းကြီးအရပ်ကိုရောက်ခဲ့တယ်၊ တစ်ဖက် မှာ မိသားစုတွေက စောင့်နေကြပြီး သူတို့နှစ်ယောက်ကို ခွဲပစ်ဖို့ စောင့်နေကြတယ်၊ ဘယ်ဘက်တိုမှ သွားလို့ မရတဲ့အဆုံး သူတို့နှစ် ယောက်ဟာ ခါးကြိုးချင်းတစ်လက်နဲ့ နှစ်ယောက်အတူတူ သေကြေသ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးဖြတ်လိုက်ကြတယ်"

ဦးလေးကြီးစကားကို ကြားရပ်ပြီး အဝေးမှအုတ်ဂူနှစ်လုံးဆီသို့လှမ်းကြည့်လိုက်လေသည်။

"ဦးလေး ဆက်ပြောပါဦး..."

"ပြောမှာပေါ့ခြာရယ်..မောလို့နားပါရစေဦး"

"အကောင်းဆုံးအခန်းကို ရောက်နေပြီကိုဒိရဲ့"

"တစ်ချိန်က သူ့ရဲ့ရက်စက်ခြင်းကြောင့် သေဆုံးရတဲ့ ချစ်သူအပေါ်မှာ သူ့အလှည့်ပြန်ပြီးရောက်ခဲ့တယ် ဆိုရမှာပေါ့၊ သစ္စာကို အရင်ထိုးနိုင်းပေမယ့် သစ္စာကဘယ်လိုမှ မထိုးရက်ဘူး။ ပန်တော်ဦးကိုသာ ထိုးနိုင်းခဲ့တယ်၊ နောက်ဆုံး ပန်တော်ဦးဟာ သူ့ကိုယ်သူသတ်ပြီး သစ္စာကိုသူ့မိဘတွေဆီ အကဲကိုသွားနိုင်းခဲ့တယ်လေ။ ဒါပေမယ့် သစ္စာက ချစ်သူနဲ့ ထပ်တူ ဓားမြှောင်ကိုနုတ်ပြီး သူ့ကိုယ်သူအဆုံးစီရင်ပြီး နှစ်ယောက်လုံး သစ္စာသင်္ချိုင်းမှာပဲ သေဆုံးခဲ့တယ်၊ ဒီနောက်တော့ သူတို့နှစ်ယောက်ရဲ့ သံယောဇဉ်တွေကို နှစ်ဖက်မိဘတွေက နောင်တရပြီး ဟိုတောင်ကုန်းလေးမှာ ဂူလေး (၂)ဂူ လုပ်ပြီး သူတို့အတွက် ပန်တော်ဦးသစ္စာစေတီလေးလို့ တည်ထားလိုက်တာပေါ့ကွယ်"

ဒရိုင်ဘာဦးလေး၏ စကားလေးဆုံးသွားပြီး နောက် စကားသံတွေ ဘယ်သူမှ ထွက်မလာတော့ဘဲ အဝေးဆီမှ ဂူလေးကို





လှမ်းပြီးကြည့်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဩာ..."

"ရှင်..."

နဒီရိုင်းခေါ်သံလေးကြောင့် မျက်လုံးဝိုင်းကလေးနှင့် နဒီရိုင်းကိုကြည့်လိုက်သည်။

"သွားကြရအောင်၊ နောက်လည်ပတ်စရာတွေ ရှိသေးတယ်"

ရေပ်လေးပေါ်မှ ပြန်ပြီးဆင်းခဲ့ကြတော့သည်၊ လမ်း တစ်လျှောက်မှာပန်းမှုဩာနွယ်စကားမပြောဘဲ တိတ်ဆိတ်နေသဖြင့်-

"ဩာ ဘာဖြစ်နေတာလဲ..."

"ရင်ထဲမှာ တစ်မျိုးကြီးဖြစ်နေတယ်..."

"ဘာလဲ ဦးလေးကြီးပြောတဲ့ဇာတ်လမ်းလေးကြောင့်လား"





"ဟုတ်တယ်...ကိုဒီ"

"ဩာရယ်...ဒီအဖြစ်အပျက်လေးက ပြီးဆုံးခဲ့တာ ကြာပြီပဲ"

"ဩာစိတ်ထဲမှာ ပန်တော်ဦးနဲ့သစ္စာတို့ရဲ့ ဝိညာဉ်လေးတွေ ရောက်နေသလို ခံစားရတယ်"

"ဩာက နလုံးသားနုတာကိုး"

"ဒီလိုပဲ သတ်မှတ်ရမှာပေါ့၊ ကိုဒီက ဘယ်လိုမှ မခံစား ရဘူးလား"

ပန်းမှုဩာနွယ် ခံစားချက်ကိုပြောပြနေသောကြောင့် နဒီရိုင်း ခပ်ညှဲညှဲလေးပြုံးလိုက်ပြီး

"ဒို့က ကိုသစ္စာနေရာကိုခံစားမယ်ဆိုရင်ရော"

"အယ်..."

ပန်းမှုဩာနွယ် စကားသံလေး တိတ်သွားပြီး ရင်ထဲက စကားလုံးတွေမြင်အောင် အဖြေပေးလိုက်သည်၊ နဒီရိုင်း သဘောပေါက် အောင် ထိုအဖြေကိုဘာသာမပြန်နိုင်ခဲ့ပေ။

"ဒီနားမှာ ကျောက်ဖြူရေပူစမ်းလေးရှိတယ် အဲဒီမှာ ထမင်း စားပြီး ရေပူချိုးကြတာပေါ့"

"ကောင်းတာပေါ့၊ ရေပူချိုးရင်အကြောတွေအာရုံတွေ လန်း ဆန်းတယ်လို့ကြားဖူးတယ်"

"ဟုတ်တယ်မောင်ရင် ချိုးဖြစ်အောင်ချိုးလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြာလည်း ရှိုးနော်"

"အဝတ်  : စားလဲစရာမှ မပါတာ"

"မပူနဲ့ ငါတို့မ ဟိုမှာ အဝတ်အစားဌားလို့ရတယ်"

"ဒါဆိုရင်လည်း အဆင်ပြေတာပေါ့"

ကျောက်ဖြူရေပူစမ်းလေးဆီသို့ သွားသည့်လမ်းက လေး အတိုင်းမောင်းဝင်လာခဲ့သည်။ ကျောက်ဖြူရေပူစမ်းလေးတွင် ရေပူရှိုးရန် ပြင်ဆင်ပြီးဆင်းလာကြသည်။

"ကိုဒီ...ဖြာ လက်ကိုဆွဲပြီးနော်၊ ဖြာမဆင်းရဲဘူး"

ကမ်းပေါ်က ကျောက်တုံးပေါ်တွင်ဆီသို့ လျှောက်သွား ပြီး ပန်းမှုဖြာဆီသို့ပြန်သွားကာ လက်ကလေးကမ်းလိုက်သည်။

"ကဲ...ဖြည်းဖြည်းလည်းဆင်း ကျောက်တုံးတွေက ချော တယ်"

"အမေ့...ဝုန်း"

ကျောက်တုံးပေါ်မှ အောက်သို့ အဆင်းခြေထောက်တ ဟန်ချော်ပျက်သွားပြီး နဒီရိုင်းရင်ခွင်ထဲသို့တိုးဝေ့ဝင်ကာ နှစ်ယောက် သားရေထဲသို့လဲကျသွားတော့သည်။ ပန်းမှုဖြာနွယ်က ကြောက် ကြောက်နှင့်နဒီရိုင်းကိုဖက်ထားလေသည်။

ပူနွေးနေသော ရေလေးထဲတွင် ရင်ခုန်သံလေးတွေ တ အတိုင်းအဆမဲ့ပဲ့တင်ရိုက်ခတ်နေသည်။





"ဟော့... ဟို(၂)ယောက်ပြန်ပြီးထလေ ဘယ့်နှယ့် ရေက ဘိဝ်တိဝ်လေးနှုးဆစ်လောက်ပဲရှိတာ မထနိုင်တော့ဘူးလား"

"အဲ့ယ်..."

"ဟာ..."

ကျော်ဝိုလ်လှမ်းပြီးအော်သောကြောင့် နှစ်ယောက်သား ရှက်သွေးဖြာပြီး ရေထဲမှပြန်ပြီးထကြသည်။

"ရေလယ်မှာ သွားပြီးရှိုးကြမယ်"

"မလိုက်ရဲဘူး"

"ရေမှမနက်ဘဲနဲ့ဖြာရယ်"

"ရေနက်လို့မဟုတ်ဘူး"

"ဒါဖြင့် ဘာဖြစ်လို့လဲ"

"ရှက်လို့..."

"ဘာလို့ရှက်ရတာလဲ..."

"သူတို့အော်ပြောတာကိုရှက်ပြီးဘယ်လိုနေရမှန်း မသိဘူး၊ ကိုဒီကလည်း ရှက်ရှင်းဘာလို့ပြန်ပြီးမထတာလဲ"

"ဖြာက အပေါ်ကဖက်ထားတာ ဘယ်လိုပြန်ထမလဲ"

ပန်းမှုဖြာနွယ်သူ့အပြစ်နှင့်သူဆိုတော့ ဘာမှ မပြောနိုင်

"လာပါ ဖြာရယ် ရှက်မနေပါနဲ့၊ သူတို့ထင်ချင်သလို သူ ထင်ပါစေ ဖြာပြင်းရင် ဒီ့ဘက်ကပြင်းပေးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ်ကိုဒီက မငြင်းဘူးပေါ့"

"ဒြာ့ကိုပြောခဲ့တယ်လေ"

"ဘာကိုလဲ..."

"ကိုကကိုသစ္စာနေရာယူမှာပါ"

"ဟိုတပ်မှူးလေး...ခွန်သာနေရာကိုမယူဘူးလား"

"မယူရဲဘူး"

"ဘာလဲ...ချစ်တဲ့သူကသတ်မှာကိုကြောက်လို့လား"

"မဟုတ်ဘူး ဒြာ... ကိုယ်ချစ်တဲ့သူက တခြားသူကို ချစ်သွားမယ့်ဘဝကိုကြောက်တာပါ"

"ကဲပါ တပ်မှူးရယ်.. သတ်လည်းမသတ်ဘူး ဘယ် သူ့ကိုမှလည်း မချစ်ဘူး"

"ဒါဆို..."

"ပန်တော်ဦးလေးကိုပဲ ချစ်မှာပါ"

"တကယ်..."

"သစ္စာဆိုပြီးပြောဖို့မလိုတဲ့ စကားတွေပါ ကိုဒီ၊ ဒါပေမယ့် မိန်းကလေးဘက်က ချစ်တယ်လို့စပြီး ပြောရမှာတော့ မဖြစ်စေချင်ဘူး"

"ကိုယ်က အရင်ပြောခဲ့တာလေ"

"သူပြောတာက တောင်ကြီးကိုပတ်ပြီးမောင်းတဲ့ကားလိုပဲ"





"ကောင်းပြီ...တစ်ခြောက်တည်းမောင်းသလိုပြောမယ် ကိုယ်ဒြာ့ကို သိပ်ချစ်ခဲ့တယ်..."

"တွေ့တာမြင့်ဘာမှမကြာသေးပဲနဲ့ ယုံရမှာလား"

"ကတိတွေနဲ့ ပြောစရာမလိုတဲ့စကားပါ ဒြာရယ်၊ အင်းလေ ဒြာစဉ်းစားမယ်ဆိုရင်လည်း စဉ်းစားပေါ့"

"ရှင်ကတော့ စော်ပြီ"

"ဘာစော်လို့လဲ..."

"ဒြာတို့နှစ်ယောက်က ကြည့်ပြီးသားရုပ်ရှင်ကြီးကို ပြန်ပြီး ကြည့်နေကြတာလေ၊ ဇာတ်လမ်းကိုသိလျက်နဲ့ မသိချင် ယောင်ဆောင်လို့ရမလားရှင်"

"ဒါဆို..."

"သိပ်ပြီးချစ်ပါတယ်ရှင်..."

"ဟား....."

နဒီရိုင်းရေထဲမှ ခုန်လိုက်သောကြောင့် ကျော်ဗိုလ်တို့ လှမ်းကြည့်ပြီး ရယ်နေကြသည်။

"မရှက်ဘူးလား..."

"ဘာလို့...ရှက်ရမှာလဲ ကိုယ့်ချစ်သူက အဖြေပေးလို့ပျော်လို့ ခုန်တာပဲဟာ"

"သွား..."

www.burmeseclassic.com



"သွားမှာတော့ အတူသွားမယ်၊လာ... လိုက်ခဲ့"

"ကိုဒီ..."

ပန်းမှုံခြာနှယ်လက်ကလေးကို ဆွဲပြီး ရေပွက်စမ်းလေးထဲ ပြေးဆင်းမိတော့သည်။

၀၀၀၀

## အခန်း (၆)

ဟိုတယ်မန်နေဂျာ ခင်ရိုရိုထားနေအိမ်ကိုရောက်သောအခါ မှောင်စပြုနေလေပြီ။ နဒီရှိုင်းတို့ တမင်အချိန်ယူ မှောင်မှ ပြန်လာခဲ့ခြင်းဖြစ်၏။

"နဒီ... ငါတို့ရှက်ရှက်ရှင်းပဲ ဝင်ကြမှာပဲနော်"

"ဟုတ်တယ်ကျော်ဗိုလ်၊ တစ်ခါတည်း မျက်ခြည်ဖြတ် ပစ်လိုက်တာကောင်းတယ်"

ခင်ရိုရိုထားက ညစာစားဖို့စိတ် ခေါ်မေမယ်နှမတော်ကြတော့ဘဲ တားပေါ်သို့တက်ပြီး ခင်ရိုရိုထားကို နှုတ်ဆက်ပြီး ထွက်မယ်အပြု

"ဟင်..."

ခင်ရိုရိုထားမြို့ထဲသို့ လူ(၅)ယောက်ဝင်လာသည်။ ရှေ့ဆုံးမှ



www.burmeseclassic.com

www.burmeseclassic.com



လာနေသူက ဂျက်မြင့်ဇော်

"တစ်ယောက်မှ လှုပ်ရှားဖို့မကြိုးစားနဲ့နော်၊ ဒီမှာတွေ့လား"

ဂျက်မြင့်ဇော်က ခါးကြားကသေနတ်ကိုပြလိုက်ပြီး နဒီရှိန်းဆီ ကားကိုဝိုင်းထားလိုက်သည်။

"မင်းခါးသေနတ်က သေနတ်အစစ်ရောဟုတ်ရဲ့လား၊ ကလေး ကစားစရာသေနတ်ကြီးများဖြစ်နေမလား"

"ဘာကွ...မင်းမယုံရင် စမ်းသပ်လိုက်လေ"

"သေချာရဲ့လား...မြို့လယ်ကြီးထဲမှာ ရဲရဲတင်းတင်းသေနတ် ပစ်ဖောက်ရဲတဲ့ မင်းသတ္တိက မသေးဘူး။ ပြီးတော့ ရဲစခန်းက အနီး လေး"

"ငါ့သေနတ်က ကျည်သာထွက်တာ အသံမထွက်ဘူးကွ၊ မင်း မျက်လုံးကောင်းရင်ကြည့်"

"မင်း...အစီအ ဖြုံမဆိုးပါဘူး၊ ဒါပေမယ့် ငါ့ဆိုတဲ့ ကောင်က သေနတ်လောက်ကိုစကားသိပ်မပြောဘူး"

"ဆင်းမှာသာ ဆင်းစမ်းကွာ"

"တဲ...ဆင်းပြီပေ့"

"ဝုန်း..."

"အင့်"

နဒီရှိန်း တံခါးနားတွင်ကပ်ပြီး ရပ်နေသော ဂျက်မြင့်ဇော် ကား





တံခါးကို သတိမမူမိခြင်းကြောင့် တံခါးနှင့်ရိုက်မိပြီးဘေးသို့ ယိမ်း ကျသွားချိန်မှာ ကျော်ဝိုလ် ကားပေါ်မှ ခုန်ဆင်းပြီး တားသမား (၂)ယောက်ကိုရင်ဆိုင်လိုက်သည်။

"မလွှတ်စေနဲ့ မိအောင်ဖမ်း"

ဂျက်မြင့်ဇော် ပါးစပ်မှအော်ရင်း လွတ်ကျသွားသည့်သေနတ် ကိုပြန်ပြီးကောက်ဖို့ကြိုးစားပေမယ့်နောက်ကျသွားသည်။ သေနတ် က နဒီရှိန်းလက်ထဲသို့ရောက်နေလေပြီ။

"မင်းလည်း ခပ်ညံ့ညံ့လူမိုက်ပဲကွ၊ ကဲ...ငါ့အလှည့်"

"ဟာ...မ...မလုပ်ပါနဲ့ဗျာ"

"မင်းကောင်တွေကို နောက်ဆုတ်ခိုင်းလိုက်"

"ဟုတ်...ဟုတ်ကဲ့၊ ဟေ့ကောင်တွေ နောက်ဆုတ်စမ်း"

ဂျက်မြင့်ဇော် သူ့လူများကို နောက်ဆုတ်ခိုင်းချိန်တွင် ခင်ရီရီထား...နဒီရှိန်းအနားသို့ကပ်လာသောကြောင့်

"မင်းလည်းခပ်ဝေးဝေးနေ၊ ခုလက်ရှက်က မင်းလက် ချက်ပဲ"

"အို...မ...မဟုတ်ပါဘူး၊ သူတို့ဘာသာသိသွားတာပါ"

"ခင်ရီရီထား...မင်းကိုယ်မင်းလည်းလှပြီထင်နေတာ ကိုး၊ မင်း ဆီက ထမင်းမစားတာဘာကြောင့်လဲ မင်းသိမှာပါ၊ ထမင်း ဟင်းထဲမှာ အိပ်ဆေးတွေထည့်ထားတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်..."

"ဘာလဲ မဟုတ်ဘူးလို့ငြင်းဦးမလို့လား။ ကျော်ဝိုလ် ကားပေါ်ပြန်တက်ပြီး မောင်းဖို့ပြင်ထားလိုက်၊ ငါက အမှတ် တရလေး လုပ်ခဲ့ဦးမယ်"

ဒေသနတ်ကို ဂျက်မြင့်ဖော်ဆီသို့လှည့်ပြီးရိုန်လိုက်သည်။

"မ...မလုပ်ပါနဲ့ဆရာရယ်၊ ကျွန်တော်တို့က သူများခိုင်းလို့ လုပ်ရတဲ့သူတွေပါ"

"ဟုတ်...ပါတယ်ရှင်..."

"ငါက လူမသတ်ချင်ပါဘူး။ ဒါပေမယ့် မလုပ်ခဲ့ရင် မင်းတို့က မလုပ်ရဲဘူးလို့ထင်မှာစိုးလို့ပါ...ကဲ"

"ဒုတ်...အား"

ဂျက်မြင့်ဖော် ပေါင်ကိုပစ်ချလိုက်ပြီးမှ ကားပေါ်သို့တက်ကာ

"လိုက်ရဲတဲ့ကောင်ကို လမ်းပေါ်ကစောင့်နေမယ်၊ ကျော်ဝိုလ် မောင်းတော့"

"ဒေါက်...ဒူး...."

ကားလေးခြံဝန်းထဲမှ မောင်းပြီးထွက်ခဲ့လေတော့သည်။ လမ်းသို့ရောက်မှ ဒေသနတ်ကိုလွှင့်ပစ်လိုက်သည်။



"ဒီ..."

"ဘာလဲကွာ"

"ခင်နီနီထားးထမင်းဟင်းတွေထဲမှာ အိပ်ဆေးခပ်ထားတာကို ဘယ်လိုသိခဲ့တာလဲ"

"ကိုယ်တို့ ခင်ရီရီထားးအိမ်ကိုပြန်ရောက်တော့ သတိ ထားမိတာ၊ ခင်နီနီထားးအပြင်သွားနေတုန်း ဖုန်းလာတယ်၊ ဒါကို အိမ်ဖော်လေးက သွားပြီးကိုင်တော့ သူ့မျက်လုံးတွေ ကိုယ်တို့ကိုလှမ်းကြည့်ပြီး မဝံ့မရဲနဲ့ ရောက်နေပြီ၊ ဟုတ်ကဲ့၊ လုပ်ကိုင်ပြီးပါပြီဆိုပြီး ဖုန်းပြန်ချလိုက်တယ်၊ ဒါနဲ့ကိုယ်လည်း စိတ်ထဲမှာသိပ်ပြီး မသင်္ကာတာနဲ့ နောက်ဖေးချောင်ကို သွား နည်းနည်းလောက် ဝင်ပြီးတော့ရင်း ထမင်းအိုး ဟင်းအိုးတွေ ကို အကဲခတ်တော့ ဒီမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



နဒီရှိုင်းက သူယူလာသော အိပ်ဆေးဆေးကတ်လေးကို ပြလိုက်သည်။

"မီးရိုထဲကတွေ့ခဲ့တာ၊ သေရာသွားပြီဆိုတာကို ကောက်ချက်ချပြီး ရက်ချင်းထွက်ဖို့ပြင်တော့မှ ခင်ရီရီထား ရောက်ပြီး ကိုယ်တို့ကို ထမင်းစားဖို့အတင်းပြောတော့တာပဲ"

"ဒြာတို့ ထမင်းမစားဘူးလို့ငြင်းတော့ ခင်ရီရီထား မျက်နှာပျက်သွားတာ ဒါကြောင့်ကိုး"

"ဟူး...တော်သေးတာပေါ့ကွာ၊ ငါက ဗိုက်ဆာတာနဲ့စားပြီး သွားဖို့မင်းကိုပြောဦးမလို့"

"ကိုကျော်တို့က အစားနဲ့ပတ်သက်ရင်မလွယ်ဘူး"

နန်းသင်းသင်းစကားကြောင့် ကျော်ဗိုလ် ရယ်မောရင်း အမှောင်လမ်းမဆီသို့ကားလေးမောင်းလာခဲ့တော့သည်။

"တစ်ညလုံးမောင်းရမှာလားနဒီ"

"ဒီမြို့ကထွက်ရင် နားကြမယ်လေ၊ ဒီမြို့ထဲမှာက စိတ်မချရဘူး"

"နဒီဒီမြို့ကနေထွက်ပြီး တစ်ဖက်မြို့ကိုသွားတဲ့ခရီးက အရှည်ဝေးတော့ မီးလင်တာတောင် ရောက်မှာမဟုတ်ဘူး"

"ငါသိပါတယ် ကျော်ဗိုလ်၊ ဒီမြို့အထွက် ရေစ်ယာန် ဘုရားကျောင်းကိုသာ ရောက်အောင်မောင်းပါ၊ အဲဒီမှာ သင်းအုပ် ဆရာ





ဖြစ်နေတာ ဖေဖေ့တပ်ထဲက ဖေဖေ့တပည့်တစ်ယောက်၊ ချင်းလူမျိုး ဆယ်(လ်)လို့ခေါ်တယ်၊ တပ်မတော်က ပင်စင်နဲ့ ထွက်ပြီး သင်းအုပ် လုပ်နေတာ"

"မင်းနဲ့ ရင်းနှီးတယ်ပေါ့"

"ငါ့ကို ငယ်ငယ်တုန်းက တပ်ထဲမှာ ထိန်းကျောင်းပေးတဲ့သူ လေ"

"ဒါဆိုရင် အဆင်ပြေပြီပေါ့"

ကျော်ဗိုလ်ဘေးတွင် နန်းသင်းသင်းက နေရာယူပြီးလိုက်ခဲ့ သလို နဒီရှိုင်းဘေးတွင် ပန်းမုဒြာနွယ်က ပခုံးလေးမှီပြီးလိုက်ခဲ့လေ သည်။

"အားလုံး အိပ်ကုန်ကြပြီလား"

"မင်းစကားကဘာလဲ၊ အရင်းမရှိ အဖျားမရှိ"

"မင်းနဲ့မုဒြာတို့အတိတ်လမ်းကိုပြောတာ"

"ငါတို့အတိတ်လမ်းက ရိုးရိုးသားသားပဲ မယုံရင်ဒြာကိုမေး ကြည့်"

"ဘာမှ မေးကြည့်စရာမလိုဘူး၊ မင်းဒြာက နန်းကို ပြောပြလို့ သိပြီးပြီ"

"ဟော..."

နဒီရှိုင်း ပန်းမုဒြာနွယ် မျက်နှာလေးကို လှည့်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါပြုံးစိစိနှင့် ခေါင်းလေးညိတ်ပြရင်း

"ရင်ဖွင့်စရာဆိုလို့နန်းပဲရှိတာလေ"

"ဘယ်အချိန်က ပြောလိုက်တာလဲခြာ"

"ရေပူစမ်းမှာ ရေချိုးပြီးအဝတ်အစားလဲတုန်းက ပြောပြလိုက်တာ"

"ကောင်းရောကွာ..."

"အဲ...သူတို့လည်းဘာထူးလဲ...အတူတူပဲ"

"ကျော်ဗိုလ်...ဟုတ်လား"

"ပေါက်ကရကွာ၊ ခုမှ ပြောမယ်ကြံတုန်း၊ ဟုတ်တယ် နော် နန်း"

"နန်းလည်းပြောပြလိုက်ပြီ"

"သေ..ပါ..ပြီ.."

"ဟားဟားဟား....."

ညစ်လေပြည်ညင်းကလေးတွေ၏လမ်းပေါ်မှာရယ်မောသံလေးများက လွင့်ပျံ့နေဆဲ...

"ဒါနဲ့နန်းက ပြဿနာမရှိဘူး၊ မှုခြာတို့ကိစ္စက ဘယ်လိုလုပ်မလဲ"

"ဘာကိုလုပ်ရမှာလဲ၊ အိမ်ကိုပြန်ရောက်ရင် အန်ကယ်ဦးမင်းသော်ကိုဖွင့်ပြောပြီး ခွင့်တောင်းမှာပေါ့"





"သဘောမတူရင်ရော"

"အန်ကယ်မင်းသော်က ခြာကို စောင့်ရှောက်ပေးနေတဲ့သူဆိုတာမှန်ပေမယ့် ခြာရဲ့အိမ်ထောင်ရေးထိ ချုပ်ကိုင်လို့မရဘူး၊ တစ်ခုတော့ရှိတာပေါ့၊ ခြာက မကောင်းတဲ့လူနဲ့ဆိုရင် တားချင်တားမှာပေါ့၊ ဒီက မကောင်းတဲ့လူဆိုးမှမဟုတ်တာ၊ ပြီးတော့ အန်ကယ်မင်းသော်ကိုယ်တိုင် သဘောကျတဲ့လူပါ၊ သဘောတူမှာပါ"

"ဒီလိုပဲကြားချင်ပါတယ်ကွာ၊ ဘယ်တော့လောက်လက်ထပ်ကြမှာလဲ"

"ကိုကျော်ဗိုလ်...ချစ်သူဖြစ်တာမှ ရက်ပိုင်းပဲရှိသေးတာ၊ ချစ်သူဘဝလေးကို တဝကြီးနေပြီးမှ လက်ထပ်မှာ၊ ဘာလဲ ကိုကျော်ဗိုလ်တို့က အိမ်ပြန်ရောက်တာနဲ့လက်ထပ်တော့မှာလား"

"နန်းပေါ်မှာ မူတည်ပါတယ်"

"နန်းကရော"

"မမလေးခွင့်ပြုတော့မှ လက်ထပ်မှာပါ"

"ဒါဆိုရင်တော့ သွားပြီ"

"ဘာဖြစ်လို့လဲမမလေး"

"နင့်ကိုတစ်သက်လုံးအိမ်ထောင်ပြုခိုင်းမှာ မဟုတ်ဘူး"

"ရှင်..."



www.burmeseclassic.com

www.burmeseclassic.com



နန်းသင်းသင်း... ပန်းမုခြာနွယ်၏ ကျီစယ်စကားကို တကယ်မှတ်ပြီးမျက်နှာလေးညှိုးငယ်သွားသည်။

"နန်းရယ်...နင်ကတော့ ရိုးလိုက်တာ၊ ငါက စတာပါဟ၊ ငါက ခွင့်ပြုထားပါတယ်၊ နင်လက်ထပ်ချင်တဲ့အချိန်ကျရင်ပြော ဟုတ်လား"

"တကယ်နော်...မမလေး"

"တကယ်ပါဟယ်"

"ကိုကျော်ဇိုလ်"

"ဘာများလဲ မုခြာ"

"ရှင်...ကျွန်မ ညီမကို အနိုင်မကျင့်ရဘူးနော်"

"စိတ်ချပါ တစ်သက်လုံးစိတ်ချမ်းသာအောင် ထားပါမယ်"

"ကတိတည်ပါစေ"

"ကျော်ဇိုလ် ကားကိုရပ်လိုက်တော့"

"ဘာဖြစ်လို့လဲ"

"ငါ ကားအောက်ပိုင်းကအသံကိုမကြိုက်ဘူး"

"ဟုတ်တယ်၊ ငါလည်း ကားမောင်းရင်းတစ်မျိုးဖြစ်နေတာ"

ကျော်ဇိုလ် ကားကိုထိုးရပ်ပြီး ကားအောက်သို့ဆင်းပြီး ကြည့်လိုက်ရာ

"ဟာ..."





ကားဘီးဆက်မှာပြုတ်လုလုဖြစ်နေလေပြီ။

"ဟူးတော်သေးတာပေါ့ကွာ၊ တောင်ဆင်းလမ်းမှာ ဆိုရင် ချောက်ထဲကိုဆင်းသွားမှာ..."

"ဒါ...ဟိုခင်ရီရီထား လက်ချက်ဖြစ်မယ်"

"သေချာတယ်"

"ဘာဆက်ပြီးလုပ်မလဲ"

"လောလောဆယ် ဘီးတွေကို ကြိုးနဲ့ယာယီတုတ်ပြီး ဖြည်းဖြည်းချင်းမောင်းသွားရမှာပေါ့"

နန်းရှိန်းနှင့် ကျော်ဇိုလ် ကားအောက်သို့ဝင်ပြီး ပြုတ်လု လု ဖြစ်နေသော ဘီးကို ကြိုးများဖြင့်ခိုင်အောင်ချည်ပြီး ပြန်ပြီးမောင်း ထွက်ခဲ့တော့သည်။ ဒီတစ်ခါ ကားကို နန်းရှိန်းကိုယ်တိုင်မောင်းခဲ့၏။

"ဒီ...ဒီတစ်ခါအပြတ်ရှင်းတဲ့အထင့်ထိ ရောက်လာကြပြီ"

"ကိုယ့်အထင်တော့ ခင်ရီရီထား ဘာမှမသိဘဲ သူ့စိတ် ကူးနဲ့လုပ်ခဲ့တာပဲဖြစ်မယ်၊ ခြာကို အရှင်လိုချင်တာကို သူမသိ လို့သာဖြစ်မယ်"

"ခုလောက်ဆို ဘယ်လောက်ထိ ကြိမ်းခြင်းကိုခံနေရမလဲ မသိဘူး"

"ဦးရာဇာဦး... ဒေါ်စတာမြာလှိုင်တို့ရဲ့ အင်အားတွေက မနည်း ပါလား၊ မြန်မာပြည်တစ်ပြည်လုံးများရှိနေမလား"



www.burmeseclassic.com

www.burmeseclassic.com



"ခုစရိုက်သမားတွေ ရှိတဲ့နေရာတိုင်းမှာ သူတို့နဲ့ပတ် သက်နေမှာပဲ"

"ဒါဆိုရင် သူတို့က ထိပ်တန်းခုစရိုက်ခေါင်းဆောင် ကြီးတွေလား"

"မြစ်နို့များတယ်၊ ကိုယ့်သူငယ်ချင်းခုခဲ့အုပ်ကပြောဖူးတယ်၊ သူတို့ လင်မယားနှစ်ယောက်ထဲမှာ ဒေါ်စောမြာလှိုင်က ပိုပြီး အဆိုးမြင်းတယ်"

"ဒီ...ဒြာ သိသလောက်ကတော့ ဒေါ်စောမြာလှိုင်ဟာ တိုင်းရင်းသူစစ်စစ်မဟုတ်ဘူး၊ ထိုင်းသွေးစပ်တယ်တဲ့၊ ဟုတ်မဟုတ်တော့ မသိဘူး"

"ဟုတ်တယ်ဒြာ...အဖေက ကယားလူမျိုး၊ အမေက ထိုင်းမယ်လေ၊ သူတို့မှာ ညီအစ်မ (၂)ယောက်ရှိတယ်၊ တစ်ယောက်ကတော့ ထိုင်းမှာပဲ အခြေချပြီးနေတာ၊ ဦးရာဇာဦး ကျတော့ အရင်ခွန်ဆာတပ်ဖွဲ့ဗိုလ်မှူးတစ်ယောက်၊ နောက် အစိုးရဆီမှာလက်နက်ချပြီး ယိုးဒယားနယ်စပ်မှာ အလုပ်သွား လုပ်ရင်း ဒေါ်စောမြာလှိုင်နဲ့တွေ့ပြီး ညားခဲ့တာ၊ ဒီနောက်ပိုင်း ဒေါ်စောမြာလှိုင်အဖေ တိမ်းပါးသွားပြီးကျန်ခဲ့တဲ့ဥစ္စာတွေနဲ့ ရထိ လုပ်ကိုင်စားသောက်နေကြတာ"

"သူတို့စီးပွားရေးက ထင်ထင်ရှားရှားမရှိဘူး"

"ဘယ်ရှိမလဲ ဒြာရယ်၊ အမှောင်လမ်းကငွေတွေနဲ့ ကြီး ပွား





...းသာနေကြတာ"

ဖြည်းဖြည်းချင်းမောင်းလာခဲ့သော ကားလေးမှာ မြို့အပြင်...ကိုရောက်ပြီး ဘုရားကျောင်းကြီးဆီသို့ ရောက်ခဲ့လေသည်။

"နဒီ...ဘုရားကျောင်းတံခါးကြီးပိတ်ထားပါလား"

နဒီရှိန်း ကားပေါ်မှဆင်းပြီး လူခေါ်ခေါင်းလောင်းလေးကို ...လိုက်ပြီး သိပ်မကြာ တိုင်းရင်းသားလူမျိုးတစ်ဦးထွက် လာပြီး...

"ဘာများလဲ၊ ဧည့်သွားတည်းမယ်ဆိုရင် စိတ်မကောင်းပါဘူး၊ ...နေရာကိုရှာကြပါကွယ်"

"ဆယ်(လ်) ရှိလား"

"ဖာသာ ရှိပါတယ်"

"ဒါဆိုပြောလိုက်ပါ၊ လူဒီလေး လာတယ်လို့"

"ကောင်းပြီ ကလေးတော့စောင့်ကြပါ"

"ဟုတ်ကဲ့"

ဘုရားကျောင်းကြီးထဲသို့ ပြန်ဝင်သွားပြီး သိပ်မကြာ ပြန်...ထွက်လာတော့

"စောစောကပြောမိတာကို ခွင့်လွှတ်ပါ""

"ရပါတယ်"

"ဖာသာစောင့်နေပါတယ်၊ ဝင်ခဲ့ကြပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျောင်းခြံတံခါးလေးကိုဖွင့်ပေးလိုက်သည်နှင့် ကား ကိုမောင်းဝင်လာခဲ့သည်။

"လှုဒီလေး"

"ဆဲယ်(လ်)"

"ဘယ်လိုဖြစ်လာတာလဲ ကလေးရာ၊ မိုးကြီးချုပ်လို့"

"ဆဲ(လ်)ရေ... ခရီးသွားရင်းလမ်းမှာ ကားဘီးပြုတ် တာနဲ့ ဝင်ခဲ့ကြတာ"

"ငါ့ဆီ အလည်မဟုတ်ဘူးလား"

"ဒီလမ်းကိုဖြတ်မှတော့ ဆဲ(လ်)ဆီကို မဝင်ဘဲနေပါ့မလား"

"နလိုကြားရတာပဲ ဝမ်းသာတယ်၊ ကဲ... လာကြ လာကြ အပြင်မှာ အေးနေပြီ"

ဆဲ(လ်)ခေါ်ဆောင်သော ဘုရားကျောင်းကြီးထဲရောက် မှ အချမ်းလေးပြေသွားသည်။ အပြင်မှာ အအေးဒီဂရီက ဘယ် လောက်တောင်ရှိနေသလဲမသိ။ ကားထဲမှာနေတာတောင် လက်များ ခြေများတွေ အေးစက်စက်ဖြစ်နေသည်။

"ဂျော့လူရေ၊ အဖန်ခါး ပူပူလေးယူခဲ့ကွာ၊ အချမ်းပြေ လေး သောက်ကြတာပေါ့၊ ဒါနဲ့ တပ်မှူးကြီးရော တပ်မှူးကြီးကတော်ရော နေကောင်းကြရဲ့လား"

"ကောင်းပါတယ်ဆဲ(လ်)ကိုတောင် မျှော်နေသေးတယ်"





"ဒီနှစ်က မရောက်ဖြစ်တော့ပါဘူး၊ ဒီနေရာက အခြေ အနေ ဆိုးဝါးနေတယ်"

"ဘာတွေဖြစ်နေလို့လဲ ဆဲ(လ်)"

"ဘာဖြစ်ရမလဲကွယ်၊ ငြိမ်းချမ်းရေးမဝင်ဘဲ ကျန်ရစ် ခဲ့တဲ့ကောင်တွေက သောင်းကျန်းနေတယ်၊ ဒါကြောင့် ခြံတံခါးကို သော့ခတ်ထားရတာ"

"ကဲ...ရော့... ပူပူလေးသောက်ကြ"

အဖန်ခွက်လေးတွေ တစ်ယောက်တစ်ခွက်စီ ငုံ့ယူပြီး သောက်လိုက်မှ ရင်ထဲက အအေးဓာတ်လေးတွေ လွင့်ပြယ် သွား တော့သည်။

"အရမ်းအေးတာပဲနော်...ဆဲ(လ်)"

"ဟုတ်တယ်၊ ဒီနှစ်ဘယ်လိုလဲ မသိပါဘူးကွယ်၊ ရာသီ ဥတု တွေ ကမောက်ကမနဲ့၊ မနက်ဆိုကြည့်၊ ဘုရားကျောင်း တပြင်လုံး နှင်းတွေချည်းပဲ၊ မင်းတို့တော့ အိပ်လို့ရမယ်တောင် မထင်ဘူး"

"ဟုတ်မယ်ဆဲ(လ်)ရဲ့ ဒီလိုအေးပုံမျိုးနဲ့ဘယ်လိုအိပ်မလဲ"

"ဂျော့လူရေ... မီးဖိုကြီး လုပ်ပေးထားလိုက်ပါ"

"ဖာသာရေ...မနက်ကို ခရီးသွားဖို့မလွယ်ဘူး"

"ဟာ...ဘာဖြစ်လို့လဲ"

"အစိုးရတပ်တွေရယ်...ငြိမ်းချမ်းရေးတပ်တွေနဲ့ ပူးပေါင်း ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင်တွေကိုတိုက်ရိုပြင်နေပြီ၊ မှနက်ဖြန် တောင်ကြား တော
လမ်းတွေရက်အကန့်အသတ်မရှိပိတ်မယ်တဲ့"

"ကဲ...လှဒီလေး ကြားတယ်နော်"

"ဟုတ်ကဲ့...ဖြာ..."

"ဒီ..."

"ကိုယ်တို့တော့ ဒီမှာ သောင်တင်ဦးမယ်နဲ့တူတယ်"

"တင်လည်းကောင်းတာပေါ့၊ ဒါမှ ခရီးသွားရတာပိုပြီး ပြည့်
တော့မှာပေါ့၊ မကောင်းဘူးလား"

"ဖြာကောင်းချင်ကောင်းမှာပေါ့"

ဘုရားကျောင်းအနောက်ဘက်အဆောင်ကြီးတွင် အိပ်
တွေ ခင်းကျင်းပေးပြီး အလယ်ခေါင်တွင် မီးဖိုကြီးကို ထင်းရှူး
တွေနှင့်မီးဖိုပေးထားလေသည်၊ ပန်းမှုဖြာနွယ်က နဒီရှိန်း ရင်ခွင်ထဲ
ခေါင်းလေးတိုးဝင် သလို နန်းသင်းသင်းက ကျော်ဇိုလ်ရင်ခွင်
မှာပင်...။



## အခန်း (၇)

နဒီရှိန်း အိပ်ရာမှ နိုးတော့ သူ့ဘေးတွင် အိပ်မောကျနေခဲ့သော ပန်းမှုဖြာနွယ်လေးပေါ်သို့စောင်ကလေးထပ်ပြီးလွှမ်းပေးလိုက်ကာ မှန်ပြတင်းပေါက်ဆီသို့ လျှောက်လာကာ အပြင် သို့ ကြည့်ရတော့ ပတ်ဝန်းကျင်တစ်ခုလုံး မြူနှင်းတွေ ဖုံးလွှမ်းပြီး တောကိုမှ သဲသဲကွဲကွဲ မမြင်ရပေ။

"လှဒီလေး... နိုးပြီလား"

"ဟုတ်ကဲ့ဆဲ(လ်)"

"သွားပြီး မျက်နှာသစ်လေ၊ ဆဲ(လ်) ရေနွေးကြိုထားတယ်၊ ရေအေးနဲ့ဝင်ပြီးသစ်မှ သစ်လို့ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆဲ(လ်)ပြင်ဆင်ထားသော ရေနွေးလေးနှင့်ရှေစပ်ပြီး ကိုယ်လက်သန့်စင်လိုက်ပြီး ပြန်လာသောအခါ ပန်းမှုခြာနွယ် တို့ အားလုံး နိုးနေပြီ

"ဒီက ဘာလို့မနိုးသွားတာလဲ"

"ခြာတို့ အိပ်ရေးဝအောင် အိပ်စေချင်လို့ပါ"

"ဆဝဝ နာရီတောင် ထိုးနေပြီ၊ ရုပ်ထိနေတောင် မတွေ့ရသေးဘူး"

"ဒီအက်တွေက ဒီလိုပဲ၊ ဘုရားကျောင်းနောက်ကျော ဘက်မှာ နင်းတောင်ကြီးလိုပဲ တောင်တန်းတွေရှိတယ်"

"ဟုတ်လား...သွားကြည့်ချင်တယ်"

"ပြီးတော့ သွားကြတာပေါ့၊ မျက်နှာသွားပြီး သစ် လိုက်ဦး"

နဒီရိုင်း ချစ်သူမျက်နှာလေးကို မျက်တောင်မခတ်ဘဲ စိုက် ကြည့်နေသဖြင့်

"ဘာကြည့်နေတာလဲ"

"ကိုယ့်ချစ်သူ ဘယ်လောက်လှသလဲလို့ကြည့်နေ တာပါ"

"ခြာ...အလှဟာ ဘယ်သူ့အတွက်မှမဟုတ်ဘူး၊ဟောဒီ ချစ်သူလေးတစ်ယောက်တည်းပဲပိုင်ဆိုင်ရမှာ သိလား"

"စကားလုံးတွေနဲ့မဲ့ အသည်းကြွေနေပါပြီ"

"ဒီ...ဒီစကားဘယ်တော့မှမပြောနဲ့၊ခြာကြောင့်ဒီ ဘယ်တော့





မစံစားစေရဘူး၊ ခံစားရရင် ခြာပဲ ခံစားမယ်"

"ခြာလည်း မခံစားစေရဘူး၊ ဒီလည်း မခံစားရဘူး၊ ထာဝရ ကြည်နူးပျော်ရွှင်ခြင်းနဲ့ ကုန်ဆုံးစေမယ်...နော်"

"အင်း..."

"ဟော့...ဟော့.. မပြီးကြသေးဘူးလားကွ၊ ဒီမှာ စောင့် နေရ တဲ့သူတွေကို အားနာပါဦး"

"အယ်တော့..."

ချစ်သူ(၂)ဦး စကားကောင်းနေသောကြောင့် ကျော်မိုလ် က လှမ်းပြီးအော်ခေါ်တော့မှ ပန်းမှုခြာနွယ် ကမန်းကတန်း မျက်နှာလေး သစ်ပြီး ထွက်လာကြရတော့၏။ ကျော်မိုလ်၊ နန်းသင်းသင်းနှင့် ဆဲ(လ်)တို့က နံနက်စာ ကော်ဖီနှင့် ကောက် ညှင်းပေါင်းတွေကို ပြင်ထားပြီးပြီ။

"ဘာလဲ တစ်ယောက်နဲ့တစ်ယောက် မတွေ့တာကြာလို့ အလွမ်းသည်နေကြတာလား"

"မဟုတ်ပါဘူးကွာ၊ခြာတစ်ယောက်တည်းကြောက်တတ်လို့ စောင့်ပေးနေတာပါ"

"ကဲ...ကောက်ညှင်းတွေ မအေးခင်စားကြ"

ကော်ဖီသောက်၊ ကောက်ညှင်းစားကြရင်း...

"ဆဲ(လ်)...နေကာထွက်ဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"၁၀း၀၀ နာရီလောက်မှနေထွက်မယ်၊ လှဒီလေး"

"ကားပြင်တဲ့ ဝပ်ရှော့ဆိုင်က ဝေးသေးလား"

"ဝေးတယ်၊ မင်းတို့မသွားနဲ့၊ ခုချိန်မှာ လူစိမ်းတွေ သွား လို့မကောင်းဘူး၊ ငနိကောင်တွေက ဖြတ်သွားဖြတ်လာနဲ့ ရှော့လု သွားပြီးပြင်နိုင်းလိုက်မယ်၊ မင်းတို့ဒီမှာ အေးအေး ဆေးဆေးနေကြ လမ်းကြောင်းကောင်းတော့မှ ခရီးဆက်ကြပေါ့ကွာ၊ စားဖို့အတွက် ဘာမှမပူနဲ့၊ ငါလည်း ငနိကောင်တွေ ရန်ကိုကြောက်ပြီး ရိက္ခာတွေ နောင်းထားတာ (၃) လလောက် စားလို့တောင်မကုန်ဘူး ဒါတောင် ငနိကောင်တွေက ရိက္ခာလာပြီးရှာကြတယ်၊ မတွေ့သွားလို့၊ ဘယ်လို လုပ်ပြီးတွေ့မှာလဲ၊ ငါက ငနိကောင်တွေ မသိနိုင်တဲ့မြေအောက် မှာ ထားတာ၊ ဪ...လှဒီလေး...ဇာသာအပြင်ကိုကိစ္စတစ်ခုနဲ့သွားမယ် သိပ်မကြာဘူး၊ ပြန်လာခဲ့မယ်၊ အပြင်တွေဘာတွေ သွားချင်ရင် ဘုရားကျောင်းနောက်ဘက်ကသွားကြ၊ ကားလမ်း ဘက်က မသွားကြနဲ့"

"ဟုတ်ကဲ့၊ ဒါနဲ့ ဆဲ(လ်) မြည်းတွေရောရှိရဲ့လား"

"မြည်းတွေလည်းရှိတယ်၊ မင်းစီးချင်တဲ့ ဇွပ်ဇားလှည်း တွေပါ ရှိပါတယ်ကွာ၊ ကဲ...ငါသွားတော့မယ်"

"ဟုတ်ကဲ့"

ဆဲ(လ်) ထွက်သွားပြီးနောက် နဒီရှိုင်းတို့ (၄) ယောက် ဘုရား





ကျောင်းနောက်ဘက်အဆောင်ဆီသို့ကူးလာခဲ့ကြသည်။

"ဒီဇွပ်ဇားလှည်းဆိုတော့ ဘယ်လိုလှည်းမျိုးလဲ"

"ဇွပ်ဇားလှည်းဆိုတာ မြည်းလေးတွေနဲ့ နင်းခဲတွေ ကြားမှာ သွားရတဲ့လှည်းကလေး၊ ဘီးမပါဘူး"

"ဟယ်...ဘီးမပါဘဲ ဘယ်လိုသွားမလဲ"

"နင်းခဲတွေပေါ်က သွားတာလေ"

"နင်းခဲတွေ မရှိရင်ရော သွားလို့မရဘူးလား"

"ဒီတောင်ကုန်းဆင်းက မြေတွေက အရမ်းကို နူးတယ်၊ လှည်းပဲ သွားရင်တောင် မြေရှင်းထိမြုပ်တယ်"

"အြာ...စီးချင်လိုက်တာ"

"စီးရမှာပေါ့"

"ငါတို့နှစ်ယောက်ရော လိုက်ပြီးစီးလို့ရမလား"

"လှည်းတစ်စီးကို လူ (၂) ယောက်ပဲ စီးလို့ရတာ၊ မင်းက မောင်းတတ်ရင် တစ်စီးမောင်းပြီးစီးပေါ့"

"မမောင်းတတ်ပါဘူးကွာ၊ ဘုရားကျောင်းထဲမှာပဲနေ ခဲ့ တော့မယ်"

"ကောင်းတာပေါ့ကွာ"

"နဒီ...သိပ်အဝေးကြီးမသွားနဲ့နော်၊ ဆဲ(လ်) ပြောပုံ အရ ဒီနယ်မြေက ရာသီဥတု ကောင်းတာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ၊ ခြာကို ဟိုနားဒီနားလိုက်ပို့ပေးပြီး ပြန်လာခဲ့မှာပါ၊ ခြာ သွားချင်ပြီလား"

"အင်း...သွားချင်တယ်"

"ဒါဆို ခဏလေးစောင့်"

နဒီရိုင်း ဘုရားကျောင်းဘက်ဆီကိုပြန်လာပြီး သိုးမွှေးအတို ကြိုး (၂)ထည်ကိုယူလာခဲ့သည်။

"ခြာ.. ဝတ်ထားလိုက်၊ အပြင်ကိုရောက်ရင် အရမ်း အေးမှာ... ပြီးဟိုမှာထောင်ထားတဲ့ ဘိနပ်ရှည်တွေကို ဝတ်ရမယ်၊ လက်အိတ်တွေလည်း"

"ကောင်းပါပြီရှင်..."

"နန်း..."

"ဘာလဲ ကျော်"

"မလိုက်ပိတာပဲကောင်းတယ်"

"ဘာလို့လဲ"

"အပြင်တစ်ခါသွားဖို့ ဝတ်ရတဲ့ယူနီဖောင်း သယ်ရတာနဲ့ အသက်ထွက်မယ်"

နဒီရိုင်း... ပန်းမုခြာနွယ် လက်ကလေးကိုဆွဲပြီး အပြင်သို့ ခြေရှုလိုက်သည်နှင့်

"အီး...အေးလိုက်တာ"





"ကိုယ်ပြောတာ ယုံပြီမဟုတ်လား။ ဒီသိုးမွှေးတွေသာ မဝတ်ထားရင် လုံးဝမလွယ်ဘူး"

ပန်းမုခြာနွယ် မျက်မြင်က နှင်းပွင့်လေးတွေကို ကောက်ယူပြီး ကြည့်နေသည်။ ရေခဲပွင့်ဖတ်လေးတွေလိုပင်...

"ချက်ချင်းမပျော်သွားဘူးနော်"

"နေရောင်နဲ့မထိတွေ့မချင်း ဒီနှင်းတွေက ပျော်ခဲတယ်ခြာ..."

မြည်းကလေးတွေထားသော တဲလေးထဲသို့ဝင်ပြီး မြည်း တစ်ကောင်ကိုလှည်းကလေးတွင် တပ်လိုက်သည်။

"ခြာ...သွားကြမယ်"

နစ်ယောက်တာ နံလေးပေါ်တွင် ပန်းမုခြာနွယ်...နဒီရိုင်း ဘေး တွင်ဝင်ပြီးထိုင်လိုက်ပေမယ့် တစ်ကြိမ်တစ်ခါမှမစီးဘူး သောကြောင့် ကြောက်နေသည်။

"ဝုဝ်..."

နဒီရိုင်း မြေပြင်ပေါ်သို့ ကြိမ်လုံးလေး ရိုက်ချလိုက်သည်နှင့် မြည်းကလေးမှစတင်ပြီးခြေထွက်သွားတော့သည်။ ဘုရားကျောင်း တော်ကုန်းအပြင်ဆီမှ အောက်ဆီသို့ဆင်းရသောကြောင့်...

"အသည်းအေးစရာကြီး...ဒီက သွားဘူးတယ်နော်"

"ကိုယ်တက္ကသိုလ်တက်တဲ့နှစ်တောင်ဆဲ(လ်) ဆီကိုရောက်ရင် နှလိုပဲ စီးနေကျ၊ ဒီနယ်မြေကတော့ ကျွမ်းကျင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ(၂)ဦးအတွက် ကြာ်နှုံးမဆုံးနိုင်ခဲ့သော နေ့ကလေး တစ်နေ့ဆိုရင် မှားနိုင်ဝေ။

"မြည်းတာလေးက မရှမ်းတဲ့အတိုင်းပဲနော်"

"သူတို့ကို သဘာဝတရားကြီးက ပေးထားတဲ့ ကာကွယ်မှု တွေရှိနေကြတယ်လေ"

"ဟယ်...ဟိုမှာဘာလဲ...ဒီ"

တောင်စွယ်လေးပေါ်မှာ ပွင့်နေသော ရေမ်းပြာပန်းလေးကို ပန်းမှုကြာနွယ်တွေပြီး ပြလိုက်သည်။

"နှင်းဦးပန်းလို့ခေါ်တယ်၊ သူတို့ အနောက်နိုင်ငံ အခေါ်တစ်ရ ရှိတယ်၊ ဘုရားသခင်ရဲ့မြှားဘက်တော်တဲ့"

"ဘာလို့လဲ ဒီ..."

"သူတို့ဘုရားသခင်မွေးဖွားချိန်မှာ ပွင့်လို့နေမှာပေါ့၊ တိတိကျ ကျတော့ကိုယ်မသိဘူး။ ကြာလိုချင်လို့လား"

"လိုတော့ လိုချင်တယ်၊ ဒီအပေါ်ကိုတက်ပြီးခူးရမှာကို မခိုင်း ရက်ဘူး"

"ကိုယ့်အတွက် ဒီနေရာတွေက ရိုးနေပြီ၊ ကဲ...ဝေ့ သားရေ မြည်းကလေးကို တောင်စွန်းလေးနားဆီသို့မောင်းလာပြီး ရပ်လိုက်သည်။

နဒီရိုင်းအပေါ်သို့တက်ချိန်တွင် မြည်းကလေးကြောက် သွား





ခိုးသံဖြင့် ငုတ်တစ်ခုမှာကြိုးဖြင့်ချည်နှောင်ပြီးမှ တောင်စွန်း သို့တက်ခဲ့သည်။

"ဒီသတိထားပြီးတက်နော်"

ပန်းမှုကြာနွယ်အောက်မှလှမ်းပြီးအော်ပြောသည်ကို လှမ်းပြီး ကြည့်ကာ ဆက်ပြီးတက်ခဲ့သည်၊ တစ်ခက်တည်းသော ပွင့်သော ပန်းကလေးကိုခူးပြီးပြန်ဆင်းခဲ့သည်။

"ရော့...ချစ်သူအတွက် အမှတ်တရ"

"ထာဝရမနွမ်းဘူးဆိုရင် သိပ်ပြီးကောင်းမှာပဲနော်"

"ဘာဖြစ်လို့လဲ"

"ချစ်သူပေးတဲ့ပန်းလေးကို ထာဝရမနွမ်းစေချင်လို့ပေါ့"

"ထာဝရမနွမ်းတဲ့ ပန်းကလေးပေးမယ်"

"ရှိလို့လား"

"ရှိတာပေါ့၊ မျက်လုံးလေးမှိတ်လိုက်"

ပန်းမှုကြာနွယ်က နဒီရိုင်းစကားကို ယုံပြီး မျက်လုံးမှိတ်လိုက် ည်နှင့်

"ရွတ်"

"အင်...သွား...ဒီကအပျော်မှတ်လို့ လူကိုညာပြီး နမ်းတယ်"

"ဒီအနမ်းလေးဟာ ထာဝရလန်းဆန်းနေမယ့်ပန်းကလေး သိမ်းထားချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မူရင်းလက်ရာ မပျက်သိမ်းထားချင်မယ်ရှင်ရယ်"

ပန်းကလေးကိုကိုင်ပြီး လှည်းကလေးပေါ်တက်ကာ မောင်းထွက်လာခဲ့၏။

ဖနရောင်ထွက်လာသောကြောင့်နှင်းမြူမှုန်ရှာသလိုအရည်ပျော်ပြီးကျလာသဖြင့် ယူကလစ်ပင်ကြီးအောက်တွင် လှည်းကလေးရပ်ပြီးနေကြရသည်။

"နှင်းမှုန်ရွာသလိုပဲနော်"

"ကိုယ်ငယ်ငယ်ကဆိုဒီလိုနှင်းတွေကြွပြီဆိုရင် မြေး တော့တော့တာပဲ၊ တော့ပြီးတာနဲ့ ရှားတော့တာပဲ၊ နောက် ဘယ်တော့မှ နှင်းကြွကြားထဲ မဲတော့ရတော့ဘူး၊ စုမ ချစ်သူနဲ့အတူ ပြန်ပြီး နေခွင့်ရတာ"

"ဒီ..ရှားနေဦးမယ်"

"ချစ်သူအနားမှာရှိနေသရွေ့ကတော့ ဘာမှ မဖြစ်နိုင် တော့ဘူး"

"အစွမ်းတွေရှိတယ်ပေါ့"

"ချစ်သူဟာ ကိုယ့်အတွက် မဟာအင်အားကြီးတစ်ခုပါ"

"ဟင်...ဒီ...နားထဲမှာ ခွေးပေါက်လေးဟောင်တဲ့အသံကြားရသလိုပဲ"

ပန်းမှုခြာနှယ် စကားကြောင့် နဒီရိုင်း နားစွင့်ကြည့် တော့





"ဟုတ်တယ်၊ ခွေးပေါက်လေးအသံ"

ဘေးပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ ရှင်းလင်းနေပြီး ဘာမှမတွေ့ရ၊ နှင်းတွေလည်း ကျဲသွားပြီဖြစ်သောကြောင့် ခွေးသံကြားရာဆီသို့ နားစွင့်ပြီးလာခဲ့ကြသည်။

"ဟိုမှာ..အြာ..."

"ဟယ်တော့ ခွေးဖြူလေး"

တွင်းတစ်ခုထဲကျပြီး ခါးဝက်လောက်ထိ နှင်းတွေဝိနေသောကြောင့် ခွေးဖြူလေး မရုန်းနိုင်ဘဲအော်ဟစ်နေခြင်းဖြစ်သည်။

ခွေးဖြူလေးမှာ အအေးဒဏ်ကို အချိန်ကြာမြင့်စွာ ခံထားရသဖြင့် တစ်ကိုယ်လုံးတုန်ယင်နေသည်။ နဒီရိုင်းနှင်းခဲတွေကိုဖယ်ပြီး ခွေးလေးကိုမ,ယူလိုက်သည်။

"ချစ်စရာလေးနော်"

"ဒီခွေးတွေက ရှားပါးခွေးဖြူလေးပဲ၊ ဒီဘက်တွေကို လာခဲ့တယ်၊ သူတို့က တောင်လျှိုတွေမှာ အနေများတယ်၊ ဒီကောင်လမ်းမှားပြီးရောက်ရင်း တွင်းထဲကျသွားတာဖြစ်မယ်"

"ဒီ..."

"ပြောလေအြာ"

"အြာ...ဒီခွေးလေးကို မွေးချင်တယ်"

"မွေးချင်ရင်ခေါ်သွားမယ်လေ၊ သိပ်အကင်းပါးတဲ့ ခွေးမျိုး၊



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရှည်နိုက်ရှည်လည်း ကောင်းတယ်၊ တောရွှေးတွေ လောက်တော့ မမှုဘူး။ ပုံကြည့်တော့ ခပ်ဖျော့ဖျော့လေး ထင်ရတယ်၊ လျှင်တာမှ လှစ်ခနဲ လှစ်ခနဲပဲ၊ ရွှေမှုဆိုးတွေ တောင် (၁၀)နှစ်မှာ တစ်ကောင်ရဖို့မလွယ်တဲ့ရွှေမျိုး"

"မွေးလို့ရော ရပါ့မလား"

"ရမှာပေါ့ဖြာရယ်"

"ဖြာကိုပေး"

ပန်းမှုဖြာနွယ် ရွှေဖြူလေးကိုယူပြီး ရင်ခွင်ထဲသို့ ထွေး ဖက်ထားလိုက်တော့သည်။

"မင်းကို နာမည်ပေးရမယ်၊ ဒီ...ဘယ်လိုပေးရင်ကောင်းမလဲ"

"ဖြာ စိတ်ကြိုက်ရွှေးရယ်လိုက်ပေါ့"

"ဟုတ်ပြီ.. မင်းနာမည်ကို ကာစ်(စ်)လို့ပေးမယ်၊ မကောင်းဘူးလား"

နဒီရိုင်းခေါင်းလေးသာ ညိတ်ပြလိုက်တော့သည်။

၁၀၀



## အခန်း (၈)

"နိုင်း...နိုင်း...နိုင်း..."

"ဟွင်..."

"ဟာ..."

ဘုရားကျောင်းအပြင်ဘက်မှ သေနတ်သံကြောင့် အခန်းထဲတွင်ရှိနေကြသော နဒီရိုင်းတို့အားလုံးအံ့အားသင့်နေကြသည်။

"ဟို...ဟိုကောင်တွေ တစ်ဆုတ်ပြီးပြေးလာတာနဲ့ တူတယ်၊ ရှော့လှ...သွားကြည့်လိုက်"

"ဟုတ်ကဲ့ဗာသာ"

ရှော့လှကို သွားကြည့်ခိုင်းလိုက်ပြီး ဆဲ(လ်)မှ

"လူဒီလေး...မင်းတို့(၄)ယောက် ဟိုနောက်က အခန်းထဲ ဝင်နေကြ"



www.burmeseclassic.com

www.burmeseclassic.com



နံရံနှင့်တစ်ထပ်တည်း လုပ်ထားသော အခန်းလေးထဲသို့ ဝင်လိုက်ကြရ သည်။ အပြင်ဘက်မှ အသံတွေအားလုံးကို ကြားနိုင်သည်။

"ဆဲ(လ်)…ဘယ်မှာလဲ စစ်တပ်ကသူလျှိုတွေ"

"မောင်ဦး…မင်းဘာတွေလာပြီးပြောနေတာလဲ၊ ငါ့ ဘုရားကျောင်းမှာဘာမှမရှိဘူး"

"ခင်ဗျားက ပြောင်လိမ်မြန်ပြီ၊ ဝပ်ရှော့မှာ ကားတစ်စီး လာပြီးပြင်နိုင်းတာ ငါတို့သိထားတယ်၊ ဒီကားဟာ စစ်တပ်က လွှတ်ထားတဲ့သူလျှိုကားတဲ့၊ ခင်ဗျားဘာပြင်ဦးမလဲ"

"မင်းကိုပြောတဲ့ကောင်တွေက ရူးပြီးပြောတာ၊ ဘာမှမဟုတ်ဘူး၊ ငါ့တူလေး စရီးသွားရင်းကားပျက်လို့ထားခဲ့တာ"

"ခင်ဗျားစကားကိုကျုပ်မယုံဘူး"

"မယုံလည်းမတတ်နိုင်ဘူး"

"မောင့်ကောင်တွေ ဝင်ပြီးရှာစမ်း၊ တွေ့ရင်အသေသာ သတ်ပစ်"

ဘုရားကျောင်းခန်းတွေထဲကို သေနတ်သမားတွေ ဝင်ပြီး ရှာကြပေမယ့် နဒီရိုင်းတို့ပုန်းနေသောအခန်းကိုရှာမတွေ့ကြ။

"မတွေ့ဘူး ဗိုလ်ကြီး"

"ဆဲ(လ်)…ခင်ဗျားကိုကျုပ်မသင်္ကာတာကြာပြီ"





"မင်းတို့မသင်္ကာရအောင် ငါကဘာတွေလုပ်နေလို့လဲ"

"ခင်ဗျားက စစ်တပ်ကနေ အသွင်ပြောင်းလာတဲ့လူဆိုတော့ စစ်တပ်ဘက်ကိုပါမှာပဲ"

"မောင်ဦး… ငါ ဘုရားသခင်ရဲ့အရိပ်အောက်မှာ နေနေ တာ၊ ခင်းပါးစပ်က စည်းမရှိကမ်းမရှိစကားတွေမပြောနဲ့၊ ခု ဘုရားကျောင်း ထဲကထွက်သွား"

"ဟားဟားဟား…ဆဲ(လ်)…မောင်ဦး ဆိုတဲ့ကောင်ကို အမိန့်ပေးလို့ရတဲ့သူ မရှိဘူး၊ ဒီနေ့ ဘုရားကျောင်းကိုလာတာ ခင်ဗျားကို ရှင်းဖို့၊ ခင်ဗျားဟာ စစ်တပ်သတင်းပေး"

နဒီရိုင်း အခြေအနေကို သဘောပေါက်လိုက်ပြီ၊ ဆဲ(လ်) ကို သူပုန်ကောင်တွေ သတ်တော့မည်ဖြစ်သည်။

"ဟဲဟဲ…ကျုပ်က စည်းကမ်းရှိပါတယ်၊ ဘုရားသခင် ရှေ့မှာတော့ မသတ်ဘူး၊ အပြင်မှာသတ်မယ်၊ ခေါ်ခဲ့ကြစမ်း"

"ဗိုလ်ကြီး…ဒီကောင်ရောလား"

"ဟုတ်တယ်၊ နှစ်ယောက်လုံးရှင်းပစ်ရမယ်၊ မြန်မြန် ခေါ်ခဲ့ကွာ၊ တို့စစ်တပ်က နောက်ကလိုက်လာရင် ပြေးပေါက်မှားမယ်"

ဆဲ(လ်)နှင့်ကျော့လှကို ဆွဲခေါ်ပြီး ဘုရားကျောင်းအပြင်ဘက်သို့ထုတ်သွားကြသည်။ နဒီရိုင်း အခန်းထဲတွင် ဆက်ပြီး နေ၍ မရနိုင်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ဗိုလ်...မင်းမြာတို့နဲ့အနေနဲ့ဒါဆဲ(လ်)တို့ကို ကယ် မယ်"

"မင်းတစ်ယောက်တည်းဖြစ်မလား"

"ဖြစ်တယ်၊ ဒါ တစ်ခုခုဖြစ်သွားရင်တောင် မင်းက ဆက်ပြီး မြာတို့ကို စောင့်ရှောက်လို့ရမယ်၊ နှစ်ယောက်လုံးထွက် လို့မရဘူး"

ကျော်ဗိုလ်ကို ထားခဲ့ပြီး နဒီရှိုင်း အပြင်သို့ထွက်ကာ ဆဲ(လ်) အခန်းထဲမှဒူးလေးကို ဗီရိုထဲမှ ယူပြီး ဘုရားကျောင်း နောက်ပေါက်မှ ထွက်ခဲ့တော့သည်။

"ကဲ...နောက်ဆုံးဘာစကားပြောချင်လဲပြော"

"မင်းလိုကောင်မျိုးရှေ့မှာ ဘာစကားမှပြောစရာမရှိဘူး"

"ပြောစရာမရှိရင် သေတော့ပေတော့"

မောင်ဦး သေနတ်ကိုမောင်းတင်ပြီး ဆဲ(လ်)ကို ချိန် ရွယ် လိုက်ပြီး ပစ်မည်အပြု

"ရှိ—ဒုတ်—အား..."

"ဟာ...ရန်...ရန်သူ"

မောင်ဦးလက်မောင်းကိုမြားတံစိုက်ဝင်သွားပြီး သူ့လူ တွေ အော်ဟစ်ပြောဆိုနေချိန်တွင် နဒီရှိုင်း တစ်ယောက်ချင်း ပြောက်ကျားနည်းဖြင့် ပစ်ခတ်၍ ပါလာသော မြားလည်း (အ ချောင်းကုန်ခဲ့သလို သေနတ်သမား သူပုန် (၁၀)ယောက်လည်း အကျရာကိုယ်စီနှင့်အကြောင်းဆိုလို့ (၅)ယောက်လောက်သာ ကျ





တော့သည်။

"ခွေးမသားတွေ၊ ခုထိ ရှာမတွေ့သေးဘူးလား၊ ကျွတ် ကျွတ်..."

မောင်ဦးမြားစိုက်လျက် သေနတ်ကိုပင် မကိုင်နိုင် တော့ပေ။ ဆဲ(လ်)နှင့်ရှော့လူတို့ကတော့ ပြေးထွက်ပြီး လက်နက် သွား ယူလာသည်။

"ဟော့ကောင်တွေ..ရှာကြလေ"

"ဗိုလ်ကြီး...ဒီ...ဒီကောင်က ချောင်းပြီးပစ်နေတာ"

"ဘယ်လိုပစ်ပစ်ကွာ၊ ရအောင်ရှာ၊ တွေ့လို့ကတော့ အစိမ်း လိုက်ကိုဝါးစားမယ်"

"တော်း...အား..."

ဆဲ(လ်) အမဲပစ်သေနတ်ကြီး၏ကျည်ထဲက မောင်ဦးတပည့် တစ်ယောက်ကို လွင့်စင်သည်အထိ ဖြစ်သွားခဲ့သည်။

"ပေးစမ်းကွာ၊ လက်ပစ်ဗုံး၊ ကျောင်းကို ဖောက်ခွဲ ပစ် မယ်"

မောင်ဦး လက်ပစ်ဗုံးကိုယူပြီး ဘုရားကျောင်းကိုပစ်ဖို့ ကြံ စဉ် မှိန်မှာ

"ဒိုင်း—ဒိုင်း...ဒက်...ဒက်..."

"ဟာ..."

စစ်တပ်မှရောက်ရှိလာပြီး ပစ်ခတ်ကာ အနီးကပ်စီးနင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မောင်ဦး လက်ဖစ်ပုံး စနက်တံပင် ဖြုတ်ရှိန်မရ လိုက်ဘဲ ဖမ်းဆီးခြင်းကို ခံလိုက်ရသည်။

"ကျေးဇူးတင်တယ် ဆဲ(လ်)"

"ရပါတယ် ဗိုလ်မှူး၊ ဗိုလ်မှူးတို့သာ အချိန်မီရောက် မလာရင် ကျုပ်ဘုရားကျောင်းကတော့ ပျက်စီးပါပြီ၊ အတော့်ကို ယုတ်မာတဲ့ကောင်"

"ဪ– သူက ဆဲ(လ်)ဘုရားကျောင်းကလား"

"ဗိုလ်မှူး ဒါ...ဒါတပ်ရင်းမှူးရဲ့သားလေ"

"နဒီလား... ငါ့ကောင်ကြီးထွားလာလိုက်တာ၊ အင်းလေ တပ်ရင်းမှူးလက်ထက်တုန်းက ဗိုလ်အဆင့်ပဲရှိပြီး နဒီက (၈)တန်းကျောင်းသားဆိုတော့ အချိန်တွေအတော့်ကိုကြာသွားပြီပဲ"

"ကျုပ်ဆီကိုအလည်လာရင်း ခုလိုပွဲနဲ့တိုးတာပဲ"

"နဒီက ငယ်ငယ်ကလိုပဲ လက်သံကစွာတုန်းပဲဟေ့၊ အေးလေ ရောနေကောင်းရဲ့လား နဒီ"

"ကောင်းပါတယ် ဗိုလ်မှူး"

"ပြောလိုက်ပါ၊ အဘတပည့် အဘနေရာမှာ ပြန်ပြီး ရောက်နေပြီလို့"

"ဟုတ်ကဲ့ ပြောလိုက်ပါ့မယ်"

"သွားခွင့်ပြုဦး ဆဲ(လ်)"





"ကောင်းပါပြီ"

မောင်ဦးတို့အဖွဲ့ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဘုရားကျောင်းထဲမှာ နဒီရိုင်းတို့ပဲ ကျန်ခဲ့သည်။

"လူဒီလေး..မင်းကယ်တဲ့အသက်ပဲ ရှိပါတယ်ကွာ"

"ဆဲ(လ်) ကျွန်တော့်ကို ငယ်ငယ်တုန်းက ကယ်ခဲ့တာ ရော မှတ်မိလား"

"မှတ်မိတာပေါ့ကွာ၊ တပ်မွေးမြူရေးကန်ထဲမှာ ရေဆင်း ပြီး ကူးတုန်းက ရေနစ်တာကိုပြောမလို့လား"

"ဟုတ်တယ် ဆဲ(လ်)"

"ဒါဆို ကျေပြီပေါ့ကွာ"

"ဒီ..."

"ဖြာ–"

ဘုရားကျောင်းထဲမှ ပန်းမုဖြာနွယ်တို့ထွက်လာပြီး နဒီရိုင်း လက်မောင်းကို ပန်းမုဖြာနွယ် ဆုပ်ကိုင်လျက် ချစ်သူအတွက် စိုးရိမ်သောမျက်လုံးအစုံဖြင့်ကြည့်နေလေသည်။

"အထဲကို ပြန်ဝင်ကြ၊ အရမ်းအေးလာနေပြီ"

ဘုရားကျောင်းထဲရောက်မှ အားလုံး သက်ပြင်းကိုယ်စီ ချကာ ထိုင်လိုက်ကြတော့သည်။

"ဒီနယ်မှာ အန္တရာယ်တစ်ကောင်တော့ ရှင်းသွားပြီ၊ အလ



www.burmeseclassic.com

www.burmeseclassic.com



ကား ကောင်တွေ၊ အရင်ကတော့ ပြည်နယ်လွတ်မြောက်ရေး ဆိုပြီး သူတို့ကိုယ်သူတို့ တော်လှန်ရေးသမားကြီးအမည်ခံပြီး နောက်ဆုံးတော့ ကိုယ့်အဖွဲ့တွေနဲ့ မိုက်မဲကုန်ကြတော့ စတော့ ဓာတ်သိမ်း မလှတော့ဘူး။ မနက်ဖြန် ခရီးထွက်မယ်ဆိုရင် သွားလို့ရပြီ နေဦးမယ်ဆိုရင် နေကြလေ"

"မနေတော့ဘူးဆဲ(လ်)၊ လမ်းကြောင်းကောင်းသွားပြီ ဆိုတော့ ခရီးဆက်တော့မယ်"

"ဒါဆို မင်းတို့(၄)ယောက်ကို အမှတ်တရပေးရမှာလေး လိုက်ခဲ့ကြ"

ဆဲ(လ်) မယ်တော်မေရီရုပ်တုရှေ့သို့ခေါ်ဆောင်သွားပြီး ငွေရောင်ဘူးကလေးကို ထုတ်ယူပြီးနောက် ဘူးလေးကိုဖွင့် လိုက်သည်။ ပြီးမှ ဘူးထဲက အနက်ရောင်ကျောက်ဖြင့်ပြုလုပ်ထားသော မောင်းကွင်းလက်စွပ်လေး(၄)ကွင်းကိုထုတ်ယူလိုက်သည်။

"ဒီလက်စွပ်ကလေးတွေက ရာဇဝင်ရှိတယ်၊ အရင်ဆုံး နား ထောင်ပြီးမှ ဝတ်ဆင်ကြပါ"

ဆဲ(လ်) လက်စွပ်လေးတွေကို ဆုပ်ကိုင်ပြီး ကျောက်နက် လက်စွပ်ကလေးရဲ့ရာဇဝင်ကိုပြောပြလေသည်။

"ဒီဘုရားကျောင်းကြီးမှာ ဖာသာထက်အရင်သင်အုပ်ထိန်း ယောက်ရှိခဲ့တယ်၊ သူ့အမည်က စောကလူးလို့ခေါ်တယ်၊ တရုတ်





လူမျိုးတစ်ဦး။ သူ ဒီဘုရားကျောင်းကိုမရောက် ခင် ကချင် ရွာလေး တစ်ရွာမှာ နေထိုင်ရင်း ရွာမှာ ဝမ်းရောဂါ ကပ်ကြီး ဆိုက်ပြီး နေထိုင်တဲ့ အိမ်တွေကိုစွန့်ပြီး ပြေးကြတဲ့အထဲမှာ စောကလူးတို့မိသားစု(၄)ယောက်လည်းပါခဲ့တယ်၊ အမှာ သမီးလေး (၂)ယောက်နဲ့ ဇနီးသည်တို့ပေါ့။ ဒီလိုပြေးရင်း လမ်းမှာပဲ စောကလူး ဇနီးနော်အယ်လာဟာ ရွာကပါလာတဲ့ ဝမ်းရောဂါနဲ့ လမ်းမှာပဲ ဆုံးပါးသွားတယ်"

"ကြောက်စရာကောင်းတဲ့ရောဂါပဲနော်"

"ဟုတ်တယ်သမီး၊ သူ့ဇနီးဆုံးသွားတော့ အမှာညီအစ်မဟာ (၅)နှစ်သမီးအရွယ်ပဲရှိကြသေးတာ၊ သမီး(၂)ယောက် ကို လက်ဆွဲပြီး ဖ ဖာသာတို့နေတဲ့ ရွာကလေးမှာ ဘဝကို စတင်မြှုပ်ပြီးနေထိုင်ခဲ့ကြတယ်၊ စောကလူးဟာ အရင်ထဲက တိုင်းရင်းဆေးတို့ တတ်ကျွမ်းတဲ့သူဆိုတော့ ရွာမှာ ဆေးကု ဆရာအဖြစ်နဲ့ပဲ ဆေးကုစားခဲ့တယ်"

"ဒါနဲ့ ဆဲ(လ်)... စောကလူး သမီးအမှာညီအစ်မ နာမည်က ဘယ်လိုခေါ်လဲဟင်"

"အကြီးမနာမည်က နော်လူးလူး။ အငယ်မနာမည်က နော်ထူးထူးလို့ခေါ်တယ်၊ သူတို့ညီအစ်မ (၁၈)နှစ်သမီးလောက်မှာ စောကလူးဟာ တောထဲမှာ ဆေးမြစ်သွားတူးရင်း ထူးဆန်း တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျောက်နက်တစ်ခုကို ရခဲ့တယ်၊ ကျောက်ကိုနားလည်တဲ့သူတွေကိုပြကြည့်တော့ မင်္ဂလာနိမိတ်ကောင်းတဲ့ကျောက်တဲ့၊ ဒါနဲ့ စောကလူးဟာ သမီးလေး(၂)ယောက်အတွက် မောင်းကွင်းလက်စွပ်လေး(၄)ကွင်းကို ပန်းထိမ်မှာသွားပြီးအပ်ခဲ့တယ်"

"ဘာလို့ (၂)ယောက်တည်းကို လေးကွင်းတောင် အပ်ရတာလဲဆဲ(လ်)"

"သမီးတွေနဲ့လက်ထပ်မယ့် သမက်တွေအတွက်ပါကြိုတင်ပြီးပြင်ဆင်ထားတာလေ၊ သမီး(၂)ယောက်ဟာ အရွယ်ရောက်ပြီးရွာကကာလသားညီအစ်ကို(၂)ယောက်နဲ့ချစ်သူဖြစ်ပြီး လူကြီးမိဘတွေအသိပေးပြီးမင်္ဂလာပွဲလေးပြုလုပ်ဖို့စီစဉ်နေချိန်မှာ ရွာကို ငနီကောင်တွေက တပ်သားလိုအပ်တယ် ဆိုပြီး ရွာမှာရှိတဲ့ ယောကျ်ားလေးတွေကို ဝင်ပြီးဖမ်းဆီးခေါ်ဆောင်သွားတဲ့ထဲမှာ စောကလူးရဲ့သမက်လောင်းတွေပါ ပါသွား ပြီးမင်္ဂလာပွဲကို ဖျက်လိုက်ရတယ်၊ ဒီတုန်းက စစ်တပ်က အမည်း ရောင်နယ်မြေတွေကို ရှင်းလင်းဆဲကာလဆိုတော့ တိုက်ပွဲတွေ ပြင်းထန်ပြီး စောကလူးသမက်(၂)ယောက်လုံးတိုက်ပွဲမှာ ကျသွားကြတယ်"

"သနားဖို့ကောင်းလိုက်တာ"

"ဒီထက်ဆိုးတာက ငနီကောင်တွေဟာ ရွာတွေမှာ မိန်းကလေးတွေကို အတင်းအဓမ္မကျင့်ကြံမှုတွေ ပြုလုပ်သိမ်းပိုက်မှု





တွေကြောင့် စောကလူးသမီး(၂)ယောက်လည်းငနီကောင်တွေရဲ့ အနိုင်ကျင့်မှုအောက်ကိုရောက်လာလုမှာစောကလူးဝင်ပြီးကယ်ရင်း သားအဖ သုံးယောက်လုံးကိုငနီကောင်တွေကပစ်သတ်ခဲ့ကြတယ်"

"ဟယ်..."

"စောကလူးကတော့ စစ်တပ်ကအချိန်မီဆေးရုံပို့ခဲ့လို့ အသက်ရှင်ပေမယ့် သမီးနှစ်ယောက်ကတော့ ငနီကောင်တွေရဲ့လက်ချက်နဲ့ သေဆုံးခဲ့တယ်၊ စောကလူး ဒဏ်ရာသက်သာ ပြီးပြီးကောင်းတော့ ငနီကောင်တွေကို လက်စားချေဖို့ ကြိုးစားရင်း ဘုရားကျောင်းမှာ သင်းအုပ်အဖြစ်နဲ့ဝင်ပြီးနေခဲ့ တယ်၊ သူ့သမီးနဲ့ သူ့ကို သတ်ခဲ့တဲ့ ငနီခေါင်းဆောင်ရှူးလူအောင် ဆိုတဲ့ကောင်ကို စောင့်ရင်းပေါ့၊ ဒီအချိန်မှာ ဇာသာဟာ စစ်တပ်ကနေ ပင်စင်နဲ့ရွာကိုပြန်ရောက်ပြီး စောကလူးရဲ့လက် အောက်မှာ သင်းအုပ်လုပ်နေခဲ့ပြီ၊ တစ်နေ့ ရှူးလူအောင်ဟာ ရွာကို သူ့တပည့်တွေနဲ့ ခိုးပြီးဝင်လာချိန်မှာ စောကလူးသိသွား ပြီး ရှူးလူအောင်ကို သွားပြီး လက်စားချေခဲ့တယ်၊ အများနဲ့ တစ်ယောက်ဆိုတော့ ရှူးလူအောင်လည်းသေခဲ့သလို စောကလူး လည်းသေလောက်စေတဲ့ဒဏ်ရာကိုရခဲ့ပြီး ဘုရားကျောင်းကို ပြန်ပြီးရောက်ခဲ့တယ်၊ ဘုရားကျောင်းရောက်ပြီး သူအမြတ်နိုး ဆုံးသိမ်းဆည်းထားခဲ့တဲ့ဒီလက်စွပ်လေး(၄)ကွင်းပေးပြီးဇာသာ



www.burmeseclassic.com

www.burmeseclassic.com



လက်ပေါ်မှာသေဆုံးခဲ့ရတာယ်"

ဆဲ(လ်)ပြောပြသည့်ကျောက်နက်လက်စွပ်လေး(၄)ကွင်းကိုရာဇဝင်ကိုစိတ်မကောင်းစွာနှင့်နားထောင်ခဲ့ကြရသည်။

"တောကလူးရဲ့နောက်ဆုံးဆန္ဒကတော့ တစ်နေ့တစ်ချိန် မှာ ဘုရားကျောင်းမှာ ချစ်သူစုံတွဲ(၄)ဦး စုံညီစွာရောက်ခဲ့ရင် ဒီလက်စွပ်(၄)ကွင်းကို လက်ဆောင်ပေးဖို့ခိုင်းခဲ့တယ်၊ ဒါမှ သေဆုံးသွားတဲ့ သမီးလေးတွေရဲ့နောင်ဘဝမှာ ခုလို ကံဇာခြင်းတကင်းလွတ်မှာတဲ့၊ ခုတော့ သူ့ဆန္ဒလေးပြည့်သွားပြီပေါ့ကွယ်"

နဒီရိုင်းတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်သည်။

"ဘယ်လိုလဲ... လူဒီလေး... ဒီလက်စွပ်လေးတွေကို မင်းတို့ ဝတ်ဆင်နိုင်ပါ့မလား"

"ဝတ်ဆင်ပါ့မယ်ဆဲ(လ်)"

"တောကလူးရဲ့နောက်ဆုံးဆန္ဒလေးပြည့်သွားရင် သူ့လည်း တခြားသောဘဝကနေ ကျေနပ်နေမှာပေါ့"

"တစ်ခုတော့ မင်းတို့လိုက်နာရမယ်"

"ဘာများလဲဆဲ(လ်)"

"ဒီလက်စွပ်လေးကိုဘုရားသခင်ရဲ့သစ္စာရေနဲ့ စိမ်ပြီး





…ာရဲ့တာဆိုတော့မင်းတို့တစ်ယောက်ပေါ်တစ်ယောက် ထာဝရသစ္စာရှိနိုင်တော့လိုအပ်မယ်နော်"

"ထာဝရမဟုတ်ပါဘူး၊ ဘဝအဆက်ဆက် သစ္စာရှိစွာ …ချစ်ကြမယ့်ချစ်သူတွေပါဆဲ(လ်)...ဟုတ်တယ်မဟုတ်လားခြာ..."

"မေးနေစရာမလိုတဲ့စကားပါ...ဒီရယ်"

"လူဒီလေးတို့က လက်စွပ်ကလေးတွေကိုကိုင်ထား၊ ဖာသာ …ဘုရားသခင်ထံမှာ ဆုတောင်းပေးမယ်"

"ဟုတ်ကဲ့"

ဆဲ(လ်)ဆုတောင်းပေးမှုလေးဆုံးသွားသည်နှင့် နဒီရိုင်း တို့ …ဦး ချစ်သူ၏လက်သွယ်လေးပေါ်တွင် လက်စွပ်ကလေး တွေကို …ဆင်ပေးလိုက်တော့သည်။

"ဤချစ်သူတို့၏အနာဂတ်တွေကို ဘုရားသခင်ကိုယ်တော် …တ်စောင့်ရှောက်ပေးပါလိမ့်မယ်ကွယ်"

ရင်မှာကိုယ်စီ ကျေနပ်မဆုံး ဆန္ဒလေးတွေနှင့် ပြုံးလိုက် မိ …တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

၈

## အခန်း (၉)

နဒီရိုင်းတို့ နောက်နေ့မနက်တွင် ခရီးဆက်ပြီးထွက် လာခဲ့ကြတော့သည်။

"ခုကျတော့လည်း လောကကြီးက အေးချမ်းလိုက်တာနော်"

"ကိုယ် အနောက်တိုင်းအဆိုအမိန့်လေးတစ်ခုကို ကြားဘူးတယ်"

"ဘာများလဲ ဒီ"

"ချစ်သူတစ်ယောက်၊ ပိုင်တစ်ခွက်နဲ့ ဂစ်တာ တစ်လက် သာရှိရင် ဤလောကကြီးဟာ အသာယာဆုံးပဲတဲ့"

"အဲ..ဘယ်မှာလဲ ပိုင်တစ်ခွက်နဲ့ ဂစ်တာတစ်လက်"

"ကိုယ့်အတွက် ဒါတွေ မလိုအပ်ဘူးလေ၊ ချစ်သူတစ်





ယောက်နဲ့တင် ပြည့်စုံသွားပြီ"

"သေချာပြီပေါ့"

"သူ့ထက်သေချာတာ ဘာမှမရှိဘူး"

"ယုံလိုက်ပါ့မယ်၊ ရှင့်ကို သိပ်ချစ်လို့"

"ဟော့...နို့လည်း ဒီထဲမှာပါမယ်"

ကားနောက်ခန်းမှ ကျော်ဝိုလ်တို့ လှမ်းပြီးပြောလိုက်သောကြောင့်

"ပါလို့မရဘူး"

"ဘာလို့လဲဟ"

"ခြာတို့က ကိုယ့်စကားလုံးနဲ့ကိုယ် ချစ်ကြတာ.."

"တဲနန်း... ကိုယ်တို့လည်း ကိုယ့်စကားလုံးနဲ့ ကိုယ် ချစ်ကြရအောင်၊ ဘယ်လိုစကားလုံးသုံးမလဲ"

"သိဘူး"

"ဟားဟားဟား... ကျော်ဝိုလ်ရေ.. သိဘူးစကားလုံးကို သုံးမယ်တဲ့"

ရယ်မောသံလေးတွေ လွင့်ပျံလျှက်...

"ရေဆိုရင် မြစ်ကူးရတော့မယ်"

"ဟုတ်တယ်၊ အခုရင်ကဆိုရင် သွားလာရတာ အရမ်း ခက်ခဲတယ်၊ မြစ်တစ်ဖက်ကမ်းကိုရောက်ဖို့ဖက်စောင့်ရတာ တစ်ရက်လောလေ



www.burmeseclassic.com

www.burmeseclassic.com



ညအိပ်ပြီးတောင်စောင့်ရတယ်၊ ခုတော့ မြစ်ကူးတံတားကြီး ပြီးသွားတော့မိနစ်ပိုင်းနဲ့ကမ်းတစ်ဖက်ကိုရောက်တယ်"

"နှီး... ဒီဘက်တံတားထိပ်မှာ ထမင်းဆိုင်ကောင်း ကောင်း တစ်ခုရှိတယ်၊ ဟင်းစုံရတယ်"

"ဟင်းကတော့ ဆိုင်တိုင်းမှာရပါတယ်ကွာ"

"မတူဘူးကွ၊ တောကောင်အသားတွေပါရတာ"

"ဒါဆိုရင်ဝင်ပြီးစားကြတာပေါ့၊ ခြာတို့လည်းဂျီသားတွေအား ကျွေးစားမှုးသွားတာပေါ့ကွာ"

"ငါကတော့ ဖွတ်သားစားချင်တာ"

"မင်းပဲစား"

"ဟုတ်ပါ့၊ ကိုကျော်ကလည်း ဖွတ်ကြီးက ကြောက် စရာကြီး မစားရဲပေါင်"

"ကြားလားကျော်ဗိုလ်... မင်းနန်းကတောင်မစားရဲဘူးတဲ့"

"သူ မစားရဲမှတော့ ငါလည်းမစားတော့ဘူးပေါ့ကွာ၊ ချစ်ရ သေနှကအရေးကြီးဆုံးအခန်းကဏ္ဍထဲမှာပါတယ်ကွ"

တံတားထိပ်စားသောက်ဆိုင်လေးတွေနားသို့ရောက်ခဲ့ကြ ပြီး ကျော်ဗိုလ် ပြောသည့်ထမင်းဆိုင်ရှေ့မှာ ကားလေးထိုး ရပ်လိုက် သည်။

ဆိုင်လေးထဲမှာ ထမင်းစားနေကြစဉ် ချာတိတ်ကလေးတစ်





ယောက် ဆိုင်ထဲသို့ဝင်လာပြီး နဒီရိုင်းတို့စားပွဲဝိုင်းဆီသို့ တန်းတန်း ဆော်မတ်လျှောက်လာပြီး

"လေးလေး..."

"ဘာလဲချာတိတ်"

"ရော..."

"ဟင်..."

ချာတိတ်လေး ဘူလက်ထဲမှ ဟန်းဖုန်းလေးကို လှမ်းပေး သဖြင့် အံ့အားသင့်စွာကြည့်နေစဉ်

"တီ...တီ...တီ..."

ဟန်းဖုန်းဆီမှ အသံမြည်လာသဖြင့် နဒီရိုင်း သဘောပေါက် လိုက်ပြီး ဟန်းဖုန်းကို လှမ်းယူလိုက်သည်။

"နဒီရိုင်း ဆိုတာလား"

"ဟုတ်တယ်"

"ကျွန်ဘယ်သူလဲဆိုတာတော့ ပြောမြလည်း ခင်ဗျား သိမှာ မဟုတ်ဘူး၊ ဒါပေမယ့် သိထားသင့်တာလေးတော့ ပြောမယ်၊ ဒီနယ် မြေမှာ ကျွန်အမည်ကို မသိတဲ့သူမရှိဘူး၊ စုံစမ်း ကြည့်ပေါ့"

"ခင်ဗျားအကြောင်းကို စုံစမ်းဖို့အချိန်မရှိဘူး"

"မစုံစမ်းရင် ခင်ဗျားအတွက် နောင်တတွေဖြစ်လာနိုင် တယ် နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်အဖို့မှာ နောင်တဆိုတာ မကြားဖူးဘူး"

"ကောင်းပြီ..စောင့်ကြည့်ရတာပေါ့၊ ခင်ဗျားဘော
ပန်းမှုကြာနှယ်ကို လွှဲပြောင်းပေးမယ်ဆိုရင် အကျိုးအမြတ်ရှိမယ်
ဒါမှမဟုတ်လို့ ခင်ဗျားခေါင်းမာနေရင် ဘဝကူးမကောင်းဘူးနော်"

"ကျွန်ုပ်ဆိုတဲ့ကောင်ကို စကားလုံးတွေနဲ့ ခြိမ်းခြောက် တိုင်
ကြောက်တတ်ခဲ့ရင် ပန်းမှုကြာနှယ်ရဲ့သက်တော်စောင့် မလုပ်ဘူး"

"ကြိုက်သွားပြီ ခင်ဗျားနဲ့ကျွန်ုပ် ခရီးနက်တစ်ပြိုင်ပွဲလေးတစ်
ကို ကျင်းပတာပေါ့၊ ဒီကနေ တစ်ဖက်မြို့ကိုသွားတဲ့ လမ်းက မိုင်
(၅၀)ရှိတယ်၊ မိုင်(၅၀)ထဲကမှ မိုင်(၃၀)ကျော်လို့ ခင်ဗျားလက်ထဲက
ပန်းမှုကြာနှယ်ကို မပေးနိုင်ဘူးဆိုရင် ကျန်တဲ့မိုင်(၂၀)အတွက် ခင်ဗျား
တို့ လွတ်လွတ်လပ်လပ် သွားခွင့်ရမယ်"

"မိုင်(၃၀)ထက်မက ကမ္ဘာဆုံးတဲ့အထိလိုက်ပြီးရအောင်
ယူကြည့်ပါဦး"

"စကားလုံးတွေနဲ့ စကားမပြောဘူး၊ အလုပ်နဲ့သက်သေပြ
ပါမဲ"

တစ်ဖက်မှ ဖုန်းပိတ်သွားသည်နှင့် ရာဇိတ်လေးလက်
ထဲသို့ ဟန်းဖုန်းလေး ထည့်ပေးလိုက်သည်။

"နဒီ...ဒို့ဘက်က ဘာတွေပြင်ဆင်သွားမလဲ"

"ဒီကောင်တွေလုပ်ရှားရင် ဇာတ်အတွက်မှာတော့ လှုပ်ရှား





ရှားမဟုတ်ဖူးကွ၊ လုံခြုံရေးအစ်တွေရှိတယ်၊ စိုးရိမ်ရမှာက ဇာတ်ဘားနဲ့
တစ်မိုင်လောက်ဝေးသွားရင် လမ်းကြောရှင်းတယ်၊ ရွာအိမ်ခြေနဲ့
ဝေးတယ်ဂြီးတော့ ဘေးဘက်က ချောက်တွေ၊ တောင်ကုန်းတွေ
ရှိတော့ ဒီကောင်တွေ ဒါကိုအခွင့်ကောင်းယူပြီးလှုပ်ရှားလို့ရတယ်"

"သူတို့ဘက်က ပြင်ဆင်မှုတွေက အသင့်လုပ်ထားပြီး
လောက်ပြီ"

"သေချာတယ်"

"ဒီ..ဘယ်လိုလုပ်မယ်လို့ စိတ်ကူးထားလဲ"

"ကားမြို့ဖောက်ထွက်ရင်တော့ မလွှတ်နိုင်ဘူး"

"သက်ဆိုင်ရာကို အကြောင်းကြားရင်ရော မကောင်းဘူး
သား"

"ကိုယ့်ဘက်က နိုင်လုံတဲ့သက်သေမရှိဘဲ သွားပြီးပြော ရင်
အလုပ်ပိုဖြစ်မယ်၊ ဒီကောင်တွေက ဆိုင်အပြင်ဘက်မှာ နကတည်းက
စောင့်ကြည့်နေမှာ၊ သက်ဆိုင်ရာကို အကြောင်း ကြားတာနဲ့ လှုပ်ရှား
မှာမဟုတ်ဘူး၊ နောက်တစ်ခုကတော့ သူတို့နဲ့ အားပြိုင်ချင်တယ်"

နဒီရှိင်း စကားမျှ ဝဉ်းစားပြီးနေစဉ် ဆိုင်ထဲသို့လူ(၂) ယောက်
ဝင်လာသည်ကိုတွေ့လိုက်ရသည်။

"ကိုနိုးတာ.."

"ဟာ..ဒီလေးဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ပုံအတွက် ရေးထွက်လာတာ၊ ကိုဖိုးတာက ကုန် တားနဲ့"

"ဟုတ်တယ်ကွ၊ ပစ္စည်းလာသယ်တာ၊ ဟိုမှာ ငါ့ကားကြီးလေ"

"ဘယ်အချိန်ပြန်ပြီးထွက်မှာလဲ"

"ထမင်းစားပြီးတာနဲ့ထွက်မှာ"

"ဒါဆို အဝေတ်ပဲရှာ၊ ကျွန်တော်တို့ပါ နောက်ကနေ လိုက်ခဲ့မယ်၊ ဒီလမ်းကို မကျွမ်းလို့"

"ရတယ်လေ၊ စောစောင့်၊ ထမင်းစားပြီးတာနဲ့ထွက် မယ်"

နဒီရှိုင်း ကုန်ကားကြီးကို အကာအကွယ်ယူပြီးလိုက်သွားရမည် ဖြစ်သည်။ (၄)ယောက်သား ဆိုင်အပြင်သို့ထွက်ပြီး မြစ်နံဘေးရှိ ရှမ်းတွေကို ငေးမောအောပင်ကြည့်နေသည်ကို တစ်ဖက်မှအဖွဲ့က မျက်စိဒေါက်ထောက် ကြည့်နေပြီး ဒေါသ ဖြစ်မှာသေချာသည်။

"ကိုဖိုးတာက မာမိုတုတော်တယ်"

"မင်းနဲ့ ညီအစ်ကိုဝမ်းကွဲပေါ့"

"ဟုတ်တယ်၊ အဝေးပြေးကားမောင်းတယ်ဆိုပြီး လျှော့ မတွက်နဲ့ဆရာ၊ သူက ဓါးပတ်အနက်၊ အဲဒီရှေ့တောင်အာရှမှာ ရှေ့ရထားတာ"





"ဒါဆိုရင် အားကိုးလို့ရပြီ၊ နဒီ...ဒို့နောက်မှာ ငနဲ နှစ်ကောင်ကိုလိုလိုဒီလိုလိုနဲ့ ကွမ်းယာဆိုင်မှာရပ်နေတယ်"

"ငါတွေ့တယ် ကျော်ဗိုလ်၊ ငါသိချင်တာက ငါ့ကို စိန်ခေါ်တဲ့ကောင်ရဲ့အမည်ကိုသိချင်တာ၊ သူ့ကိုယ်သူတော့ ဒီနယ်မှာ မသိသူမရှိဘူးလို့ပြောတာပဲ၊ ဘယ်လိုကောင်လဲမပြောတတ်ဘူး"

"ဒီရယ်...ဘယ်လိုကောင်ဖြစ်ရမလဲ၊ ဦးရာဇာဦးတို့ ငွေ ရှုပ်ဖြိုနိုင်းလို့ရတဲ့ လူမိုက်တွေပဲဖြစ်မှာပေါ့"

"ဟော့...ဒီလေး...သွားမယ်ဟေ့"

ကိုဖိုးတာ လှမ်းအော်ပြီး ကုန်ကားကြီးပေါ်တက်သွားသည်နှင့် နဒီရှိုင်းတို့လည်း ကားပေါ်သို့တက်ခဲ့ကြပြီး ကုန် ကားကြီးနောက်က မောင်းခဲ့တော့သည်။ နဒီရှိုင်းတို့နောက်မှာ ဂျစ်ကားမောင်းပြီး လိုက်လာနေသည်။

ဝဝဝဝ◎



www.burmeseclassic.com

www.burmeseclassic.com

ထဲတားကြီးကိုဖြတ်ကျော်ပြီး တစ်ဖက်သို့ရောက်ရှိနေပြီ ဖြစ်သည်။ နဒီရှိုင်းတို့အတွက် အန္တရာယ်နယ်နိမိတ်ထဲသို့ တောင် ပြီးဝင်ရောက်လာပြီဖြစ်သည်။

"ရှေ့က လမ်းအရိုးတွေက တပ်နယ်နိမိတက်စပြီး ထွက်တာ ပဲ၊ ရှေ့ဆိုလူကလုံးလုံးပြတ်ပြီ"

"လူတင်မဟုတ်ဘူး၊ ကားအသွားအလာပါကျဲတယ်"

"ဟုတ်တယ်၊ ဒီလမ်းကို ရှောင်သွားကြတာနည်းတယ်"

"ဖောင်း..."

"ဟာ..."

ကျောက်တောင်ကုန်းနှစ်ဖက်ရှိသော လမ်းကွေ့ကိုရောက်မှ ကိုဗိုးတာကားကြီးက ဘီးပေါက်ပြီးထိုးရပ်သွားသည်။ နဒီရှိုင်းတို့ ကားလည်းနောက်တွင်ရပ်လိုက်သည်နှင့် နောက်မှလိုက်လာသော





တားက ကျောက်တက်ရိုဖြင့်ချိန်တွင် တောင်တန်းကြားမှာ ထင်း ညည်းထမ်းပြီးထွက်လာသည့်သူကို ကားဖြင့်ပွတ်ပြီးဆွဲ သွားသည်။

"ဟာကွာ..."

ကားမှာ ရပ်ခြင်းမရှိဘဲဆက်ပြီးမောင်းသွားသည်။ နဒီရှိုင်း တို့ လဲနေသူထံ အမြန်ကလေးသွားပြီးမြှင့်လိုက်သည်။

"ရပါတယ်ဆရာ၊ ခြေထောက်ကိုကားဘီးနဲ့ပွတ်ကြိတ် သွား တာက ဆိုးတာ"

"လူစိတ်မရှိတဲ့ကောင်တွေ၊ ဒီလောက်လမ်းကျဉ်းလေးကို တားအရှိန်လျှော့ပြီးကျော်မတက်ဘူး။ ဒါနဲ့ ဦးညီက ဘယ်ကို သွား မှာလဲ"

"ရှေ့ရွာက ရွာဆီကိုသွားမှာပါ"

"ဒါဆို အစ်ကိုတို့ကားကောင်းတာနဲ့ လိုက်ခဲ့ပေါ့ကွာ"

"ကျေးဇူးပါပဲဗျာ၊ မကောင်းတဲ့ကောင်တွေရှိသလို ကောင်းတဲ့ လူတွေနဲ့တွေ့ရတာ ကံဆိုးခြင်းထဲက ကံကောင်းခြင်းတစ်ခုပေါ့"

နဒီရှိုင်းက ထိုလူကို တွဲပြီးခေါ်ခဲ့သလို ကျော်ဗိုလ်က ထင်း ညည်းကိုယူပြီးကားပေါ်သို့တင်လေသည်။

"ထင်းလာပြီးခုတ်ရတာ ဝေးလှချည်လားကွ"

"ဒါက ထင်းမဟုတ်ဘူးအစ်ကို၊ မီးမွှေးလို့ကောင်းတဲ့ သစ် ခင်တစ်မျိုး၊ ဒါကြောင့်အဝေးကြီးလာပြီးခုတ်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ယူကလစ်လိုလို ထင်းရှူးပင်လိုလိုပဲ၊ မွှေးတော့ မွှေး သား"

"ဘာအပင်ဆိုတာတော့ မပြောတတ်ဘူး၊ တောထဲမှာ အလေ့ကျပေါက်နေတာပဲ၊ ဒီသစ်ပင်ကို မီးမွှေးလို့ရတယ်ဆိုတာ တောင် သိခဲ့တာ တစ်နှစ်လောက်ပဲရှိသေးတယ်၊ ဘေးနားက ရွာ တွေတောင် မသိကြသေးဘူး၊ သိဘာသိသွားလို့ကတော့ တစ်ပင် တောင်ကျန်မှာမဟုတ်ဘူး၊ အစ်ကိုတို့က မြေမြန်သားတွေနဲ့တူတယ်"

"ဟုတ်တယ်၊ ခရီးထွက်လာကြတာ၊ ပုဂံဘက်ကိုသွားကြမှာ"

"အစ်ကိုရယ်... ဒီလောက်ခရီးကြမ်းကို ကားနဲ့သွားရ တယ် လို့"

"ဒါမှ မရောက်ဖူးတဲ့ဒေသကိုရောက်ဖူးမှာပေါ့ကွာ၊ မင်းတာ ဒီနယ်သားဆိုတော့ နယ်မြေအခြေအနေ ဘယ်လိုရှိလဲ"

"အရင်ထက်တော့ ငြိမ်းချမ်းနေပါပြီ၊ သောင်းကျန်းနေ တာ ဘလူးနိုင်ဆိုတဲ့ လူမိုက်တစ်ကောင်ပဲရှိတယ်၊ လူသတ်မှုနဲ့ ထောင်က ထွက်ပြီး သူ့ကိုယ်သူ လူမိုက်ကြီးလုပ်စားနေတာ"

"ဘလူးနိုင်...ဘလူးနိုင်"

နဒီရှိုင်းကို စိန်ခေါ်သည့်သူသည် ဘလူးနိုင်ပင်ဖြစ်နေ မလား။

"အလကားကောင်ပါ အစ်ကိုရာ၊ လူသတ်မှုဖြစ်ရတာ လည်း သတ္တိရှိလို့မဟုတ်ဘူး၊ သူများမယားကြာကူလီရိုက်တာ လင်ကြီးက မိသွားတော့ကို ကြောက်အားလန့်အားနဲ့ ခုခံရင်း ဟို လူက အိမ်ပေါ်





က ပြုတ်ကျပြီးအောက်က အုတ်ခဲနဲ့ရိုက်မိပြီး သေသွားတာ၊ ဒါကို အဟုတ်ကြီး ဘဝင်ကိုင်နေတာ၊ ခုလည်းအုပ်စုနဲ့ လူမိုက်လုပ်နေတာ၊ တစ်ယောက်တည်း သတ္တိရှိတဲ့ကောင်မဟုတ်ဘူး"

"ဒီရေ...သွားကြမယ်ဟေ့"

"ဟုတ်ကဲ့"

ကိုရိုးတာက လှမ်းပြီးအော်လိုက်သောကြောင့် ကားပေါ်သို့ တက်ကာမောင်းထွက်လာခဲ့သည်။

"ဒါဆို နာမည်က ဘယ်လိုခေါ်လဲ"

"မီးတော်လို့ခေါ်ပါတယ်"

"ဘလူးနိုင်တို့အုပ်စုမှာ သေနတ်တွေဘာတွေ ကိုင်တတ် လား"

"ဒီကောင်တွေ ဒီလောက်အဆင့်မရှိဘူးဟို့နေကာတော်င ကျွန်တော့်ရွာက ဦးစံထူးသာဆီမှာ လုပ်သေနတ်တွေ လာပြီးငှား သွားတယ်၊ ဘာလုပ်ဖို့လဲတော့မသိ"

"လုပ်သေနတ်ဆိုတော့ ပစ်လို့ရမှာပေါ့"

"ဘယ်ကလာ ရရမှာလဲအစ်ကိုရဲ့ ရွာကကွယ်ရေးအတွက် အဟန့်အတားလုပ်ထားတာ၊ အသံတော့ထွက်တယ်၊ ကျည်ကတော့ မထွက်ဘူး၊ သေနတ်အစစ်တွေနဲ့ ခွဲမရအောင် တူတယ်"

"ဦးစံထူးသာက ဘာလို့ငှားလိုက်ရတာလဲ"

www.burmeseclassic.com



"ဦးစံထွေးသဲ့နဲ့ ဘလူးနိုင်က ဦးလေးနဲ့တူလေ၊ ပြီးတော့ ဘလူးနိုင်ဒီသေနတ်တွေနဲ့ ပေါက်ကရတော့ မလုပ်ရဲဘူး။ လုပ်တာနဲ့ ဦးစံထားသာသိရင် သေဖို့သာမြင်ထား။ ပထမ တစ်ခါ ဘလူးနိုင်ကို ထောင်ထဲပို့ခဲ့တာ သူကိုယ်တိုင်ပဲ"

"ဝုန်း..."

"ဟင်..."

"အမေ့..."

ကုန်ကားကြီးရှေ့ဘက်မှာ သစ်ပင်ကြီးတစ်ပင်လဲကျပြီး ကား လမ်းပိတ်သွားသည်။ ကိုဖိုးတာတို့ကား ပေါ်မှထင်းခဲ့ကြသလို နဒီရှိုင်း တို့လည်း ကားပေါ်မှထင်းခဲ့ကြပြီး သစ်ပင်ကြီး ကိုစူးစိုက်ကြည့်ရှိန်တွင်

"တစ်ယောက်မှမလှုပ်နဲ့နော်"

"ဟာ..."

လက်နက်ကိုယ်စီကိုင်ဆောင်ထားသည့် လူ(၁၀)ယောက် ခန့် လမ်းဘေးမှထွက်လာကြသည်။ ထိုအုပ်စုကို ခေါင်းဆောင် လုပ်သူအပါအဝင်အားလုံးမျက်နှာများတွင် အဝတ်စည်းထားကြ သည်။

"ဘာလဲ ဓားပြတိုက်တာလား"

"ဟုတ်တယ်၊ လူဓားပြတိုက်တာ။ မင်းတို့ထဲက ပန်းမှုံကြာနွယ် ကိုထားပြီး ကျန်တဲ့သူတွေပြန်လို့ရတယ်"





"မင်းစကားက သိပ်ပြီးလွယ်နေပါလား ဘလူးနိုင်"

"ဘာ...ဘာကွ...မင်း...မင်း...ငါ့နာမည်ကိုသိတယ်"

နဒီရှိုင်း စပ်တည်တည်နဲ့ခေါ်လိုက်သည့်ကို ဘလူးနိုင် ဟန် မဆောင်နိုင်ဘဲ ဝန်ခံသလိုဖြစ်သွားသည်။

"ဒီကောင်တွေ အားလုံးကိုဖမ်းမှရမယ်၊ လက်မြောက် စမ်း၊ တိုကောင် ခါးတော်ပါဖမ်းခဲ့ကွာ"

"ဟားဟားဟား...မင်းတို့က တယ်ပြီးဟုတ်ပါလားကွ၊ ကိုင် ထားတဲ့သေနတ်တွေက အစ်ထဲမှာဘုံးအဲ့ရသေနတ်တွေနဲ့ မြိမ်း မြောက်ရတယ်လို့ ပစ်လို့ရရင် ပစ်လိုက်လေ"

"ငါ ပစ်လိုက်ရရင် သေတော့မယ်၊ ဝင်ပြီးဆွဲခေါ်ကွာ"

ဘလူးနိုင် အမိန့်ပေးလိုက်သည်နှင့် နောက်လိုက်ဓားပြ များက နဒီရှိုင်းတို့အုပ်စုထဲ ပြေးပြီးဝင်ကြတော့သည်။ ကိုဖိုးတာ တို့ (၂)ယောက်နှင့် နဒီရှိုင်းတို့ (၂)ယောက်၏ လက်ချည်ကို ဘယ်လိုမှ မထုဥ်နိုင်ဘဲ တစ်ယောက်ပြီးတစ်ယောက် မှောက်သည့်သူက မှောက်၊ ပြေးသည့်လူက ပြေးခဲ့ကြသည်။ ကျန်နေသည်က ဘလူးနိုင်..

"ဘလူးနိုင်...ဘယ်လိုလဲ"

"သေနတ်နဲ့သတ်လို့မရရင် ဓားနဲ့သတ်မယ်"

"ဒီ...ငါရှင်းမယ်"

"နေနေ...ကိုဖိုးတာ၊ ကျွန်တော်ပဲရှင်းမယ်၊ ဒေါသကနေပြည့်ခန့်"



www.burmeseclassic.com

www.burmeseclassic.com



ဘလူမြိုင်နှင့် နဒီရိုင်း မျက်နှာချင်းဆိုင်တိုက်ခိုက်ဖို့ပြင်ချိန်တွင် ကားတစ်စီးမောင်းလာပြီး ရပ်လိုက်သည်။ ကားပေါ်မှ လူ(၂)ယောက်ဆင်းလာသည်။ လက်ထဲမှာလည်း သေနတ် ကိုယ်စီနှင့် ဘယ်သူဘယ်ဝါဆိုတာတော့မသိ။

"ဒီသေနတ်တွေက ပစ်ရင်သေတယ်နော်၊ အေးအေးဆေးဆေး ပန်းမှုခြာနွယ်ကိုထည့်လိုက်ပါ"

"ငါ့ကိုအရင်ရအောင် သတ်လိုက်"

"မင်းကိုသတ်ပြီးမှ ခေါ်ရမယ်ဆိုတော့လည်း သတ် ပြီးခေါ်တာပေါ့ကွဲ..."

"ရှိုး...ခြောင်း...ဒိန်း"

သေနတ်ကျည်ဆံမှာ နဒီရိုင်းထံသို့ရောက်မလာခင် သေးဘက်သို့ ထွက်သွားခြင်းနှင့်အတူ သေနတ်သမား ပခုံးစွန်းတွင် ကြီးစိုက်ဝင်နေသည်။

"တစ်ယောက်မှ မလှုပ်နဲ့၊ ဟိုသေနတ်ကိုင်ထားတဲ့ ကောင် သေနတ်ချပစ်။ မချရင်တော့ ငါ့ကို အဆိုးမဆိုနဲ့"

"ဟာ...ဦး...လေး...စံထူးသာ"

"ရွေးမသား မင်းပါးစပ်ပိတ်ထား"

ဦးစံထူးသာနှင့် ရွာမှ လူငယ်တွေ တားလာ်နက်ကိုယ်စီ ဖြင့် ရောက်လာကြသည်။





ဘလူးနိုင်အပါအဝင် ကားနှင့်ရောက်လာသော လူ(၂)ယောက်ပါ ဘာမှမတတ်နိုင်တော့ဘဲ အဖိခံလိုက်ရသည်။

"တော်သေးတာပေါ့ကွာ၊ ငါသတင်းရရချင်း လူစုပြီး လိုက်ခဲ့လို့၊ ငါတို့ပြောတော့ လုံခြုံရေးကင်းလှည့်ချင်လို့တဲ့၊ စုတော့ ပေါက်ကရလုပ်တဲ့ကောင်၊ မနက်အရှုပ်ထဲသွားဖို့ပြင်ထား"

"ဦးလေး...ကျွန်တော်...ကျွန်တော်..."

"ဘာမှစကားမရှည်နဲ့၊ မောင်ရင်တို့ကိုတောင်းပန်ပါ တယ်ကွယ်၊ ဥပဒေအတိုင်း ဆောင်ရွက်ပေးပါ့မယ်"

"ဦးလေးကောင်းသလို စီစဉ်လိုက်ပါ။ ကျွန်တော်တို့ က ခရီး ဝေးသွားရမှာဆိုတော့ ဆက်ပြီးသွားတော့မယ်"

"ကောင်းပြီကွယ်၊ ခါးတော်ဘယ်လိုဖြစ်တာလဲ"

"ကားတစ်စီးနဲ့ပွတ်မိသွားတာကို ဒီကအစ်ကိုတွေက ကူညီပြီးခေါ်လာတာပါ"

"တဲ...တဲ...ငါတို့နဲ့ပဲ လိုက်ခဲ့တော့"

ခါးတော်ကို ဦးစံထူးသာ လက်ထဲအပ်ခဲ့ပြီး ခရီးဆက် ပြီး ထွက်ခဲ့ကြပြန်၏။

"နဒီရိုင်းနဲ့ခဲ့သမျှထဲမှာ စုပွဲက ခပ်ညှံ့ညှံ့ပဲ"

"ခပ်ညှံ့ညှံ့မလုပ်နဲ့၊ ဦးစံထူးသာတို့သာ အရောက်မမြန်ရင် အခြေအနေတစ်မျိုးပြောင်းသွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



"အြာမြင့် ဘယ်လိုမှနေလို့မရအောင် အသက်ရှုတွေပါ ရပ်နေတယ်"

"ဘာလို့လဲအြာ"

"ဘာဖြစ်ရမှာလဲ..ဟိုသေနတ်သမားတွေက ဒီကိုလှမ်းပြီး ပစ်ဖို့ရိန်တော့ ကျည်ဆံလုံးတွေထဲဖြာသွားတာပဲ"

"ကိုယ်သေသွားရင် ဘယ်လိုလုပ်မလဲ"

"ဒင်းကိုရအောင်ပြန်ပြီးသတ်မယ်"

"မင်းအစ်ကိုကလည်း လက်ရည်ကောင်းမှကောင်းပဲ"

"ကရာတေးခါးပါတ်နက်ဆိုတော့ ဒီလောက်တော့ရှိမှာ ပေါ့ကွာ"

"အြာမသိလို့မေးပါဦးမယ်"

"မေးလေ"

"ဒီကျတော့ရော ခါးပတ်ဘာအရောင်လဲ"

"ဘာအရောင်မှမရှိဘူး၊ငယ်ငယ်ထဲက ရန်ပွဲတွေများ စွာကို ကြုံတွေ့ခဲ့တဲ့အတွေ့အကြုံနဲ့လေ၊ ဘာလဲ သိုင်းမတတ်ဘူး ဆိုတော့ အားမကိုးချင်တော့ဘူးပေါ့"

"ဒီ..နော်.. ရန်စကားမပြောနဲ့၊ ဟွန်း..တစ်သက်လုံး အား ကိုးချင်လို့ချစ်သူအဖြစ်ရင်ထဲကအသိအမှတ်ပြုထားတာ ပေါ့ရှင်"

ညနေခင်းလေပြေလေးနှင့်အတူ အနောက်ဘက်တောင်





တန်းကြီးတွေထိမှာနေဝန်းနီနီကြီးက ဝင်လုလုကြောင့်သည်းဆော ကိုခန်းမှိုကားချပ်ကြီးသဖွယ်တွေမြင်နေရလေသည်။

"ဒီ..ပုဂံကိုရောက်ဖို့ လိုသေးလား"

"နောက်တစ်နေ့တော့ဆိုရင်တော့ ရောက်တော့မှာပါ"

"ဒီညရော ဘယ်မှာအိပ်မှာလဲ"

"မြို့ထဲရောက်မှ အိပ်ကြမယ်၊ ခုရောက်မယ့်မြို့ကလေး က သိပ်ပြီးကြီးကြီးကျယ်ကျယ်မြို့တော့မဟုတ်ဘူးနော်၊ တည်းခိုခန်းတွေ၊ ဟိုတယ်တွေ မရှိဘူး၊ ရိုးရိုးအိမ်ကလေးတွေနဲ့ ထမင်း ဆိုင်၊ အရက်ဆိုင်တွေတော့ရှိတယ်၊ ဘုန်းကြီးကျောင်းတစ်ခုခုမှာ အကူ အညီတောင်းပြီး အိပ်ကြတာပေါ့"

"ဒို့အစ်ကိုတွေရော"

"သူတို့က အိပ်ကြမှာမဟုတ်ဘူး၊ ခရီးဆက်မယ့်ပုံပဲအြာ"

မြို့လေးထဲဝင်တော့ အမှောင်ရိပ်ပင် ဝင်နေလေပြီဖြစ်သည်။ ထမင်းဆိုင်ရှေ့တွင် ကား(၂)စီးထိုးရပ်ပြီးနောက်

"ဒီ...မင်းတို့က ညအိပ်ဦးမှာလား"

"ဟုတ်တဲ့ကိုကိုတော"

"ငါတို့ကတော့ ထမင်းစားပြီးတာနဲ့ ခရီးဆက်ရမှာ၊ မနက်မိုးလင်းဆို တောင်ကြီးအရောက်မောင်းရမှာ၊ နောက်မှပြန်ဆုံ ကြ တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ"

ထမင်းဆိုင်လေးထဲတွင် ထမင်းအတူတူစားပြီး ကိုဖိုးတာတို့ကားက ဆက်ပြီးမောင်းထွက်သွားတော့သည်၊ နဒီရှိုင်းတာ ထမင်းဆိုင်ရှင်ဦးလေးကို ညအိပ်ဖို့အတွက် နေရာမေးကြည့် လိုက်သည်။

"ဘုန်းကြီးကျောင်းမှာအိပ်ချင်ရင်အိပ်၊ ဒါမှမဟုတ် လွတ်လွတ်လပ်လပ်အိပ်ချင်ရင် ခရေညီုအိမ်ကြီးမှာသွားပြီးအိပ် ကြပေါ့ကွယ်"

"သွားရမှာ ဝေးလား"

"သိပ်ပြီးမဝေးပါဘူး၊ မောင်ရင်တို့အိပ်ချင်ရင် ဦးဆိုင်က ကောင်လေးကိုထည့်ပေးလိုက်မယ်"

"ဟုတ်ကဲ့ အိပ်ချင်ပါတယ်ဦးလေး"

မိန်းကလေးတွေ ပါနေသောကြောင့် ရဟန်းသံဃာတွေနှင့်မသင့်လျော်သဖြင့် အိမ်ကိုသာ နဒီရှိုင်းရွေးချယ်လိုက်သည်။

ဆိုင်ရှင်ဦးလေးကြီးထည့်ပေးလိုက်သော ရှာတိတ်ကလေး နဒီရှိုင်းတို့ကား၌ ပါလာသော်လည်း မျက်နှာမကောင်း၊ တစ်ခုခုကို ကြောက်နေသည့်အသွင်...

"အစ်ကို..."

"ဘာလဲကွ"





"ကျွန်တော့်ကိုပြန်ပြီးပို့ပေးမှာလား"

"မင်းတစ်ယောက်တည်း မပြန်ရဲဘူးလား"

"မပြန်ရဲဘူး"

"ဟင်...ဘာဖြစ်လို့လဲ၊ ငါ့ယုံနယ်မြေပဲကွာ၊ ဓားပြတွေ လူဆိုးတွေ ရှိနေလို့လား"

"မရှိပါဘူး...ဟို...ဟို..."

ရှာတိတ်စကားမဆက်ဘဲနေသဖြင့်...

"ပြောမှာသာပြောစမ်းပါကွာ"

"ခုအစ်ကိုတို့တည်းမယ့်အိမ်က သရဲခြောက်တယ်"

"ဟာ..."

"အို..."

ပန်းမုခြာနွယ်နှင့် နန်းသင်းသင်းတို့မျက်နှာတွင် စိုးရိမ်ကြောက်ရွံ့မှုများ စိုးမိုးသွားသည်၊ နဒီရှိုင်းနှင့်ကျော်ဇိုလ်က သရဲဆိုရင် အယုံအကြည်မရှိကြသူများဖြစ်၍ စိုးရိမ်မှုမရှိ။

"တော်တော်ခြောက်တဲ့သရဲလား၊ မင်းကိုယ်တိုင် အခြောက်ခံဘူးလား"

"ဟင့်အင်း...သူများတွေပြောသံကြားဖူးတာ"

"ဒါနဲ့များကွာ၊ ကြောက်ရတယ်လို့၊ မင်းမပြန်ရဲရင် မနက်မှသာပြန်၊ ငါတို့နဲ့ညအိပ်ပေါ့ကွာ ဘာယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်းပြန်ရမယ့်အတူတူညပဲအိပ်တော့မယ်"

"ဒီမြို့မှာ လူမနေဘူးလား"

"နေတယ်အစ်ကို၊ ဒေါ်မိုးခမ်းဆိုတဲ့အဘွားကြီး၊ သူက မျက်လုံးမကောင်းဘူး"

"သူ့ကျတော့ သရဲမခြောက်ဘူးလား"

"ခြောက်လည်းတွေ့ဘာမှ သဲသဲကွဲကွဲမြင်တာမှမဟုတ် တာ။ ခြောက်တဲ့သရဲစိတ်ညစ်သွားမှာပေါ့၊ ရှေ့ကအိမ်ပဲအစ်ကို"

အိမ်ရှေ့တွင် ခရေပင်အိုကြီး(၂)ပင်ပေါက်ရောက်နေပြီး နှစ်ထပ်အိမ်ဟောင်းကြီးတစ်လုံးပင်ဖြစ်သည်။ ခြံဝန်းကြီးမှာ လွန်စွာကျယ်ဝန်းပြီးအမှောင်ထုတွင် ဘာကိုမှ သဲသဲကွဲကွဲမတွေ့ရ…။

နဒီရိုင်းတို့ကားသံကြောင့်မီးအိမ်ကြီးကိုဆွဲပြီး အဖွားကြီးထွက်လာသည်။

"အဖွားခမ်း"

"ဟော့…ဘယ်သူလဲကွဲ့"

"ကောင်လေးပါ… ဧည့်သည်တွေပါလာတယ်၊ ဒီမှာ ညအိပ်ချင်လို့တဲ့"

"အိပ်ရဲရင် အိပ်ပေါ့ကွယ်၊ အိမ်ပေါ်ကိုတက်ကြ"

ပန်းမှုခြာနွယ်နှင့်နန်းသင်းသင်း…နဒီရိုင်း လက်ဆောင်း လေးကိုအတင်းဆုပ်ကိုင်ပြီးအိမ်ပေါ်သို့တက်ခဲ့ကြသည်။





"ဒီ…"

"ခြာရယ်… ကိုယ်တစ်ယောက်လုံးပါနေတာတောင် ဘာလို့ကြောက်ရတာလဲ၊ သရဲမတာလို့ဘီလူးပဲလာလာ၊ ကိုယ် နဲ့တွေ့သွားစေရမယ်"

အိမ်ကြီးမှာ ရှေးဟောင်းလက်ရာများနှင့် သပ်သပ်ရပ် ရပ်လေးတွေ့ရှိရသည်။

"အခန်းထဲမှာအိပ်ချင်ရင် ဝင်ပြီးအိပ်ပါ၊ အပေါ်ထပ်က လှေ့ပြီးအောက်ထပ်အခန်းတွေမှာ ကြိုက်တဲ့အခန်းအိပ်ကြ၊ ဟိုဒီရှိရင်ပေါ်မှာ စောင်နဲ့ခေါင်းအုံးတွေရှိတယ်၊ ကောင်လေး မင်းပါ အိပ်မှာလား"

"ဟုတ်ကဲ့အဘွား…"

"မင်းလည်းသတ္တိကောင်းလာပြီပေါ့"

"မကောင်းပါဘူးအဘွား၊ တစ်ယောက်တည်း မပြန်ရဲလို့ ဒီမှာနဲ့ ဝင်ပြီးအိပ်ရမှာပါ"

"လူလေးတို့ ထမင်းစားပြီးပြီလား"

"ဟုတ်ကဲ့ ပြီးပါပြီ"

"ရေပြန်သောက်ကြလား"

"ဟုတ်ကဲ့ အဘွား"

"ခရီးပန်းလာပြီဆိုတော့ နားနားနေနေ နေကြကွယ်"

အဘွားအိုမှာ ဝေးနန်းရုံတွင် တင်ထားသော ရှေးဟောင်း ဓါး



www.burmeseclassic.com

www.burmeseclassic.com



ခွက်ကြီးထဲမှီးထွန်းညှိလိုက်သောကြောင့် တစ်အိမ်လုံး လင်း ထိန်သွားသည်။

နှစ်ရှိုင်းတို့ (၅)ယောက်အတွက် အိပ်ရာတွေ ခင်းကျင်းပြီး ပိုင်းရွှေတိုင်ရင်း နန်းသင်းသင်းဝယ်ယူလာခဲ့သော လက်ဖက် သုပ်စားနေကြသည်။

"အဘွားစမ်းလည်း သုံးဆောင်ပါဦး"

"စားကြပါကွယ်၊ အဘွားက မဝါးနိုင်တော့ပါဘူး"

"ဒါဆို အသားလေးကိုစားဖို့ သမီးလုပ်ပေးမယ်လေ"

"ကောင်းတာပေါ့ကွယ်၊ လက်ဖက်စားချင်တာကြာပြီ၊ ဘယ်သူမှ နိုင်းစရာမရှိတာနဲ့မစားရတာ၊ တောက ကလေးမလေး တွေကလည်း တစ်ပတ်မှာ တစ်ရက်လာ (၂)ရက်လာ ဆိုတော့ သေသေ ချာချာကို မနိုင်းရပါဘူး"

နန်းသင်းသင်း... ဒေါ်မိုးစမ်းအတွက် လက်ဖက်သားလေး သီးသန့်လုပ်ပေးပြီး အပြင်ဘက်ကွပ်ပျစ်လေးပေါ်တွင် စကားဝိုင်းဖွဲ့ပြီး ပြောနေကြသည်။

"အဘွား"

"ဘာလဲသမီး"

"စပ်စုတာတော့မဟုတ်ဘူးနော်၊ ဒီအိမ်ကြီး... အဘွားပိုင်အိမ်လားဟင်"





"အဘွားအိမ်တော့မဟုတ်ပါဘူး၊ ဒါပေမယ့် သခင်ကြီး တို့ မိသားစုမရှိတဲ့နောက်ပိုင်းတော့ အဘွားအိမ်လို့ပဲဆိုရမှာပေါ့၊ နောက် ထပ်ဆက်ခံမယ့်သူတွေမှ မရှိကြတော့တာ"

"သခင်ကြီးတွေက ဘယ်ကိုရောက်သွားကြလို့လဲ"

"အားလုံး သေဆုံးသွားကြပြီ၊ ဒီစံအိမ်ကြီးကို နောက်ဆုံး ဆက်ခံပြီးနေခဲ့တဲ့နန်းဒေဝီနဲ့မောင်ရှုပတို့(၂)ဦးလည်း ကံဆိုးခြင်းနဲ့ ဒီအိမ်ကြီးမှာ အမုန်းသတ်သွားခဲ့ကြတယ်၊ လူ တွေက သူတို့(၂)ဦး ကျွတ်လွတ်သေးလို့ ခြောက်နေတာလို့ ပြောနေကြတာပဲ၊ အဘွား ကတော့ တစ်ခါမှ မတွေ့ဖူးပါဘူးကွယ်၊ သူတို့ပြောလို့သာ ကြားနေရတာ"

"သူတို့(၂)ဦးက ဘယ်လိုရောဂါနဲ့သေသွားကြလို့လဲ"

"ဒီအကြောင်းတွေပြောရရင် သိပ်ပြီးရင်နာဖို့ကောင်းလှ ပါတယ်၊ လောဘရမ္မက်ကြီးတဲ့လူတစ်ယောက်ကြောင့် သေဆုံးခဲ့ရတာပါ၊ နန်းဒေဝီနဲ့မောင်ရှုပဟာ ဘဝချင်းမတူညီကြဘူး၊ နန်းဒေဝီဟာ တော် ဝင်စော်ဘွားမျိုးနွယ်ကပေါက်ဖွားပြီး၊ မောင်ရှုပဟာ သာမန်အရပ် သားတစ်ဦးပါ၊ ဘုရားပွဲတစ်ခုမှာ ဆုံခဲ့ရင်း တစ်ယောက်နဲ့တစ်ယောက် မေတ္တာရေစက်ကြောင့်ပဲ ဆို ရမလား၊ ချစ်သူတွေဖြစ်ခဲ့ကြတယ်၊ ဒါကို မိဘတွေက တစ်ဦးတည်းသော သမီးလေးကို သာမန်အရပ် သား တစ်ယောက် နဲ့ သဘောမတူနိုင်ဘူးဆိုပြီး ခွဲခိုင်းကြီးစား လေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မရပါဘူး၊ မူးစာ ပါလာကြတဲ့ချစ်သူတွေဆိုတော့ ကံကြမ္မာတ ေအာင်ပေးစားခဲ့ တယ်၊ နန်းဒေဝီဟာ သူ့ချစ်သူမောင်ရှပနောက်ကို လိုက်ပြေးသွားခဲ့တယ်၊ပထမတော့မိဘတွေက စိတ်နာပြီးပစ်ထား ကြပေမယ့်နောက်ဆုံးတော့ သခင်ကြီးတိမ်းပါးသွားပြီး သခင်မထ ယောက်တည်းကျန်တော့မှ သမီးနဲ့သမက်ကိုပြန်ရှာပြီး အိမ်ကြီး ခေါ်ထားခဲ့ကြတယ်၊ သခင်မလည်း သိပ်မကြာပါဘူး နလုံးရောဂါ ဆုံးပါးသွားတယ်၊ နန်းဒေဝီနဲ့မောင်ရှပ စံအိမ် ကြီးမှာ နေထိုင်ရင်း တစ်နေ့ဓားပြတစ်ဖွဲ့က ဓားပြဝင်တိုက်ခဲ့ကြတယ်၊ဒါကိုစံအိမ်ကြီး ဂေါ့ကျွန်တွေက ပြန်ပြီး ခုခံတဲ့အထဲမှာ မောင်ရှပလည်းပါခဲ့ရင်း ဓားပြတွေလက်ချက်နဲ့ သေဆုံးခဲ့တယ်"

"ဟင်…"

"နန်းဒေဝီဟာ သူ့သိပ်ချစ်တဲ့ခင်ပွန်းသည် သေဆုံးတာကို တွေ့ပြီး သွေးပျက်သွားခဲ့ရင်းက ရူးသွပ်ပြီး ခြံကြီးထဲက ကန်ကြီးထဲကို ခုန်ချပြီး သေဆုံးခဲ့ရတယ်ကွယ်"

"စိတ်မကောင်းစရာဘဲ အဘွားရယ်၊ ဖြစ်ပျက်ခဲ့တာ ဘယ် လောက်ကြာသွားပြီလဲ"

"အင်း…အဘွားအသက် (၂၀)လောက်ကဆိုတော့ ခု အဘွားအသက်(၇၀)ကျော်ပြီလေ၊နှစ်(၅၀)လောက်ရှိပြီ"

"သရဲခြောက်တယ်လို့ အဘွားကြားရတာရော ဘယ်





လောက်ကြာပြီလဲ"

"(၃)နှစ်လောက်ပဲရှိသေးတယ်"

"ဟင်…"

နဒီရိုင်းတို့အတွက် စဉ်းစားစရာတစ်ခုဖြစ်သွားသည်။

"အိမ်ကြီးထဲမှာ အဘွားရောဘာမှမတွေ့မိဘူးလား"

"အဘွားက မျက်လုံးမကောင်းတာလားမသိပါဘူးကွယ်၊ တစ်ခါတစ်ခါ ဟိုလိုလိုဒီလိုလို ပုံသဏ္ဌာန်တွေတော့ တွေ့မိ ပါတယ်၊ သရဲတစ္ဆေတော့ မဖြစ်နိုင်ဘူး၊ အဘွားမျက်လုံး မကောင်းလို့ပဲဖြစ် မယ်ထင်တယ်၊ အဘွားပြောနိုင်တာတစ်ခု တော့ရှိတယ်၊ နန်းဒေဝီနဲ့ မောင်ရှပ ခြောက်တာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊အဘွားဒီအိမ်ကြီး မှာနေခဲ့တာနှစ်တွေ မနည်းတော့ဘူး၊ သရဲခြောက်တယ်ဆိုတာ ခုမှကြားဖူးတာ၊ ခုလောက်ဆို သူတို့လည်း ကျွတ်လွတ်ပြီး တခြား ဘဝကို ရောက်နေ လောက်ပါပြီ၊ ဘယ်သူက ပါးစပ်ဆော့ပြီးပြော လိုက်သလဲမသိပါဘူးကွယ်"

"အဘွား…ဟိုနန်းဒေဝီတို့ဆုံးပါးသွားပြီး အဖိုးတန်ပစ္စည်းတွေ ဘာမှမကျန်ခဲ့ဘူးလားဟင်"

"ကျန်ခဲ့တာပေါ့ကွယ်၊ အဘွားရယ်၊ ဘဏ္ဍာထိန်း ဦးကျင်သောင်းရယ်က အိမ်ကြီးမှာနေထိုင်ခဲ့ကြတဲ့သူတွေကို ထိုက်သင့်သလောက်ခွဲဝေပေးပြီး သူတို့ဘဝတွေကိုတခြားမှာ ရာမှာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်စားသောက်နိုင်ဖို့အတွက်ပေါ့၊ ကျန်တဲ့ပစ္စည်းကို ငါးပုံပုံပြီး ခလေးပုံကို ဒီအိမ်ကြီးမှာ နေထိုင်ခဲ့ရင်း သေဆုံးသွားသူ တွေကို ရည်စူးပြီး ဘုရားကျောင်းကန်တွေ ဆောက်လုပ်လှူဒါန်း ခဲ့တယ်၊ ကျန်တဲ့ တစ်ပုံကို အဘွားနဲ့ဦးကျင်သောင်းတို့ယူခဲ့ပါ တယ်၊ အဘွားလည်းအိမ်ထောင်မပြုတော့ဘဲ ဒီအိမ်ကြီးမှာ အဘွားလည်း ခွေးလေးတို့ လင်မယားနဲ့နေထိုင်ပြီး ခြံလေးထဲမှာ ယာခင်းလေး စိုက်ပြီး ဘဝကို မရောင့်ရဲဟင်းတိမ်ပြီးနေထိုင်ခဲ့တာ ခုထိဆိုရမှာ ပေါ့ကွယ်၊ အခုအသက်အရွယ်ရလာပြီဆိုတော့ ဆွေမျိုးမကင်းတဲ့တူ တွေ၊ တူမတွေကို လွှဲပြောင်းပေးပြီး သူတို့ ပေးကမ်းတာလေးနဲ့ပဲ နေထိုင်တော့တယ်၊ ဘဝကူးမျှိန်ကန်း နေပြီမဟုတ်လား"

"အဘွားမရှိတော့ရင် ဒီအိမ်ကြီးကို ဘယ်လိုလုပ်မလဲ"

"သာသနာရေးဆိုင်ရာအဆောက်အဦအဖြစ် လှူဒါန်း ထား လိုက်ပြီလေ"

"ဒေါင်...ဒေါင်...ဒေါင်..."

ရှေးဟောင်းနာရီကြီးဆီမှ ည (၁၀း၀၀) နာရီတီတီကိုပြနေပြီ ဖြစ်သဖြင့်

"လူလေးတို့ အိပ်ကြတော့ကွယ်၊ မနက်ကျရင် ခရီး ဆက်ကြမှာမဟုတ်လား"

"ဟုတ်ကဲ့အဘွား"





"အဘွားလည်းအပေါ်ထပ်မှာတရားသွားပြီးထိုင်တော့မယ်"

အဘွားဒေါ်မိုးခမ်း ထွက်သွားပြီး အိပ်ခန်းဆီသို့ဝင်လာခဲ့ ကြသည်၊

ပန်းမှုခြာနွယ်နှင့် နန်းသင်းသင်းတို့က အလယ်တွင် အိပ်ပြီး ဘေးပြီး နဒီရှိုင်းနှင့် ကျော်ဇိုလ်အိပ်သည်၊ ကျော်ဇိုလ် ဘေးတွင် ရာဇိုတ်ကလေးလာစာပ်ပြီးအိပ်နေသည်၊

နဒီရှိုင်းစိတ်တွင် သရဲခြောက်မည်သောကိစ္စပေါ်မှာ သံသယဖြစ် နေမိသည်၊

"ဝူး...အူး...အူး..."

ခြံဝန်းထဲမှ ခွေးအူသံကြောင့် ပန်းမှုခြာနွယ် မျက်လုံး လေး ဖွင့်ပြီး နဒီရှိုင်းကိုကြည့်နေသည်၊

"ခြာ...အိပ်မပျော်ဘူးလား"

"ဟင့်အင်း...အိပ်ရတာ စိတ်ထဲမှာတစ်မျိုးဖြစ်နေလို့၊ ခွေး အူသံတွေက ကြက်သီးတောင်ထတယ်"

"ခြာရယ်...အိပ်အိပ်၊ ကိုယ်ဘေးမှာရှိနေတာပဲ"

"ဒေါက်...ဒေါက်...ဒေါက်..."

"ဟင်..."

အိမ်ကြီးအပေါ်ထပ်မှ ဆင်းလာသော ခြေသံပြင်းပြင်း ဖြစ် သောကြောင့် အဘွားမိုးခမ်းခြေသံတော့ မဖြစ်နိုင်ပေ၊



www.burmeseclassic.com

"ကျော်ဝိုလ်"

"နဒီ..ငါလည်းကြားတယ်"

"မင်းမှာ ဓာတ်မီးထုတ်ထားလား"

"အေး...လိုရမယ်ရဆိုပြီး ဓာတ်မီးအသင့်လုပ်ထားတာ"

နဒီရှိုင်း အိပ်နေရာမှထပြီး ထွန်းထားတဲ့ မီးအိမ်ကို မှုတ်လိုက်သဖြင့် အခန်းထဲမှာ အမှောင်ကျသွားသည်။ ပြီးမှ ကျော်ဝိုလ်ဆီက ဓာတ်မီးကိုလှမ်းယူပြီး အပြင်ခြေသံကို နားဆက် ပြီးစွင့်နေလိုက်သည်။ ခြေသံမှာပျောက်သွားပြီးညည်းသံလိုလိုကို ထပ်ပြီးကြားလိုက်ရပြန်၏။

"ဟီး...ဟီး...အီး...အီး..."

နဒီရှိုင်းခြေသံကို လုံ့စွာဖြင့်အခန်းဝဆီသို့လျှောက်သွားကာ ပိတ်ထားသော အခန်းတံခါးကိုအသံမကြားအောင် ဖွင့်ပြီး အိမ်ကြီးထဲသို့ မျက်လုံးကစားလိုက်စဉ် အနက်ရောင် မြွေလွှာကြီးကို မြုထားသောသဏ္ဍာန်တစ်ခုက အိမ်ကြီးပေါ်သို့ ပြန် ပြီးတက်လာ သွားနေပေမယ့် ပါးစပ်တွင် ဆေးလိပ်တိုက မီးတရဲရဲနှင့်တွေ့ရသောကြောင့် သရဲလုံးဝမဖြစ်နိုင်တော့ချေ။ ပိုပြီးခိုင်လုံသည်မှာ မီးသေသလိုဖြစ်သွားသောဆေးလိပ်ကိုမီးခြစ်ခြစ်ပြီး မီးညှိနေခြင်းကြောင့်ပင်...။

"နဒီ ဘာတွေ့လဲ"

"ဟိုမှာ သရဲ"





လှေကားထိပ်ပေါ်ရောက်မှ အောက်သို့ပြန်ပြီးဆင်းလာသည့်ခြေသံကိုကျယ်အောင် တမင်ဖိလျှောက်နေခြင်းပင်။

"ဒါတို့ကိုကြောက်အောင်လုပ်တဲ့သဘောပဲ"

"ဓာတ်မီးနဲ့ထိုးရင်ကောင်းမလား"

"ထိုးကြည့်လိုက်ကွာ"

"ရောက်"

ဓာတ်မီးလေး ဂ်ကိုနှိပ်ပြီးကြည့်လိုက်ရာ

"ဟင်..."

ဓာတ်မီးအလင်းရောင်ထိုးလိုက်သည့်အပေါ်ပိုင်းမှာ ဘာမျှမရှိတော့ဘဲ ကိုယ်တစ်ပိုင်းပြတ်ကြီးဖြစ်သွားတော့သည်။

"ကျော်ဝိုလ် ဓာတ်မီးပိတ်လိုက်"

ဓာတ်မီးပိတ်လိုက်ပြီး အခန်းတံခါးကိုပြန်ပြီးပိတ်လိုက် သည်။

"မင်းဘယ်လိုမြင်လဲ ကျော်ဝိုလ်"

"အံ့ဩစရာပဲ"

"ဘာမှ အံ့ဩစရာမဟုတ်ဘူး၊ ဒီနည်းက သိပ်ပြီးရိုးတာပဲ"

"ဘာနည်းလဲ နဒီ"

"တမ္ဘာကျော် မျက်လှည့်ဆရာတွေသုံးတဲ့ နည်းတစ်ခုပါကွာ၊ အလင်းရောင်ပြန်ပြီးပျောက်တဲ့ကိုယ်ပျောက်ပြကွက် တစ်ခုပါ"

www.burmeseclassic.com



"ငါ့သဘောပေါက်ပြီ၊ မင်းအလင်းရောင်ထိုးလိုက်တာနဲ့ တစ်ဖက်မှာ တပ်ဆင်ထားတဲ့အရာတွေက တန်ပြန်ပျောက်ကွယ်သွားတာပေါ့"

"ဟုတ်တယ်၊ သိပ္ပံနည်းကျကျလုပ်ထားတာ"

"ခုဘာဆက်ပြီးလုပ်မလဲ"

"ဒီကောင်ကို အပိဖမ်းရမှာပေါ့၊ မင်းဓာတ်မီးနဲ့ထိုးတုန်း ငါဝင်ပြီးဖမ်းမယ်"

"အိုကေ"

နဒီရှိုင်းတို့ကို ခြောက်သည့် သရဲအတုမှာ နဒီရှိုင်းတို့ ခြောက်လန့်ပြီဟု ထင်မှတ်ကာ လှေကားထိပ်တွင် ထိုင်နေလေသည်။

ကျော်ဗိုလ်မှဓာတ်မီးနဲ့ထိုးတော့မှ ကမန်းကတန်းမတ်တပ်ထပြီးရပ်ချိန်တွင် နဒီရှိုင်း ဝင်ပြီးလုံးထွေးကာ ကြမ်းပြင်တွင် တိုင်ပေါက်ရလိုက်သည်။

"ခုန်...အပလေး...ခါးကျိုးပါပြီဗျ"

"သရဲအသံက လူသံပါလားဟ"

"ဟုတ်ပါကွာ"

ကျော်ဗိုလ်အနီးကပ်ဓာတ်မီးနဲ့ထိုးပြီး မျက်နှာမှ ရောင်ခြည်မျက်နှာဖုံးကို ချွတ်လိုက်သည်။





"အားကျွတ်ကျွတ်...သေပါပြီဗျာ"

"မင်းက သရဲဆို ဘာလို့ညည်းရတာလဲကွ၊ နဒီရာထပ်ပြီးသေရှာသွားအောင် နောက်တစ်ချက်လောက် လုပ်ကြည့်ပါဦး"

"ဟာ...မ...မလုပ်ပါနဲ့ဆရာတို့ရယ်"

"ပြောစမ်း။ မင်းက ဘာသဘောနဲ့ သရဲယောင်ဆောင်ရတာလဲ"

"ကျွန်တော့်ကို ပိုက်ဆံပေးပြီးခိုင်းလို့ပါ၊ ဒီအိမ်ကြီးမှာ ဘယ်သူမှမလာရဲအောင်လုပ်ပေးရပါတယ်"

"ဘယ်သူခိုင်းတာလဲ"

"ဦးကျော်ခင်ဆိုတဲ့လူကြီးပါ၊ သူတို့ ဒီစံအိမ်ကြီးမှာ ရှေးဟောင်းရတနာတွေရှိတယ်ဆိုပြီး ဝင်ရှာကြတာကြာပြီ၊ ခုထိမတွေ့သေးဘူး"

"လူလေးတို့ ဘာဖြစ်နေကြတာလဲ"

"အဘွားရေ...ဒီမှာ သရဲမိထားပြီဗျ"

"ဟေ"

"အဘွားခမ်း...ကျွန်တော် ပဒေါင်းပါ၊ ကယ်ပါဦး"

"ပဒေါင်း...နင် သရဲယောင်ဆောင်တယ်ဆိုဟုတ်လား"

"ဟုတ်ပါတယ်အဘွားခမ်း၊ ဦးကျော်ခင်ခိုင်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်၊ ကျော်ခင်နိုင်းလို့ဟုတ်လား၊ ငါသိပြီ၊ ဒီအိမ်ကြီးမှာ ရတနာတွေ ကျန်သေးတယ်ဆိုပြီး သူက ဒီအကြံနဲ့လုပ်တာကိုး၊ မင်း...ကျော်ခင်ကိုပြောလိုက်၊ ဒီစံအိမ်ကြီးမှာ ရတနာဆိုလို့ပုလင်းကွဲတောင်မရှိတော့ဘူးလို့"

"ကျုပ် မယုံဘူး"

"ဟင်...ကျော်ခင်"

အိမ်ထဲသို့ လူ(၃)ယောက်လက်နက်ကိုယ်စီနဲ့ဝင်လာကြသည်။

"ဒေါ်မိုးဝေ၊ ခင်ဗျားအမှန်အတိုင်းမပြောရင် ကျုပ် မသတ်ဘူးနော်"

"နင်သတ်လိုက်လည်း ငါက ကြောက်မယ်များထင်နေသလား ကျော်ခင်၊ ငါ့အသက်အရွယ်က ဒီနေ့မနက်ဖြန် သေမင်းဆီကိုသွားရမှာ၊ သေရမှာကိုကြောက်စရာမရှိဘူး"

"ခင်ဗျားက ကောင်းကောင်းမွန်မွန်နဲ့ဘဝမကူးချင်တဲ့ သူပဲကြတယ်ကွာ၊ ဟေ့ကောင်တွေ၊ အဘွားကြီးကိုဆွဲခေါ်ခဲ့စမ်း"

နဒီရှိုင်းတို့မနေတော့သောဟေ၊

"ဘာမှမခံနိုင်တဲ့သူကို ဘာလို့အနိုင်ကျင့်ချင်တာလဲ"

"ဟေ့ကောင်၊ ရကိစ္စ မင်းတို့နဲ့မဆိုင်ဘူး။ ဝင်မရှုပ်နဲ့၊ ရှပ်ရှင်ငါ့သေနတ်က လူသိပ်ပြီးရွေးတာမဟုတ်ဘူး"





"သေရာရဲ့လား။ ဟုတ်မဟုတ်စမ်းကြည့်တာပေါ့...ရော့..."

"ဝိုး..."

နဒီရှိုင်း တုတ်ဘီးကို ဇေ့ရမ်း၍ အမှတ်မထင် ပစ်လိုက် ပြီး အမှောင်ထဲတွင်လှိမ့်ပြီး အနီးဆုံးတစ်ကောင်ကိုရှင်းလိုက် သည်။

ဦးကျော်ခင် အမှောင်ထဲမှာ သေနတ်နှင့်ချိန်ပြီးပစ်နေ သော ကြောင့် ကျော်ဗိုလ် ဒေါ်မိုးဝေကို ဆွဲပြီး ကြမ်းပြင်တွင် ဝပ်နေလိုက်ရသည်၊ ဦးကျော်ခင် တုတ်မီးထိုးပြီး ရှာဖို့ပြင် ချိန်တွင်

"ရှာမနေနဲ့ ကျုပ်ကဒီမှာ"

"ဖြောင်း...အင့်..."

ဦးကျော်ခင်လက်ကို ဆွဲချုပ်ပြီးနောက်မှ ရိုက်ချပြီးလိုက် သည်။

"ကျော်ဗိုလ်...တုတ်မီးထိုးလိုက်စမ်းကွာ"

ကျော်ဗိုလ်နားသို့တုတ်မီးကိုမြေဖြင့်ခတ်ပြီးပေးလိုက် သည်။

"ဟေ့ကောင်၊ ငပဲ...မင်း...မပစ်နဲ့ ငါ့ကိုထိမယ်"

သေနတ်ကိုင်ထားသောကောင်မှာ သေနတ်ကိုင်ပြီးဘာလုပ်ရမှန်းမသိဖြစ်နေသည်။

"မင်း...ဆရာ့အသက်ကိုမနေပြောရင်ပစ်လိုက်လေ"

နဒီရှိုင်း ကျော်ခင်ကို အကာအကွယ်ယူပြီး ဖြစ်နေသော ကြောင့်ပစ်လို့မရဘဲနေရာမှ၊ ကျော်ဗိုလ်ဘက်ကို သေနတ်ပြောင်းဝ



www.burmeseclassic.com

www.burmeseclassic.com



အရှည့်တွင်

"ရော့…လာပြီပေ့"

"မဖြစ်ဘူး…အင့်…

ကျော်ဝိုလ်က ခုန်ပြီးကန်ထည့်လိုက်သဖြင့် သေနတ် သမား နောက်သို့လှန်ကျသွားသည်။

"ဟင်…"

"ဟာ…"

ထိုအချိန်တွင် အိမ်ကြီးထဲသို့တပ်မီးအရောင်များစွာ ရောက်လာပြီး ရိုင်ဖယ်ဖွဲ့ဝင်များနှင့်ရပ်ကွက်လူကြီးတချို့ရောက် လာကြသည်။

အဘွားခမ်းက စခန်းမှူးကိုအကြောင်းစုံရှင်းပြလိုက် တော့မှ ကျော်ခင်တို့(၄)ယောက်ကိုလက်ထိတ်ခတ်လိုက်တော့ သည်။

"ဖိုးညီတို့ကိုကျေးဇူးတင်ရမှာပေါ့ကွာ"

"ရပါတယ် စခန်းမှူး"

"အစ်ကိုတို့လည်း ကိစ္စတစ်ခုနဲ့လာကြရင်း သေနတ် သံကြားတာနဲ့ဝင်လာခဲ့ကြရတာ၊ တော်သေးတာပေါ့ကွာ၊ ဘာ မှမဖြစ်ကြလို့၊ ခုမှ ရေစုံအိမ်ကြီးရဲ့သရဲဇာတ်လမ်းအဆုံး သတ်တော့တယ် ကဲကဲ…အေးအေးဆေးဆေးနားကြပါဗျာ"

"ဟုတ်ကဲ့"

ဦးကျော်ခင်တို့ကို သက်ဆိုင်ရာမှ ခေါ်ဆောင်သွားပြီး နောက်





ပန်းမြှာမှာယ်…နဲ့ရိုင်းတို့နဲ့ကျော်ရောက်လာပြီ

"ဒီ…ရင်တွေတုန်လိုက်ရတာ"

"ကိုယ်က ခြာတို့ကို စိုးရိမ်နေတာ၊ အခန်းမြင်တွက် လာရင် အမှောင်ထဲမှာ ဟိုလူကစွပ်ပြီးပစ်လို့ ထိသွားနိုင်တယ်"

"ခြာက ထွက်တော့မလို့၊ နန်းက အတင်းဆွဲထားပြီး အခန်း ထဲမှာ ဝပ်နေကြရတာ"

"ကြော်…"

"ဟူး…အဘွား ခုနက ကျော်ခင်ဆိုတဲ့လူကိုသိလား"

"သိတာပေါ့ကွယ်၊ အရင်က ဒီအိမ်ကြီးမှာ နေထိုင်ခဲ့တဲ့ သူပေါ့၊ ကျေးဇူးတရားမသိတတ်သူပါ၊ ရှယကယ်တင်ပြီး ခေါ်ထားတဲ့လူတစ်ယောက်လေ၊ သူတို့အတွက် ထိုက်သင့်တဲ့ ခံစားခွင့်ကိုပေးခဲ့ပြီးပြီ၊ ဒါကို လောဘတက်ပြီး အိမ်ကြီးထဲ မှာ ရတနာတွေရှိတယ်ထင်ပြီး လာရှာတာ၊ ဘယ်လိုလုပ်ရှိမှာလဲကွယ်၊ အားလုံးက လှူဒါန်းလိုက် တာပဲ"

"အဘွားက နန်းခေဒီတို့ရှိစဉ်က ဘာတာဝန်ယူရတာလဲ"

"အမှန်တိုင်းပြောရရင် အဘွားက နန်းခေဒီ ခိုင်းတာ လုပ်ရ တဲ့သူပါ၊ ဒါပေမယ့် နန်းခေဒီဟာ အဘွားကို သူ့ညီမလေးလိုပဲ သ ဘောထားပြီး အိမ်ကြီးရဲ့လူယုံအဖြစ်ထားခဲ့တာပါ၊ သူတို့ မရှိတဲ့ နောက် အဘွားအနေနဲ့ တစ်ကိုယ်ကောင်းစိတ်မွေးရင် ရှိနိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးတစ်ယောက်လိုနေလို့ရပါတယ်၊ အဘွားဒါတွေကိုမမက်ပါဘူး။ အိမ်ထောင်ပြုရင် ကောင်းတဲ့ ယောက်ျားဆိုရင် ကိစ္စမရှိဘူး။ လောဘရမ္မက်ကြီးထွားတဲ့သူ ဆိုရင် နန်းဒေဝီတို့ရဲ့ဥစ္စာနေတွေပေါ်မှာ မက်မောမှာစိုးလို့ အဘွား အိမ်ထောင်မပြုခဲ့တာပါ၊ နောက်ဆုံး ရေချနေတစ်ဦးနဲ့ တိုင်ပင်ပြီး ခွဲဝေပေးသင့်တာကိုပေး၊ လှူသင့်တာကိုလှူခဲ့တာ ပါ၊ ဒါဟာ သစ္စာတရားရဲ့သက်သေတစ်ခုပေါ့ကွယ်"

အဘွားမိုးခမ်း၏ စိတ်ဓာတ်ကို နဒီရှိင်းတို့လေးစားမိကြတော့သည်။

"လူလေးတို့ကြောင့်ခရေအိမ်ကြီးပေါ်မှာ ကြောက်ရွံ့နေမှုတွေ ကင်းဝေးသွားတာ အဘွားအတွက် ဝမ်းသာစရာပါပဲကွယ်၊ ဟိုအရင်ကဆို ဒီအိမ်ကြီးမှာ ရပ်ရေးရွာရေးကိစ္စတွေ လုပ်ကြလိုက်ကြနဲ့ သိပ်ပြီးပျော်ဖို့ကောင်းတာ၊ ကျော်ဒင်တို့ကြောင့် အိမ်ကြီးခြောက်ကပ်သွားရတာ၊ နောက်ဆို အိမ်ကြီးမှာ သာသာယာယာလေး ပြန်ပြီးဖြစ်တော့မှာပဲ၊ အဘွားရဲ့ နောက်ဆုံးချိန်လေးမှာ ပျော်ရွှင်စရာ၊ ကြည်နူးစရာတွေနဲ့ပဲအဲဆုံးသတ်ချင်တယ်ကွယ်၊ လူလေးတို့ကျေးဇူးကို မမေ့ပါဘူး၊ သွားပြီး အနားယူတော့"

"ဟုတ်ကဲ့...အဘွား"

ချစ်သူလက်ကလေးကို ဆွဲပြီး အခန်းထဲသို့ပြန်ပြီးဝင်လာခဲ့ကြတော့သည်။





"သရဲကိုကြောက်သေးလား"

"ဒီအနားမှာရှိနေသရွေ့ မကြောက်ဘူး..ရှင်ရေ.."

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ပုဂံဟိုတယ်သို့ ညနေ (၄း၀၀)နာရီထိုးလောက်မှ ရောက်ခဲ့ကြပြီး ရေချိုးသန့်စင်၊ ညစာစားချိန်ရောက်တော့ မိုးချုပ်လေသည်။

“ဒြာရေ..မနက်ဖြန်မှပဲ စပြီးလည်ကြမယ်၊ ဒီညတော့ ခရီးပန်းလာကြတော့ အိပ်ရေးဝအောင်သာအိပ်တော့၊ ခုလို မြို့ကြီးမှာတော့ ဒီကောင်တွေ ရဲရဲတင်းတင်း မလှုပ်ရှားရဲပါဘူး”

“ဘာလဲ...‘ဒီ’က အိပ်ချင်နေပြီလား”

“မအိပ်ချင်သေးပါဘူး... ဒြာဘယ်သွားချင်လို့လဲ”

“ဘယ်မှ မသွားချင်ပါဘူး၊ ဟိုရှေ့က ရေကန်လေးနား ထိုင်ချင်လို့”





“သွားပြီးထိုင်ရအောင်၊ ကျော်ဇိုလ် မင်းထို့ရော”

“မထိုင်တော့ဘူးကွာ၊ နန်းက ခေါင်းတွေမူးနေလို့တဲ့၊ ဒါလည်း ထမင်းစားပြီးတည်းက မျက်လုံးကိုစင်းလာတယ်၊ သွားပြီးအိပ်တော့မယ်”

“ကျော်ဇိုလ်...တစ်ခန်းသွားပြီးမနေနဲ့နော်”

“နဒီရယ်.. လက်မထပ်မချင်း ဘယ်တော့မှ စည်းမကျော်ဘူး”

ကျော်ဇိုလ်နှင့်နန်းသင်းသင်းတို့ အိပ်ခန်းဆီသို့ပြန်သွားချိန်တွင် နဒီရှိင်းတို့ ရေကူးကန်လေးဘေးဆီသို့လျှောက်လာခဲ့ကြသည်။

“ပုဂံမြေဟာ လွမ်းစရာမြေမို့လို့ ‘ဒြာ’ စာအုပ်တွေထဲမှာ ဖတ်ဖူးတယ်..ဟုတ်လား ‘ဒီ’”

“ဟုတ်တယ်ဒြာ၊ ပုဂံမြေရဲ့ ကြေကွဲစရာကောင်းတဲ့ ဇာတ်ဝင်လေးတွေ အများကြီးရှိခဲ့ဖူးတယ်”

“အရင်က အလွမ်းဆိုတာကို ‘ဒြာ’တကယ် ဘာမှမခံစားမိဘူး”

“ခုတော့ ခံစားမိပြီပေါ့”

“အင်း..ဟောဒီချစ်သူကို ချစ်မိမှ လွမ်းတတ်လာတာ”

“လွမ်းရအောင် ဒြာနဲ့ တစ်ရက်လေးတောင် ကိုယ်ခွဲမှ မသွားသေးဘဲ”



www.burmeseclassic.com

www.burmeseclassic.com



"တစ်ရက်မပြောနဲ့ တစ်စက္ကန့်လေးလောက်ခွဲသွားရင်တောင် ရင်ထဲမှာ နေလို့မတတ်ဘူး"

"ဒြာရယ်"

"ဒြာတွေးပြီး ရင်ထဲမှာ ဝမ်းနည်းရတာတွေရှိသေးတယ်"

"ဘာများလဲ ဒြာရဲ့"

"တကယ်လို့သာ 'ဒီ'နဲ့ဝေးကွာတာတွေ၊ ခွဲခွာရတာတွေဖြစ်ခဲ့ရင် ဒြာဘယ်လိုမှ နေလို့ရမှာမဟုတ်ဘူး၊ နန်းသေဝီလိုရှုးသွပ်ပြီး ကိုယ့်ကိုယ်ကို သတ်ပြီးသေတဲ့အထိများ ဖြစ်မလားမသိဘူးနော်"

"ဒြာရယ် နိမိတ်မရှိတာမပြောနဲ့၊ ကိုယ်တို့(၂)ယောက် ဘယ်သောခါမှ ခွဲမသွားစေရဘူးဆိုတာယုံ"

'ဒြာလည်း ဒီလိုပဲ တွေးထားပါတယ်၊ ဒါပေမယ့် ဒြာ သေားမှာ အန္တရာယ်တွေက ကပ်နေတော့ 'ဒီ'က ရင်ဆိုင်နေ ဘာလေ၊ တစ်ခုခုဖြစ်မှာ အရမ်းကြောက်နေတာ၊ ဖြစ်နိုင်ရင် ဒီအန္တရာယ်တွေနဲ့ အဝေးဆုံးကိုပြေးလိုက်ချင်ပါပြီ၊ 'ဒီ'ရယ် ဒီနဲ့မခွဲနိုင်ဘူး"

"ထွက်ပြေးမယ်ဆိုရင် ထွက်ပြေးလို့ရကာယ်ဒြာ၊ ဥပဒေ မဲ့အန္တရာယ်ပြုနေတဲ့သူတွေကိုကြောက်ရွံ့ပြီး ပြေးတယ် ဆိုတာ ကိုယ်က လက်မခံနိုင်ဘူး၊ ဒီကိစ္စကိုရအောင်ဖော်ထုတ်မှာ





အထူးသဖြင့် ဦးရာဇာဦး၊ ဒေါ်စောမြာလှိုင်တို့ရဲ့ ကောက်ကျစ်မှုတွေကို အဆုံးသတ်စေရမယ်"

"ဘာမှမဖြစ်ဘဲ အဆုံးသတ်ပါရစေလို့ပဲ ဒြာဆုတောင်းတယ်"

"ကဲ...ဒြာ..ရင်ကိုထိနိုက်မယ့်အကြောင်းတွေ စဉ်းစား ပြီးမနေနဲ့၊ အနိကာယ်မင်းအသက်ဆီကို ဇုန်းထက်ရဦးမယ်၊ ပုဂံကိုရောက်ပြီဆိုတာကို သူသိမှသက်ပြင်းချနိုင်မှာ"

"မနက်ကျမှပဲ ဆက်ပေါ့"

"အင်း..."

ပန်းမှုဒြာနွယ်နှင့် နဒီရှိုင်းတို့ မြက်ခင်းစိမ်းလေးပေါ်တွင် ထိုင်ရင်းပုဂံညခင်း၏လေအေးအေးလေးတွေကိုခံစားနေမိသည်။ ပန်းမှုဒြာနွယ်က နဒီရှိုင်း ပခုံးလေးကို မှီလျက်..

"မြန်ကြရအောင်ဒြာ... အိပ်ချင်နေပြီမဟုတ်လား"

"ဒီပခုံးထက်ပေါ်မှာ မှီပြီးအိပ်ချင်တာ"

"လေအေးတွေတိုက်လာပြီ ပြီးတော့ဒြာက လက်ပြတ်လေးနဲ့"

ပန်းမှုဒြာနွယ်ခါးလေးကို သိုင်းဖက်ပြီး မြက်ခင်းစိမ်း ပေါ်မှ အတူတူထခဲ့ကြပြီး ဟိုတယ်ထဲသို့ပြန်ပြီးဝင်ခဲ့စဉ်

"ဒီက ကိုနဒီရှိုင်းဆိုတာလား"

"ဟုတ်ပါတယ် ဘာဖြစ်လို့လဲ"

"ကိုနဒီရှိုင်းအမည်နဲ့ ဖုန်းဝင်လာလို့ပါ၊ ဘယ်သူဘယ်ဝါ ဆို

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်"

ဟိုတယ် ဝန်ထမ်းလေးနှင့်အတူ ဖုန်းထားရာဆီသို့ လာခဲ့ ရ မြန်၏

နဒီရှိန်းတို့ ပုဂံဟိုတယ်မှာ တည်းခိုသည်ကို နှောင် ယောင်စံ လိုက်ပြီးကြည့်၍သာသိနိုင်ပါသည်၊ ထိုလူတို့သည် ဦးရာဇာဦးနှင့် ဒေါ်စောမြလှိုင်တို့က လွှဲပြီးဘယ်သူမှ မဖြစ်နိုင်၊

"ကိုနဒီရှိန်း ဖုန်းခေါ်နေပါပြီ"

မြာကို ထိုင်ခုံလေးတွင် ထားခဲ့ပြီး ဖုန်းတိုကောက်ကိုင် လိုက် သည်၊

"ဟလို...နဒီရှိန်း စကားပြောနေပါတယ်"

"လေးစားပါတယ် နဒီရှိန်း"

ကြားလိုက်ရသည့်အသံက အမျိုးသမီးကြီးတစ်ဦး၏အသံ ကြောင့်

"ဒေါ်စောမြလှိုင်...ခင်ဗျားဘာပြောချင်သေးလို့လဲ"

"အယ်...မင်းက ငါ့အသံကိုမှတ်မိနေပါလား၊ ချီးကျူးစရာ တွေကတော့ထပ်ပြီးတိုးပြန်ပြီ"

"ခင်ဗျားစကားအပိုတွေပြောမနေနဲ့၊ မြိမ်းခြောက်တဲ့စကား တွေပြောမယ်ဆိုရင် ကျုပ်အချိန်ကုန်ခံပြီး နားမထောင်နိုင်ဘူး"

"မောင်နဒီရှိန်းနဲ့အေးအေးဆေးဆေး စကားပြောချင်တယ်"





"ခင်ဗျားနဲ့ကျုပ်ကြားမှာ အေးအေးဆေးဆေးစကားဆိုတာ ဘာမှမရှိဘူးထင်တယ်"

"သိပ်ပြီးရှိတာပေါ့ကွယ်၊ ဖုန်းထဲမှာ စကားတွေအကြာ ကြီးပြောလို့မကောင်းဘူး၊ တစ်ခုတော့ မမဘက်က စကားကတိ တစ်ခုပေးထားမယ်၊ မင်းချစ်သူကို မြူတစ်မှုံလောက်မှ မထိ ခိုက်စေရဘဲ အဆင်ပြေမယ့်ကိစ္စကိုစကားပြောမှာပါ၊ စိတ်ဝင် စားတယ်ဆိုရင် အာနန္ဒာဘုရားကို နံနက် (၁၀း၀၀)နာရီ အရောက်လာခဲ့ပါ"

"ခင်ဗျားထောင်ချောက်ထဲကို ခွဲပြီးခေါ်နေတာလား"

"ပုဂံနယ်မြေဟာ အမဲရောင်နယ်မြေမဟုတ်ပါဘူး၊ မမ တို့ဘက်က ဒီလောက်ထိ အာဏာပိုင်တွေကိုဒွေးတိုးမစမ်းရဲပါဘူး၊ မင်းနဲ့ တွေ့မယ့်နေရာက လူများစွာရှိတဲ့ × × × × × ဆိုင်ကလေး ထဲကွာ..."

ဒေါ်အေးမြလှိုင်ဖုန်းချသွားတော့သည်၊

"ဒီ...သူဘာတွေပြောသွားလဲ"

"ကိုယ်နဲ့စကားပြောချင်လို့တဲ့၊ ဘာလဲဆိုတာတော့ပြော မသွားဘူး"

"ကိုယ်သွားမှာလား"

"သွားမယ်ကြာ...ဒါမှ အဖြေသိရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်ဝိုလ်ကိုပါ ခေါ်သွားလေ"

"ခေါ်မသွားတော့ဘူး။ ဒြာတို့နဲ့ထားခဲ့ရမှာ၊ သူတို့ကိုယ့် ကို ဘာမှမလုပ်ရဲပါဘူး၊ ခုတွေ့မယ့်နေရာက လူစည်ကားတဲ့နေရာပါ"

"ဘယ်လိုဖြစ်ဖြစ်ဒင်းတို့က ကောက်ကျစ်စဉ်းလဲတဲ့ သူတွေ၊ "ဒီ"သတိတော့မလစ်စေနဲ့"

"စိတ်ချပါ ဒြာရယ်၊ မင်းချစ်သူဘာမှမဖြစ်စေရပါဘူး"

အပေါ်ထပ်အခန်းဆီသို့တက်လာကြပြီး "ဒြာ"ကို သူ့အခန်း တွင်ပို့ပြီးဘေးခန်းထဲသို့ဝင်တော့ ကျော်ဝိုလ်တစ်ယောက် နစ်မြုပ် စွာပင် အိပ်ပျော်နေသောကြောင့် မနိုးတော့ဘဲ ဘေးခုတင်တွင် ဝင်ပြီး လှဲချကာ မနက်သွားရမည့်ခရီးစဉ်အတွက် ကိုယ့်ဘက်က ပြင်ဆင် စရာတွေကိုပြင်ဆင်နိုင်ဖို့စဉ်းစားနေ မိတော့သည်။

နဒီရိုင်း—ပန်းမုဒြာနှယ်တို့ကိုစိတ်ချရသည့်နေရာ တစ်ခုတွင် ထားခဲ့ပြီး တစ်ယောက်တည်း ကားမောင်းထွက်ခဲ့သည်၊ ချိန်းဆို ထားသောနေရာသို့ရောက်သောအခါ အပြင် အခြေအနေကို အကဲ ခတ်ကြည့်တော့ သိပ်ပြီးထူးခြားမှုမရှိ၊ ဆိုင်လေးထဲတွင် နိုင်ငံခြား သားတချို့နှင့် ဘုရားဖူးခရီးသည်တချို့လောက်သာရှိပြီး ဆိုင်ကလေး မှာ စကားပြော၍ကောင်းသော ဆိုင်ကလေးပင်၊

"မောင်နဒီရိုင်း။ လာဟေ့"

ဒေါ်စောမြာလှိုင်က ထောင့်စွန်းစားပွဲဝိုင်းလေးမှ လှမ်းပြီးခေါ် လိုက်သည်၊ ဒေါ်စောမြာလှိုင်ဘေးတွင် မြန်မာပုံသဏ္ဍာန် နှင့်မြန်မာ တစ်ဦးဟု ထင်ရပေမယ့် နိုင်ငံခြားသားတစ်ဦးဖြစ်နေသည်ကိုတွေ့ လိုက်ရသည်၊



www.burmeseclassic.com

www.burmeseclassic.com



နဒီရှိန်းရုံလွှတ်တွင် ဝင်ထိုင်လိုက်သည်နှင့်

"မောင်နဒီရှိန်း ဘာသုံးဆောင်မလဲ"

"ကော်ဖီအေးတစ်ခွက်ဆိုရင် ရပါတယ်"

"ကြော်...တစ်ခါတည်းမိတ်ဆက်ပေးရဦးမယ်၊ သူက ထိုင်းလူမျိုး ချိုင်ဝှမ်လို့ခေါ်တယ်၊ မြန်မာစကားကို ကျွမ်းကျွမ်း ကျင်ကျင် ပြောတတ်တယ်"

"ဟုတ်ကဲ့ ကျွန်တော် နဒီရှိန်းပါ"

"ခေါ်လှိုင်ပြောပြလို့ မောင်ရင့်နာမည်ကို သိပြီးပါပြီ"

စားပွဲထိုးကလေး လာချပေးသော ကော်ဖီအေးကို သောက်ပြီး သူတို့ဘက်က ပြောလာမည့်စကားသံကို နားစွင့် နေသည်။

"ချိုင်ဝှမ်...ရှင်ပဲပြောပြလိုက်ပါ"

"မောင်ရင့်ကိုတွေ့ချင်တဲ့အကြောင်းကတော့ ပန်းမုဒြာနွယ် ကိစ္စပါပဲ"

"ကျွန်တော် သိပြီးပါပြီ"

"မောင်ရင် သိခဲ့တဲ့ ပုံစံကတစ်မျိုးဖြစ်နေမှာပါ၊ ပန်းမုဒြာနွယ် ကို အကြမ်းဖက်ပြီးခေါ်မယ်ဆိုတဲ့အမြင်ရှိနေမှာ ပေါ့"





"အကြမ်းဖက်ပြီးမှ မခေါ်ရင် တခြားဘယ်နည်းနဲ့မှ ခေါ်ခွင့်ရမှာမဟုတ်ဘူး။ အထူးသဖြင့် ငွေကြေးဥစ္စာတွေနဲ့ စည်း ရုံးရင် ကြိုးစားဝယ်"

"မောင်ရင့်ထက်ကျုပ်ကအကူအညီတောင်းချင်တာပါ"

"ဘာကိုလဲ"

"ပန်းမုဒြာနွယ်ကို ကျုပ်တို့နဲ့ စကားလေး ထည့်ပေးစေချင်ပါတယ်"

"ဘာ..."

"ချိုင်ဝှမ် ရှင်စကားကို ရှင်းအောင်ပြောပြမှ မောင် နဒီရှိန်းက သဘောပေါက်မှာပေါ့၊ ရှင်ဟာက သူဘယ်လိုလုပ်ပြီးပန်းမုဒြာနွယ်ကို ထည့်ပေးနိုင်မှာလဲ"

"မောင်ရင် သဘောပေါက်အောင် ကျုပ်အရင်ဆုံး ပန်းမုဒြာနွယ်နဲ့ပတ်သတ်တဲ့ ရာဇဝင်နောက်ကြောင်းကိုပြောပြမယ်၊ အတယ်တော့ ပန်းမုဒြာနွယ်ဟာ တိုင်းရင်းသူ စစ်စစ် မဟုတ်ဘူး။ ထိုင်းသွေးစပ်ပါတယ်၊ ထိုင်းသွေးဆိုပေမယ့် ပန်းမုဒြာနွယ်ဟာ တော်ဝင်နန်းမျိုးနွယ်တွေနဲ့ပတ်သက်တဲ့ အရှမ်းချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတစ်ဦးရဲ့ သမီးကြီးပါ၊ ရော့ ဒီမှာ ဓာတ်ပုံ"

ထိုင်းလူမျိုးတစ်ဦးနဲ့ တိုင်းရင်းသူတစ်ဦး (၂)နှစ်သား အရွယ်ကလေးငယ်တစ်ဦးကို ပွေ့ချီပြီး ရိုက်ထားသော ဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်၊

"သူဌေးအမည်က မောင်ချူးဝမ်လို့ခေါ်တယ်၊ သူ့ဇနီး ကသူ့ဇနီး၊ ကယားသူလေး ခင်စောရှင်၊ သူတို့လက်ပေါ်က ကလေးနှစ်ယောက်ကတော့ ပန်းမုဖြာနွယ်နဲ့ ဟောဝမ်လို့ခေါ်တယ်"

"ပန်းမုဖြာနွယ်ရဲ့မြန်မာပြည်က မိဘတွေကရော မိဘအရင်းတွေမဟုတ်ဘူးလား"

"မဟုတ်ဘူး မောင်ရင်၊ ခင်စောရှင်ရဲ့အစ်မ ပန်းမုဖြာနွယ်ရဲ့ အဒေါ်နဲ့ဦးလေးတွေပါ၊ သူတို့ဆီကို ပန်းမုဖြာနွယ်ရောက်ခဲ့ ရတာ သူဌေးကြီးမောင်ချူးဝမ်နဲ့ ခင်စောရှင်တို့ ကွဲကွာမှုကြောင့်လို့ ဆိုရမှာပေါ့၊ မောင်ချူးဝမ်ဟာ နောက်ထပ်ဇနီး တစ်ယောက်ကို ထပ်ပြီးယူချိန်မှာ ခင်စောရှင်က လက်မခံနိုင်ဘဲမြန်မာပြည်ကို သမီး (၂)ယောက်နဲ့ပြန်ဖို့ပြင်ခဲ့ရင်း မောင်ချူးဝမ်က တစ်ယောက်ကို ပဲယူခွင့်ပေးလို့ သမီးကြီး ပန်းမုဖြာနွယ်ကို ခေါ်ပြီးပြန်ခဲ့တာပါ၊ ခင်စောရှင် သူ့အစ်မဆီကို ရောက်ပြီး (၃)လအတွင်းမှာ အစာအိမ် ရောဂါနဲ့ဆုံးပါးသွားတယ်၊ ဒီနောက်တော့ပန်းမုဖြာနွယ်ကို သူတို့တစ်အမွေစား အမွေခံအဖြစ် မွေးစားလိုက်တယ်"

နဒီရိုင်း... ချိုင်ဝမ်ပြောသော အကြောင်းအရာပေါ်မှာ လေးလေးနက်နက် စဉ်းစားနေသည်၊

"ကျုပ်ပြောတဲ့အကြောင်းတွေက လုပ်ကြံတဲ့အကြောင်းအရာ





တွေမဟုတ်ဆိုတာ ဦးမင်းခေသာ်ကို မောင်ရင် မေးမြန်း နိုင်ပါတယ်"

"ဆက်ပြီးပြောကြည့်ပါဦး"

"နောက်တော့ ပန်းမုဖြာနွယ်ရဲ့ညီမ ဟောဝမ်ဟာ ကားတာချင်း မတော်တဆ တိုက်မိရာက ဆုံးပါးသွားခဲ့တယ်၊ ၉ သူဌေးမောင်ချူးဝမ်ရဲ့ကျန်းမာရေးက သိပ်ဆိုးပြီး နောက် ဆုံးအချိန်ကို ရောက်နေပြီဖြစ်လို့ သူ့သမီးကြီးကို အရမ်းတွေ့ချင်နေပါတယ်၊ ဒီအတွက်မောင်ရင့်ကိုအကူအညီတောင်းရတာပါ"

"ခင်ဗျားပြောတဲ့ စကားအရဆိုရင် သမီးဖြစ်သူက ဖခင် ဖြစ်သူရဲ့နောက်ဆုံးချိန်မှာသွားပြီးတွေ့သင့်ပါတယ်၊ ဒါပေမယ့် ဘာလို့ အတင်းအဓမ္မကြီး ဖမ်းဆီးဖို့ကြိုးစားရတာလဲ"

"ဒီကိစ္စတွေကို ကျုပ်မသိခဲ့ဘူး"

"မမတို့ မှားသွားခဲ့ပါတယ်၊ ဘာကြောင့် အတင်းအဓမ္မ ဖမ်းဆီးရသလဲဆိုရင်ဦးမင်းခေသာ်ကြောင့်ဆိုရမှာပေါ့၊ သူက ပန်းမုဖြာနွယ်ကိုသူ့ခင်းနဲ့ပြန်ပြီး ပတ်သက်တာကို ဘယ်လိုမှလက်မခံဘူး၊ အန်တီတို့လည်း အကြိမ်ကြိမ်စကားပြောပါတယ်၊ မရခဲ့ဘူး၊ ဒါကြောင့် အတင်းအဓမ္မအဆင့်ကို ရောက် ခဲ့ရတာပါ"

"ကောင်းပြီလေ၊ ကျွန်တော် ပန်းမုဖြာနွယ်နဲ့တိုင်ပင်ပြီး အကြောင်းပြန်ပါ့မယ်"

"မောင်နဒီရိုင်း နားရှုရင် ပန်းမုဖြာနွယ်တလက်ခံမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခုကိစ္စက သူ့ရဲ့ပုဂ္ဂိုလ်ရေးခံစားမှုကိစ္စ၊ ကျွန်တော် ဝင်ရောက်ပြီး စွက်ဖက်စရာမရှိပါဘူး၊ ဒါပေမယ့် သူတစ်ယောက်တည်းတော့ သွားခွင့်ပြုမှာမဟုတ်ဘူးဆိုတာတော့ ခုတည်းက ပြောထားပါရစေ"

"မောင်ရင့်ကိုပါ ဖိတ်ခေါ်ပါတယ်၊ မနက်ဖြန်ထိဘဲ ဝိတရှထားတာဆိုတော့ ဒီညနေ အခြေအနေသိရရင် ကောင်းမယ် မောင်ရင်"

"ခုပြန်တာနဲ့ ပန်းမှုန်အာနွယ်ကို ပြောပြမှာပါ၊ နောက် ထပ်ပြောစရာမရှိရင် ပြန်ခွင့်ပြုပါ"

"ကောင်းပါပြီ မောင်နဒီရှိန်း"

နဒီရှိန်း နှုတ်ဆက်ပြီး ပြန်ခဲ့ရင်း စိတ်ထဲမှာသံသယ ရှိနေခဲ့တာ အမှန်။

အန်ကယ်ဦးမင်းအောင်ထံသို့ အကြောင်းစုံမေးပြီးမှ ဆုံးဖြတ်ချက်ချသင့် [illegible]ဟု ထင်လိုက်သည်။ ပန်းမှုန်အာနွယ်ကို ထားခဲ့သောနေရာဆီသို့ရောက်တော့

"ဒီ…ဘာတွေပြောလိုက်လဲ"

"ပြောရမှာတော့ အရှည်ကြီးပဲ အာ… × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×"





နဒီရှိန်း အကြောင်းစုံကိုပြောပြလိုက်သည်။

"ဟုတ်မဟုတ်ဆိုတာ အန်ကယ်ဦးမင်းအောင်ကိုမေးမှ နိုင်မှာ"

"ဒါဆို "ဒီ" မေးကြည့်လိုက်လေ၊ ပြီးတော့ အန်ကယ် ဦးမင်းအောင်က ဘယ်လိုသဘောထားရှိလဲဆိုတာပါ သိရတာပေါ့"

"အင်း…"

ဦးမင်းအောင်ထံကို နဒီရှိန်းဖုန်းလှမ်းပြီး ဆက်လိုက်သော အခါ အိမ်မှာမရှိသေးသည်နှင့် သွားပြီးကြုံလေသည်။ ညနေ လောက် ပြန်ပြီးရောက်မယ်ဆိုသောကြောင့် သူတို့ဖုန်းလာ ဆက်ကြောင်းကို ပြောပြီး စောင့်နိုင်းထားလိုက်သည်။

"ဒီ…ခုဖုန်းကိုင်တာ ဘယ်သူလဲ"

"ဦးမဂ်…အာ…ကိုယ့်စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်"

"ဘာလို့လဲ ဒီ"

"ဦးမဂ် စကားအသံတွေက မမှန်ဘူး"

"ဟင်…"

"အန်ကယ် ဦးမင်းအောင် တစ်ခုခုများဖြစ်နေမလား"

"ညနေဆက်ကြည့်ရင်အခြေပေါ်မှာပဲ အန်ကယ်ဦးမင်းအောင်ကို လွယ်လွယ်နဲ့တော့ ဦးမဂ် မကောင်းကြံလို့မရပါဘူး"

"အာကိုယ်တိုင်ရော ချိုင်ဝှမ်ဆိုတဲ့သူ ပြောတဲ့စကားကို ယုံ

www.burmeseclassic.com



ကြည့်သလား"

"ဒြာ မပြောတတ်ဘူး၊ ဒြာကိုတစ်ခါတုန်းကအန်ကယ် ဦးမင်းခေါင်ပြောဖူးတယ်၊ ဒီတုန်းက "ဒြာ"က အန်ကယ် ဦးမင်းခေါင်ကို မေးခဲ့တယ်၊ ဒြာကို ဘာလို့ ခုလို လူတွေနဲ့ မထိ တွေ့ရအောင် ထားရတာလဲဆိုတော့ သမီးကို ပြန်ပြီးခေါ်ချင် တဲ့ရ တွေကရှိနေလို့တဲ့"

"သမီးကိုခေါ်ချင်တာ ဘယ်သူတွေလဲဆိုတော့၊ ဆက် ပြီး မပြောဘူးလေ၊ ဒီစကားနဲ့ ဆက်စပ်ကြည့်ရင် ဂျိုင်ဝုမ် ပြောသလို တစ်ဖက်နိုင်ငံကအစေက ပြန်ပြီးခေါ်ဖို့ ဦးရာဇာဦးကို နိုင်းစေခဲ့ တာလား"

"ဖြစ်လည်း ဖြစ်နိုင်တယ်၊ သေချာပေါက်တော့ ပြော လို့မ ရသေးဘူး၊ အန်ကယ်ဦးမင်းခေါင်ဆီက အကြောင်းသိရမှပဲ ဖြစ် မယ်လေ၊ ကဲ...အချိန်လေးရှိတုန်း နီးစပ်ရာဘုရားတွေ ဖူးကြ အောင်၊ ကျော်ဗိုလ်မြင်းလှည်းငှားလိုက်ကွာ၊ စိတ်ရှုပ်တွေးစရာတွေ မေ့ထားပြီး ပျော်ပျော်လေးသွားကြတာပေါ့"

"အိုကေ"

ကျော်ဗိုလ်မြင်းလှည်းငှားပြီး ပုဂံဘုရားတွေကိုလည်းပတ်ဖူး ကြသည်၊ ပန်းမုဒြာနွယ်စိတ်ထဲမှာ ကြည်လင်စေဖို့သာ နဒီရှိုင်းက ဆောင်ပြီး နေပေးနေပေမယ့် သူ့စိတ်ထဲမှာ အရမ်းကို ရှုပ်တွေးလေ





သည်၊

ပန်းမုဒြာနွယ်၏ အနွံ့ရာယ်ကို ရင်ဆိုင်ဖြေရှင်းဖို့စဉ်းစား ခဲ့သည်၊ ပန်းမုဒြာနွယ်ကတော့ တကယ်ပင် ဘာမှ စိတ်ထဲမှာ မထား ထားဘဲ သူ့လက်မောင်းလေးကိုဆွဲပြီး ပျော်ရွှင်နေလေ တော့သည်၊

မပျော်နိုင်သူက နဒီရှိုင်း...

"ဒီရေစိုက်ဆော့ပြီ...တစ်ရှုဝင်ပြီးစားကြရအောင်"

"မြင်းလှည်းဆရာ"

"ဗျာ...အာစရိ"

"ကျုပ်တို့ကို ပုဂံမှာထမင်းဟင်းကောင်းကောင်းစားလို့ရ တဲ့ဆိုင်ကိုပို့ပေးဗျာ"

"စိတ်ချ"

မြင်းလှည်းဆရာက ပုဂံရှခင်းတွေကို ငေးကြည့်၍ ကောင်း သည့် ထမင်းဆိုင်လေးရှေ့တွင်ရပ်ပေးလိုက်သည်၊

"ဒီဆိုင်လေးက ထမင်းအရသာတင်မကဘူး၊ ပုဂံရဲ့အလှကိုပါ ခံစားလို့ရတယ် အာစရိ"

"ခင်ဗျားပါ ဝင်ပြီးစားလေ"

"ကျေးဇူးတင်ပါတယ်ဆရာ၊ အိမ်က ဇနီးထည့်ပေးလိုက် တဲ့ထမင်းထက် ဘယ်အရသာမှ ရှိမှာမဟုတ်ဘူး၊ အာစရိတို့ပဲ စားကြပါ၊ မြင်းလှည်းကပဲ စောင့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြားလားဗြာ"

"ဘာလဲဒီ"

"မြင်းလှည်းဆရာပြောတာလေ"

"ဗြာက ထမင်းဟင်းမှ မချက်တတ်တာ"

"ဒါဆိုရင်တော့ ချစ်ဇနီးလက်ရာကို မစားရတော့ဘူးပေါ့"

"စားရစေမယ်၊ အိမ်ပြန်ရောက်တာနဲ့ ထမင်းဟင်းချက်တတ်အောင် နန်းဆီက သင်ပါ့မယ်ရှင်၊ ကျေနပ်ပြီလား"

"ဟုတ်ကဲ့"

ချစ်သူစုံတွဲနှစ်တွဲသည် ထမင်းဆိုင်လေးထဲသို့ဝင်ခဲ့ကြတော့သည်။

နဒီရှိုင်းတို့ ထမင်းဟင်းတွေမှာပြီး ထိုင်နေစဉ် ဆိုင်အပြင်ဘက်မှ ဓာတ်ပုံဆရာသူငယ်ချင်းကိုလှမ်းမြင်တွေ့လိုက်၍

"ခဏလေး...ကိုယ့်ကောင်တွေတွေ့တုန်း ရန်ကုန်က ဓာတ်ပုံပြိုင်ပွဲသတင်းမေးဦးမယ်"

နဒီရှိုင်းဆိုင်ပြင်ထွက်ပြီး ရပ်ထားသောမြင်းလှည်းဆီသို့မျက်လုံးရောက်သွားချိန်တွင်

"ဟင်..."

မြင်းလှည်းဆရာကိုလူ(၂)ယောက်စကားပြောနေသည်ကိုတွေ့သဖြင့် သစ်ပင်အကွယ်တွင် ဝင်လိုက်သည်။ နဒီရှိုင်း သူငယ်ချင်း





တ မြင်းလှည်းတစ်စီးပေါ်တက်သွားပြီးထွက်သွား ပြီဖြစ်သဖြင့် မမှီလိုက်ချေ။ နဒီရှိုင်းဆိုင်ထဲသို့နောက်ဘက်မှ ပတ်ပြီး ပြန်ဝင်လာခဲ့သည်။

"နဒီ...ဘယ်လိုဖြစ်ပြီးနောက်ဘက်က ဝင်လာတာလဲ"

"ကျော်ဇိုလ်...ငါတို့တော့ ပွဲတစ်ပွဲနွှဲရဦးမယ်ထင်တယ်"

"ဘာ...ဘာဖြစ်လို့လဲ"

"မြင်းလှည်းဆရာကို လူ(၂)ယောက် တစ်ခုခု ညှိနေ တယ်၊ ဘာလဲဆိုတာတော့မသိဘူး"

"ဒေါ်စတပြောလိုင်တို့ပြောတော့မနောင့်ယှက်တော့ဘူးဆို"

"သူတို့ဘက်က မရိုးဖြောင့်တဲ့သဘောပေါ့၊ ချိုင်ဂုမ် နဲ့ပတ်သက်ရင်မှ ပတ်သက်မှာ"

"ဒီဘယ်လိုလုပ်မလဲ"

"အခြေသိရအောင် မသိချင်ယောင်ဆောင်ပြီး မြင်းလှည်းဆက်ပြီးစီးတာပေါ့၊ ဒီနယ်မြေမှာ သေနတ်သုံးရဲတဲ့အထိတော့ မရှိနိုင်ဘူး"

"သေနတ်မပါလို့ကတော့အနည်းဆုံး(၃)ကောင်လောက်လောက်တော့ထိန်းထားလို့ရတယ်"

"ဒီ"

"စိတ်ချပြီးသာနေပါဗြာရယ်...ကဲ...စားစရာရှိတာစားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားသောက်ပြီး ခပ်အေးအေးပဲ ပြန်ပြီးထွက်ခဲ့ကြသည်။ မြင်းလှည်းဆရာကို အကဲခတ်တော့ မှုသိပ်ပြီးမှုန်ရှင်တော့။

"အာ...အာစရိတို့ ဘယ်ကိုဆက်သွားမလဲ"

"ခင်ဗျားပဲ နေရာစုံပို့ပေးမယ်ဆို၊ ကျုပ်တို့က ပုဂံကို တစ်ခေါက်မှ ရောက်ဘူးတာမဟုတ်ဘူး"

နဒီရှိန်းတမင်ပြောလိုက်ခြင်းသာ။ တတ်ပုံကိုစွနင့်ပုဂံမြေကို နဒီရှိန်း အကြိမ်ပေါင်းများစွာရောက်ဘူးခဲ့သည်။

"ခု...ခုသွားမယ့်ဘုရားက ပုဂံမှာရှေးအကျဆုံးဘုရားပဲဗျ"

"ဒါဆိုသွားလေ"

မြင်းလှည်းဆရာ စကားသံတွေက ထစ်ထစ်ငေါ့ငေါ့၊ မြင်းလှည်း ကလေးကို ခုန်းစိုင်းမောင်းထွက်လာပြီး နဒီရှိန်း နောက်ကိုကြည့်သော်လည်း လိုက်ပါလာသည့်သူမတွေ့သဖြင့် နေရာသတ်မှတ်ပြီး စောင့်နေမည့်အနေအထားကို သိလိုက်သည်။ မြင်းလှည်းဆရာ မောင်းလာသောနေရာက တကယ့်ကိုရှောင်အကျဆုံးနေရာပင်။

"ခင်ဗျားနေရာက လူပြတ်လှချည်လား"

"ဟုတ်တယ် အာစရိ၊ ဒီဘုရားကိုသွားကြတဲ့သူက နည်းတယ်၊ အာစရိတို့ကိုရောက်ဘူးစေချင်လို့ခေါ်လာတာ"

"ဘာစေတီလဲဗျ"





မြင်းလှည်းဆရာ သူ့ပါးစပ်ထဲရှိသည့်ဘုရားအမည်ကို ပြောလိုက်သည်နှင့်

"ခင်ဗျားမြင်းလှည်းကို ရပ်လိုက်"

"ဗျာ..."

"ရပ်ရင် ကျုပ်အဆိုးမဆိုနဲ့နော်"

"ဘာ...ဘာဖြစ်လို့လဲ အာစရိရယ်"

"ခင်ဗျားတို့က ပုဂံမြေပေါ်မှာ ရိုးရိုးသားသားမှ လုပ်ကိုင်စားချင်ကြတဲ့သူတွေပဲ၊ ခု ခင်ဗျားသွားတဲ့နေရာက ဘာစေတီမှ မရှိဘူး၊ ရှိတဲ့စေတီတွေက အုတ်ပုံတွေပဲရှိတယ်"

"ခင်ဗျာ"

မြင်းလှည်းဆရာ အံ့အားသင့်သွားသည်။

"ခင်ဗျားကို ဘယ်သူခိုင်းတာလဲပြော"

"ပြောပါ့မယ်ဗျာ၊ ကျွန်တော့်ကို လူမိုက်တောက်ထွန်းက ခိုင်းတာပါ၊ ဆရာတို့ကို ခေါ်လာပေးရမယ်တဲ့၊ မခေါ်ခဲ့ရင် ကျွန်တော့်မိန်းမနဲ့ သားလေးတို့ သတ်ပစ်မယ်ဆိုလို့ ခေါ်ခဲ့ရတာပါ၊ ရှိကြီးခိုးပါတယ်ဗျာ၊ ကျွန်တော့်ဘဝမှာ မဟုတ်တာတစ်ခါမှ မလုပ်ခဲ့ပါဘူးဟီး...အီး"

မြင်းလှည်းဆရာ ငိုယိုပြီးပြောသဖြင့်

"တောင်းပြီ...သူတို့က ဘယ်လိုခေါ်လာခိုင်းသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထနောင်းတောကိုပါ"

"ဝေးသေးလား"

"သိပ်မဝေးတော့ပါဘူး"

"ခြာနဲ့နန်းတာ ဟိုအိမ်မှာနေခဲ့ကြ၊ ကိုယ်တို့မသိဟန်ဆောင်ပြီး ထက်သွားမယ်"

အိမ်ကလေးထဲတွင် ပန်းမှုခြာနှယ်တို့ကို အပ်ထားခဲ့ပြီး မြင်းလှည်းဖြင့်ဆက်ပြီးထွက်လာခဲ့ကြသည်။

"ရောက်ပြီ အာစရိ"

မြင်းလှည်းကိုရပ်လိုက်သည်နှင့် ထနောင်းပင်တွေကြားထဲမှ လူ(၆)ယောက် ဓားကိုယ်စီဖြင့်ထွက်လာခဲ့ကြသည်။

"သံရောင်း...ဘယ်မှာလဲ"

"သူတို့ပဲ ဆရာ...ဆရာတို့ပဲ ခေါ်လာဆို"

"ဟာကွာ...ဒီကောင်တော့ နာတော့မှာပဲ"

"မင်းတို့က ဘယ်သူ့ကိုခေါ်လာနိုင်းတာလဲ၊ ငါတို့ကို မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ဟိုမိန်းကလေးကိုတွ"

"သူတို့ကိုခေါ်ချင်ရင် ငါတို့နဲ့တရင်းရှင်းလိုက်လေ၊ မင်းတို့သာ ရင် ခေါ်သွားပေါ့"

"ဘယ်မှာလဲ သူတို့က"





"သိချင်ရင် ငါတို့ကို အရင်ဆုံးမှောက်အောင်လုပ်"

"သိပ်ပြီးရတာပေါ့၊ ဟေ့ကောင်တွေ ဆော်စမ်းကွာ"

နဒီရှိုင်းနှင့်ကျော်ဗိုလ်တို့ဆီကို အပြေးဝင်ရောက်တိုက် ခိုက်ကြပေမယ့် သာမန်အဆင့်လောက်နဲ့လှုမိုက်လုပ်တားနေ သည့် သူတွေဆိုတော့ ထိရောက်မှု သိပ်ပြီးမရှိလှပေ။

"ခပ်ညံ့ညံ့ကောင်တွေပဲ၊ ရော့ ဒါ နူးကွ"

"ခုတ်...ဖြောင်း...အင့်"

နဒီရှိုင်းတို့ (၂)ယောက်သား လက်ရည်ညီစွာဖြင့် လူမိုက် (၅)ယောက်ကိုရောင်တိမ်းရင်း မြေပြင်ပေါ်တွင် သိပ်လိုက်ကြသည်။

နောက်ဆုံးတစ်ယောက်ကတော့ ပြေးပေါက်ရှာပြီး ပြေးဖို့မြင် နေသည်။

"ဒါမျိုးမရဘူးလေ"

"ဖြောင်း...အား...သေပါပြီ"

နဒီရှိုင်း ခြေဖြင့်စုန်ကန်လိုက်သည်နှင့် ကျော်ဗိုလ်က ရင် ဘတ်ကိုတက်ပြီးနင်းထားလိုက်သည်။

"မင်းကိုဘယ်သူနိုင်းတာလဲ"

"ဟို...ဟို...ဒေါ်...စော...မြာ...လှိုင်...ဆိုတဲ့ အမျိုးသမီးပါ၊ ချမ်း သာပေးပါဆရာတို့ရယ်"

"မင်းက မြင်းလှည်းဆရာကိုဒုက္ခပေးမှာသေချာတယ်၊ ဒီတော့

www.burmeseclassic.com



ရဲစခန်းကိုပို့ရမယ်"

"မ…မလုပ်ပါနဲ့ဗျာ၊ သံချောင်းကို တမင်ခြောက်လှန့်ပြီးပြောတာပါ။ ဘယ်သူက သူ့ဓနီနဲ့သားကိုသတ်ရဲမှာလဲ၊ ဒီလောက်ထိ သတ္တိမရှိပါဘူး"

"မင်းစကားမှသေချာလား"

"ကျိန်ပြီးပြောရဲပါတယ်၊ သံချောင်းက ကြောက်တတ်လို့ပြောတာပါ၊ သူ့ဓယောက်ဖ မိုးရင်ဆိုတဲ့ကောင်က သူ့ညီမကို ဒီစကားပြောတာကြားသွားရင်တော့ မလွယ်ပါဘူး"

"ကိုသံချောင်းဟုတ်လား"

"ဟုတ်တယ်အာစရိကျွန်တော်ကြောက်လန့်ပြီးဒါကိုမတွေးမိလိုက်တာပါ"

"ကဲ…သွားတော့"

တောက်ထွန်းကိုပြန်ပြီးလွှတ်လိုက်ကာ ပန်းမှုခြာနွယ် တို့ထံသို့ ချက်ချင်းပြန်လာခဲ့တော့သည်။



## အခန်း (၁၁)

နဒီရိုင်းတို့ ပုဂံတွင် လည်ပတ်၍ မပြီးသေးခင် လှိုင်ကော်သို့အမြန်ပြန်လာရန် အန်ကယ်ဦးမင်းခေါ်မှ ဖုန်း ဖြင့်အကြောင်းကြားသဖြင့် ခရီးကိုဖျက်၍ မိမိတို့ယူလာသော ကားကို ပုဂံတွင် ရှိသော နဒီရိုင်း မိတ်ဆွေအိမ်၌ အပ်နှံခဲ့ကာ လှိုင်ကော်သို့ ပုဂံမှ လေယာဉ်ဖြင့် အားရှင်းပြန်ခဲ့ရလေသည်။ လေယာဉ်ပေါ်တွင်

"မင်းဘယ်လိုထင်လဲ နဒီ…အန်ကယ်ဦးမင်းခေါ် ငါတို့ကို ချက်ချင်းပြန်လာခိုင်းတာ အရေးကြီးတဲ့ အကြောင်း တော့ရှိရမယ်"

"ရှိမယ် ကျော်ခိုလ်၊ ဖုန်းထဲက အန်ကယ်မင်းခေါ် စကားသံက တစ်ခုခုဖြစ်နေသလိုပြီးတော့ ငါဖုန်းထဲမှာ တခြားအသံတွေပါကြားနေရတယ်"

"အန်ကယ်တစ်ခုခုဖြစ်နေပြီလား "ဒီ""



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်စိတ်အထင်အရတော့ရှင် ဖြစ်နေလောက်ပြီ"

"ဘုရား...ဘုရား...ဘုရား...အန်ကယ်ဘာမှ မဖြစ်ပါစေနဲ့"

"သူတို့ အန်ကယ်ဦးမင်းသော်ကို ဓားစာခံလုပ်ပြီး ဖမ်းထား တာမျိုးလောက်ပဲ လုပ်ထားမှာပါ၊ သူတို့ အဓိကလိုချင်တာ "ဖြူ"ပဲ၊ "ဖြူ"နဲ့အပေးအယူလုပ်ချင်တဲ့ သဘောရှိတယ်"

"ဒါနဲ့ ချိန်ငှမ်းဆီ မင်းဖုန်းဆက်တာ ဘာထူးသေးလဲ"

"ချိန်ငှမ်း မရှိတော့ဘူးကွ"

"ဒီလူလည်း မရှိသားဘူးပေါ့"

"မဖြစ်နိုင်ဘူး၊ ဒါ ဟိုဒေါ်စောမြလှိုင် ဘယ်လို လုပ် လိုက် သလဲမှ မသိတာ"

"တစ်ခုခုတော့ လွဲချော်နေပြီ"

"သိပ်မကြာတော့ပါဘူး၊ ရှင်းသွားတော့မှာပါ"

လေယာဉ်ဆင်းဖို့ အချက်ပြမီးဖြစ်သောကြောင့် အသင့် ပြင်ထားရင်း စကားစဖြတ်လိုက်ကြသည်။

လေယာဉ်ဆိုက်ကပ်ပြီး လေယာဉ်ကွင်းထဲမှ အထွက် နဒီရှိုင်း ဖုန်းရှိသည့်နေရာကနေ သူငယ်ချင်းဖြစ်သူ ဇင်မျိုးလတ် ဆီသို့ ဖုန်းခေါ်လိုက်ပြီး အခြေအနေကို ပြောပြလိုက်သည်။

"နဒီ"

"ပြော ဇင်မျိုးလတ်"





"မင်းတို့ ပိုစံမပျက် အိမ်ကို သာသွားကြ၊ ငါတို့ နောက် တနေ့ စိစဉ်ပြီးလိုက်ခဲ့မယ်၊ ငါတို့လည်း ဦးရာဇာဦးနဲ့ ပတ်သက်ပြီး သတင်းနိုင်လှစွာရထားတာတွေ ရှိတယ်၊ ဒါပဲ နော်"

ဖုန်းချလိုက်ပြီး လေယာဉ်ကွင်းအငှားကားဘက် သို့ လျှောက်လာစဉ်

"ဝူး...ကျွီ..."

ထိုအချိန်တွင် နဒီရှိုင်းတို့ဘေးသို့ ကားတစ်စီးထိုးရပ် လာ သောကြောင့် ကြည့်လိုက်သောအခါ ဦးမင်္ဂ ဖြစ်နေ သည်ကိုတွေ့ လိုက်ရသည်။

"သမီးတို့ ပြန်လာမယ်ဆိုတာကို ဦးမင်းသော်ပြော ပြလို့ လာပြီးကြိုတာ၊ ကားပေါ်ကိုတက်လေ"

နဒီရှိုင်းတို့ မသိချင်ယောင်ဆောင်ကာပင် ကားပေါ် သို့ တက် လိုက်ကြသည်။

"သမီးလေး...ပျော်ခဲ့ရဲ့လား"

"ပျော်ခဲ့တယ် ဆိုပါတော့"

ပန်းမုံဖြူနွယ်က စကားပြတ်ပြတ်ပဲပြန်ပြောလိုက် သည်။

"ဒီက မောင်နဒီရှိုင်းကိုလည်း ကျေးဇူးတင်ပါတယ် ကွယ်"

"ဘာကိစ္စနဲ့များ ကျေးဇူးတင်ရတာလဲ"

"အန်တယ့်တူမလေးကို ခုလို စောင့်ရှောက်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



လို့ပါ"

"ဒါကတော့ဗျာ၊ သက်မတော်စောင့်လုပ်တာပဲ၊ တာဝန်ကျေရမှာပေါ့… ပွဲက မပြီးသေးဘူး၊ ပွဲဆုံးမှ ကျေးဇူးတင်"

"ပွဲက မပြီးသေးဘူးလား"

"ဒီနေ့တော့ ဇာတ်သိမ်းမယ်ထင်တာပဲ"

"မောင်နဒီရိုင်း စကားကို နားသိပ်ပြီးမရှင်းဘူး"

"အိမ်ရောက်တော့ ရှင်းသွားမှာပေါ့ဗျာ"

မြဝန်းရှေ့သို့ရောက်၍ ကားဟွန်းသံပေးလိုက်ပြီး ခြံတံခါးကို လာပြီးဖွင့်ပေးသူက တခြားလူတစ်ယောက်ဖြစ်နေ သည်ကို မြင်ကတည်းက အိမ်ကြီးထဲတွင် အန္တရာယ်တွေ ရောက်နေပြီဆိုသည်ကို ရိပ်မိလိုက်သည်။

ကားထိုးရပ်လိုက်သည်နှင့် လူ(၄)ယောက်က သေနတ်ကိုယ်စီနှင့်ချိန်ပြီး

"ဟဲဟဲ… အိမ်ထဲကိုအေးအေးဆေးဆေးဝင်နော်၊ ဒီနေရာမှာ မြေလျှိုးမိုင်းပုံတာတစ်ရင်တော့ရမယ်၊ သေနတ် တွေထိပ်မှာ အသံတိတ်တပ်ထားတာ၊ မြင်တယ်နော်"

ဦးမဂ်ိကာ ခပ်တေ့တေ့လေးပြုံးပြီး နဒီရိုင်း နားထင်ကို သေနတ်နှင့်တေ့ပြီး အိမ်ထဲသို့ခေါ်လာလေသည်။

"သမီး…"





"အန်ကယ်…"

"ဟားဟားဟား… ခုမှပဲ ပွဲကသိမ်းတော့တယ်ဟေ့"

ဦးရာဇာဦးက ဦးမင်းခေသာ်ဘေးတွင်ရပ်ပြီး ရယ်မောနေလေသည်။

"ဦးမဂ်ိ ခင်ဗျား သိပ်ပြီးတော်တယ်ဗျာ၊ ဦးမင်းခေသာ် ကို အကိုက်ဖမ်းပြီး ဖမ်းပေးနိုင်တာကို ချီးကျူးပါတယ်"

"ပါးစပ်က ချီးကျူးရုံနဲ့မရဘူးလေ၊ အရေးကြီးတာ ကျုပ်အတွက် ရသင့်ရထိုက်တာကိုလည်းလုပ်ဦး"

"ရစေရမှာပေါ့ဗျာ၊ ခုဒီမှာရှိတဲ့ အိမ်တွေ၊ စီးပွားရေး လုပ်ငန်းတွေကို ခင်ဗျားရရစေကျွန်ုပ်ပေါ့၊ ဦးမင်းခေသာ်ကို ရှင်းလိုက်ပြီး နယ်မြေခြားနှယ်တို့ ထိုင်းဘက်ခေါ်သွားရင် ပွဲက ပြီးသွားပြီ"

"ဟိုဟာမှာလည်း ပါးစပ်ပါတယ်လေ"

"ဒီအတွက်မပူပါနဲ့၊ ဟိုမှာ သေတော့မယ့်လူရှေ့မှာ မျက်နှာလာပြီးတာနဲ့ သူ့ကိုပါ ရှင်းမှာပါ"

"တောက်… မင်းတို့ လူယုတ်မာတွေပဲ"

"ဒီလိုမပြောနဲ့လေ ဦးမင်းခေသာ်၊ ကျုပ်တို့ဘဝမှာ ငွေထက် အရေးကြီးတာဘာမှ မရှိဘူး၊ ခင်းကိုလိုချင်လွန်းလို့ စောင့်နေရတဲ့ ရက်တွေက မနည်းဘူး၊ ခုမှပဲ အဆုံးသတ်တော့ တယ်"

"အေး… မင်းတို့ ယုတ်မာတာကို သိလို့ သမီးလေးကို



www.burmeseclassic.com

www.burmeseclassic.com



ခုလိုဘဝမျိုးထားခဲ့ရတာကွ၊ ဒါပေမယ့် မင်းတို့ထင်သလို ဖြစ်လာမယ်လို့ထင်နေလားရာဇာဦး"

"ဘာလို့မဖြစ်ရမှာလဲ၊ သူ့အဖေဆီကို ခေါ်သွားပေးတာပဲ ကျုပ်ကိုကျေးဇူးတောင်တင်ဦးမယ်"

"ဟားဟားဟား... စိတ်ကူးမယဉ်နဲ့တော့၊ သမီး အဖေနဲ့ ကျုပ်တွေ့ခဲ့ပြီးပြီ၊ သူ့ကို အကျိုးအကြောင်းအားလုံးပြော ပြလိုက်တယ်၊ ပေါက်ချူးဝမ်းရဲ့မယားငယ်ရဲ့သားဟာ ခင်များ တို့ကို ခိုးခဲ့တာကိုလည်း ပြောပြလိုက်တယ်"

"ဘာကွ"

ဦးရာဇာဦးတို့ကို ပေါက်ချူးဝမ်း၏မယားငယ်မှမွေးခဲ့သော သားနှင့် ရာဇာဦးတို့အကြားတွင် ပူးပေါင်းပြီး ထိုင်းဘက်မှာရှိသည့် ဥစ္စာအဖေ့တွေကို သိမ်းယူရန် ကြံစည်ခဲ့ခြင်းပင်ဖြစ်သည်။ ဒါကြောင့် တစ်ဖက်လှည့်နှင့် ပန်းမှုကြားနှယ်ကို ခေါ်ပေးသလိုလုပ်ပြီး အဝေးကိုပို့ကြမည်ဖြစ်သည်။

"မင်းသော်...မင်း...မင်း..."

"ရာဇာဦး...အချိန်မရှိဘူး...ဘာလုပ်မလဲ"

"ကြာတယ်၊ ဒီကောင်တွေပါ တစ်ခါတည်းရှင်းပြီးသွားမယ်၊ ဟိုရောက်မှ တစ်မျိုးကြံမယ်၊ စောမြာလှိုင်လည်း စောင့်နေလောက်ပြီ၊ ပေးစမ်းကွာ သေနတ် ငါကိုယ်တိုင် ရှင်းမယ်"





"ခိုင်း..."

"အား..."

"ဦးရာဇာဦး... ခင်ဗျားတို့အားလုံးမလှုပ်နဲ့နော်၊ မြို့ တစ်ခုလုံးကို ဝိုင်းထားပြီးပြီ"

"ဟင်..."

ဖင်မျိုးလတ်နှင့်ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာခဲ့ကြသည်။

"ခင်ဗျား ကျူးလွန်ခဲ့တဲ့ဖြစ်မှုတွေကို ခင်ဗျားသိရှိမှာ ပါ။ ခင်ဗျား ငြင်းချင်သေးလား ဦးရာဇာဦး"

"ကျုပ် ငြင်းစရာမရှိတော့ပါဘူး"

"ကဲ.. ဆရာကြင်သောင်း အားလုံးကို လက်ထိတ် ခတ် လိုက်ပါ"

ဦးရာဇာဦးနှင့်ဦးမင်းတို့ အပါအဝင် သူ့တပည့်များ ကို လက်ထိပ်ခတ်လိုက်သည်။

"ကျေးဇူးပဲ နှင်းရာ..."

"မလိုပါဘူးကွာ၊ မင်းတို့ အချိန်မီသာ ရောက်မလာရင် ပုံစံ တစ်မျိုးဖြစ်တော့မှာ"

"မင်းဆီက ဖုန်းရတာနဲ့ ငါတို့ချက်ချင်းစီစဉ်ရတာ"

"ဒေါ်စောမြာလှိုင်ကိုရော မမိဘူးလား"

"မမိသေးဘူး၊ လွတ်သွားတယ်၊ နိုင်ငံခြားသား တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို သတ်ပြီးထွက်ပြေးသွားတယ်"

"ဟင်.."

"တယ်..."

"ဟို..ထိုင်းလူမျိုးကိုလား ကိုဇင်မျိုးလတ်"

"ဟုတ်တယ်၊ ပြေးလို့မလွတ်ပါဘူး၊ ထိုင်းထဲကို ဝင်ပြီး ပြေးသွားတယ်၊ သတင်းရတာနည်းနည်းလေး နောက်ကျသွားတယ်၊ ကဲသွားမယ်.."

"အေး..ကျေးဇူးတင်တယ်..သူငယ်ချင်း"

အိမ်ကြီးထဲမှ အားလုံးထွက်သွားပြီးနောက် နဒီရိုင်းတို့သာ ကျန်ရစ်ခဲ့ကြတော့သည်။

"ငါ့သမီးလေးဘဝ စုမှုပဲလွတ်လပ်တဲ့ဘဝကိုရောက်တော့တယ်ကွာ...သမီး..."

"ရှင်...အန်ကယ်"

"စုရှိန်ကစပြီး ငါ့သမီးနေချင်သလို နေနိုင်ပါပြီ"

"ဟို...ဟို..အန်ကယ်"

"သမီး ဘာပြောချင်လဲ ပြောလေ"

ပန်းမုခြာနွယ် နဒီရိုင်းမျက်နှာကိုလှမ်းကြည့်ပြီး ပြောမယ်ကြံစဉ်..

"ဘာလဲ သမီးနဲ့ မောင်နဒီရိုင်း မေတ္တာရှုနေတာ ပြော





လို့မဟုတ်လား"

"ဟင်...အန်ကယ် သိနေတယ်"

"သိတာပေါ့ကွယ်၊ ငါ့သမီးတို့ကိုနောက်ကွယ်က နေ ကူညီနိုင်ဖို့အန်ကယ့်လူတွေကိုထပ်ပြီးလိုက်ခိုင်းခဲ့တယ်လေ၊ သူတို့ဆီက သိရတာပါ"

"အန်ကယ် သဘောတူလားဟင်"

"အန်ကယ် သဘောမတူလည်း သမီးက ရမှာမှ မဟုတ်တာ"

"အန်ကယ်သဘောတူစေချင်တယ်"

"တူပါတယ်ကွယ်၊ သမီးလေးပေါ်မှာ အသက်နဲ့ထပ်တူကာကွယ်ပေးပြီးချစ်တဲ့သူလောက် ဘယ်သူက ချစ်နိုင် မှာလဲ၊ အန်ကယ် စိတ်ချရဆုံးသူပါပဲ"

""ဒီ"ကြားတယ်နော်"

"ကြားပါတယ်ဗျာ"

"မင်းတို့(၂)ယောက်ကိစ္စပြီးသွားပြီလား"

"ဟုတ်ပါရဲ့ နန်းကိစ္စကျန်နေသေးတာပဲ၊ နန်းရော ဘယ်လိုလဲ"

"မမလေးသဘောတူရင် ပြီးပြီလေ"

"ငါက သဘောတူပြီးသားပါ"



www.burmeseclassic.com

www.burmeseclassic.com



အဖျော်ကလေးတွေက လွှင့်ပျံ့လျက်...

"ဒီတစ်ခါ မင်းတို့စရိုးထွက်ရဦးမယ်"

"ဘယ်ကိုလဲ အန်ကယ်"

"ထိုင်းဘက်ကို"

"ရှင်..."

"ဟင်..."

"သမီးလေးရဲ့ဖခင် ရောဂါက ရက်ပိုင်းပဲကျန်တော့ တယ်လို့သိပ်ပြီးတွေ့ချင်တဲ့ သမီးလေးကိုတွေ့ရအောင် သမီးကပဲ သွားပြီးတွေ့လိုက်ပါ။ ဟိုအရင်က သမီးလေးကို သူလက်ထဲပြန်ပြီး ရောက်သွားမှာကိုစိုးရိမ်ပြီးအန်ကယ်က တားမြစ်ခဲ့တာ၊ ခုတော့ ယုတ်မာကောက်ကျစ်တဲ့ ကောင်တွေလည်း ရှင်းသွားပြီ ဆိုတော့ သမီးလေးသွားတွေ့လို့ရပါပြီ"

"သမီးတစ်ယောက်တည်းလားဟင်"

"မောင်နဒီရှိုင်းတို့လည်း လိုက်မှာပေါ့ကွယ်"

"အန်ကယ်ရော..."

"အန်ကယ်က ရန်ကုန်က ကုမ္ပဏီကိစ္စအရေးပေါ်သွားရဦး မှာဆိုတော့ မလိုက်နိုင်တော့ဘူး။ သမီးတို့ကို လေဆိပ်တနေ့လာပြီးကြိုမှာပါ၊ အန်ကယ်...သမီးတို့ သွားဖို့ကိစ္စရေး ဟိုမှာ လာပြီးကြိုဖို့ အတွက် သွားပြီးစီစဉ်ဦးမယ်"

သစ္စာမှန်စေသော



"ဟုတ်ကဲ့ အန်ကယ်"

ဦးမင်းဓေသာ် ထွက်သွားပြီးနောက် ပန်းမှုကြာနွယ် နဒီရှိုင်းရင်ခွင်ထဲသို့ခေါင်းလေးတိုးဝင်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်သိမ်းအခန်း

ဘန်ကောက်လေဆိပ်တွင် နဒီရှိန်းတို့ကို လာကြို
ရိုသည့်ကားပေါ်သို့ တက်လိုက်ကြသည်။ ကားပေါ်တွင်
မြန်အမျိုးသမီးတစ်ဦးပါပါလာလေသည်။

"ကျွန်မ နာမည်က နော်ဟယ်နောင်းလို့ခေါ်ပါတယ်
ဦးဟောင်ချူးဝမ်ရဲ့အနီးကပ်လူယုံတစ်ဦးပါ"

"ဟုတ်ကဲ့"

"ခုဘယ်ကိုသွားမှာလဲ ဆေးရုံလား"

"အိမ်ကိုပဲ သွားမှာပါ၊ ဦးဟောင်ချူးဝမ်ကို ဆေးရုံ
လက်လျှော့လိုက်လို့အိမ်ကိုပဲ ပြန်ပြီးခေါ်ထားပါတယ်၊ အိမ်





ဥပဒေအရာရှိတွေနဲ့ ဦးဟောင်ချူးဝမ်ရဲ့ဆွေမျိုးတော် တွေလည်း
ရောက်နေကြပါတယ်"

"ဘာလုပ်ဖို့ရောက်နေတာလဲ"

"ဦးဟောင်ချူးဝမ်ပိုင်ဆိုင်တာကို ဥပဒေလမ်းကြောင်း
အရ ခွဲဝေပေးဖို့ပါ"

ယန်းမုဖြာနှယ်လိုအမွေတွေကိုမမက်မောရှာ။ သူ့ဘဝတွင်
တစ်ကြိမ်တစ်ခါမှ မတွေ့ဘူးသော ဖခင်ကိုတွေ့ဘူးချင်၍ သာ လိုက်
လာခဲ့ခြင်းဖြစ်သည်။

"ညီမတာ အရမ်းတော်တောင်းတယ်"

"ဘာလို့လဲ"

"ဦးဟောင်ချူးဝမ်ပိုင်ဆိုင်တဲ့ အမွေတွေရဲ့ထက်ဝက်
ကျော်ကို ပိုင်ဆိုင်ရမှာမို့ပါ"

"ကျွန်မအတွက် သိပ်ပြီးမက်မောစရာမရှိပါဘူး။ လိုလည်း
မလိုချင်ဘူး"

"အဲ...ညီမစိတ်ခက်နဲ့ညီမမောင်စိတ်တကကတော့ ကွာ
လှချည်လား"

"ကျွန်မ မောင်..."

"မောင်ကတော့ မမောင့်ပဲ မောင် နာတာကောင်းကို ပြောတာ၊
သူကတော့ အမွေတွေရဲ့ တစ်ပုံလောက်ရတာကို မကျေနပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဖြစ်နေတာ"

"သူလိုချင်ရင် အကုန်လုံးပေးခဲ့မယ်၊ ကျွန်မဘခ အတွက် မြန်မာပြည်မှာ ပြည့်ပြည့်စုံစုံရှိနေပြီးအားပဲ"

"မပေးနဲ့ ညီမ၊ နာတာကောင်းဆိုတဲ့ကောင်ဟာ မူးယစ်ဆေးစွဲပြီး ဘာမှအသုံးမကျတဲ့လူဖြစ်နေပြီ၊ သူ့ကို ပေး မယ့်အစား တစ်ခုခုကိုလှူဒါန်းလိုက်တာ အကျိုးရှိဦးမယ်"

"ရှူး..."

"ဟာ..."

နဒီရှိန်းတို့ကားကို နောက်မှ ကား(၁)စီးကျော်တက် ပြီး ရှေ့ကနေ ပိတ်ပြီးရပ်လိုက်သည်။ နောက်မှ ဆိုင်ကယ် (၂)စီးနှင့် လူ (၄)ယောက်ကပ်ပါလာသည်။ ရှေ့မှပိတ်ပြီး ရပ်သည့်ကားပေါ်မှ လူတစ်ယောက်ဆင်းလာပြီး ထိုင်းဘာသာစကားနှင့် ပြောလေသည်။

"ဘာပြောတာလဲမနော်"

"သူတို့ခေါ်ဆောင်တဲ့နောက်ကိုလိုက်ခဲ့ပါတဲ့"

နဒီရှိန်းလက်မောင်းကို ပန်းမှုခြာနွယ် ဆုပ်ကိုင်ထားလိုက် သည်။

သူတို့ကားပေါ်သို့ သေနတ်သမားတစ်ယောက်တက်လာ ပြီးကားကို သူတို့ခေါ်သွားမည့်နေရာသို့မောင်းနှင်နိုင်းလေ သည်။





ပန်းမှုခြာနွယ်အတွက် ပွဲကမသိမ်းသေးချေ။

ကားမောင်းဝင်လာသောနေရာကတော့ စက်ရုံပျက် ကြီးတစ်ခုထဲပင်။

"ကဲ...ဆင်းကြ"

ကားပေါ်မှ အားလုံးဆင်းနိုင်းစဉ် နဒီရှိန်းနှင့် ကျော်ဗိုလ် အခြေအနေကို အကဲခတ်ပြီး ရင်ဆိုင်ဖို့ပြင်ထားသည်။

"ဟားဟားဟား... ဒါ့ယောက်ျားကို ထောင်ထဲပို့တဲ့ နင်တို့ကို လူပြည်မှာအရှင်မထားဘူး"

ခေါ်စေပြောလိုင် ရယ်မောပြီးထွက်လာသည်။

"ခင်ဗျားအတွက် ဥပဒေတာလည်း ပြေးမလွတ်ပါဘူး"

"ငါ့ကို ဘယ်သူကမှိအောင်မမ်းနိုင်မှာလဲ၊ နာတာကောင်း၊ မင်းဘာလုပ်မှာလဲ၊ ရှင်းစရာရှိတာ ရှင်းလေ"

နာတာကောင်း ခါးကြားမှ သေနတ်ကိုထုတ်ပြီး ဘယ် သူ့ကိုအရင်သတ်ရမလဲဆိုတာ ရွေးပြီး ပန်းမှုခြာနွယ်ကို ချိန်လိုက်ရာ

"မနော်...သူ့ကိုပြောလိုက်၊ လိုချင်တာ အကုန်ပေးမယ်လို့"

"ကောင်းပြီ ညီမ"

မနော် ထိုင်းဘာသာစကားနှင့် နာတာကောင်းတို့ ရှင်း ပြလိုက်သည်။

မနော်စကားကြောင့် နာတာကောင်း ပန်းမှုခြာနွယ်ကို



www.burmeseclassic.com

www.burmeseclassic.com



နာလေးကိုသေချာစွာစိုက်ကြည့်နေသည်။

"မင်းသိစ်လိုချင်တာတွေကိုယူပါ၊ ငါဒီကိုလာတာ အမွေကိစ္စတွေအတွက် မဟုတ်ဘူး၊ ငါ့အစေမျက်နှာကို မြင်ဘူးချင်လို့လာခဲ့တာ"

မနော်က ထစ်ပြီးဘာသာပြန်ပေးလိုက်သောကြောင့် နာတာကောင်းလုံးဝတွေဝေသွားတော့သည်။

"နာတာတောင်း...မင်းဒီစကားတွေကိုမယုံနဲ့ သက် သတ်ညာနေတာ"

စောမြာလှိုင်စကားကို နာတောကောင်းနားမဝင်တော့ဘဲ သေနတ်ကို အောက်သို့ချစဉ်...

"မင်းမသတ်ရင် ငါက သတ်ရမှာပဲ၊ ပေးငါ့ကို သေနတ်"

နာတာကောင်းဆီက သေနတ်ကို အစောင်းဆင်ပြီလုချိန်တွင် နဒီရှိုင်းစပ်ဘွက်သွက်ပဲ ပြေးဝင်လိုက်ကာ ဒေါ်စောမြာလှိုင်ကို ရိုက်ချလိုက်လေသည်။

"မြောင်း...အင့်.."

"ခင်ဗျားအတွက် ကံဆိုးသွားပြီ ဒေါ်စောမြာလှိုင်"

"မော့...ဟိုကောင်တွေ ပစ်ကြစမ်း"

"ဒိုင်း...ဒိုင်း..."

"အား...အီး...အင့်"





သေနတ်သံတွေက ဆက်တိုက်ပေါ်ထွက်လာပြီး စတ်နှဲ ဝင်းထဲသို့ ထိုင်းရဲတပ်ဖွဲ့ဝင်များ ရောက်လာခဲ့ကြပြီး ပိုင်းထားလိုက်သည်။

"ဆောရီးဗျာ..ကျွန်တော်တို့နယ်ဘက်မှာရလိုဖမ်းဆီးခံရ တာကို တောင်းပန်ပါတယ်"

"ရပါတယ်"

"ကင်းလှည့်တပ်ဖွဲ့ကားက တွေ့သွားပြီး နောက်က လိုက်လာနိုင်တာပါ၊ ဒီအမျိုးသမီးကို မြန်မာနိုင်ငံဘက်က သတင်းပို့ထားတယ်၊ ခုတော့ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဖမ်းမိတော့တယ်၊ ခေါ်သွားကြမှာ"

အားလုံးကို လက်ထိတ်ခတ်ပြီးခေါ်ဆောင်ချိန်တွင် နန်းမှုဖြာနှယ်ရှေ့တွင် နာတာကောင်းဒူးထောက်ပြီး

"ကျွန်တော် တောင်းပန်ပါတယ်မမ၊ မမဆီက ကြားရတဲ့ စကားကြောင့် ကျွန်တော့်ရဲ့လာဘရမှုက်တွေရဲ့အမှားကို သိလိုက်ရပါတယ်"

မနော်မှ တစ်ဆင့်ပြောပေးပြီးနောက်

"မောင်လေးဘဝကို အကောင်းဆုံးပြုပြင်ပြီးနေထိုင်ပါ၊ ဒီမှာရှိတဲ့ ဥစ္စာပစ္စည်းနဲ့ စီးပွားရေးလုပ်ငန်းတွေကို မမ ထားခဲ့ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



နာတာကောင်းတို့ကို ခေါ်ဆောင်သွားစဉ် နဒီရှိင်း ဒေါ်စောမြလှိုင်နားသို့သွားပြီး

"ဥပဒေဆိုတာပြေးလို့လွတ်လည်းကောပါပဲဒေါ်စောမြလှိုင်"

နဒီရှိင်းစကားကို ဘာမှ မပြောနိုင်ဘဲ ခေါင်းငိုက် စိုက်မြှင့် ပါသွားလေသည်။

"ကဲ..ကျွန်မတို့သွားကြရအောင်"

ကားလေးပေါ်သို့ပြန်ပြီးတက်ရင်း

"ဒီ..."

"ဘာလဲအြာ"

"ဒီတစ်ခါတော့ အြာရဲ့ဇာတ်လမ်းက ပြီးဆုံးပြီးထင် တာပဲ နော်"

"မပြီးဆုံးသေးဘူး"

"ဘာကျန်သေးလို့လဲ"

"အြာချည်နှောင်ထားတဲ့ ကိုယ့်နှလုံးသားထဲက မော်ဝင် ကြီးလေးကို ဖြေပါဦး"

"တစ်သက်လုံးမဖြေတော့ဘူး ရှင်ရေ..."

*ဆက်လက်ကြိုးစားပါဦးမည်*

ရွှေဘဝင်



www.burmeseclassic.com